# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၇)


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၉၁)


# ပညာရေးဝန်ထမ်းများ စေတနာ၊ ဝါသနာ၊ အနစ်နာ စိတ်ဓာတ်စွမ်းအားအပြည့်ဖြင့် အခြေခံပညာကို ခိုင်မာ၍ လေးစားတန်ဖိုးထားထိုက်အောင် ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၁**

အခြေခံပညာသင်ဆရာ ဆရာမများအနေဖြင့် ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အနစ်နာဆိုသည်မှာ စေတနာနှင့် ဝါသနာအပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာမှန်ပါက အနစ်နာခံနိုင်သည့်စိတ်၊ အနစ်နာခံချင်သည့်စိတ်၊ အနစ်နာခံနိုင်သည့် စွမ်းအားများရှိလာမည်ဖြစ်ကြောင်း၊ အခြေခံပညာကို ခိုင်မာအောင်လုပ်ရန် အရေးကြီးကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အားကစားကျေးရွာ (Gold Camp, Gold Medal Hall)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိဘများသည် သားသမီးများကို အကောင်းဆုံးဖြစ်စေချင်သဖြင့် ကိုယ့်ထက်ပိုပြီးတတ်သော၊ ကိုယ့်ထက်ပိုပြီးကျွမ်းကျင်သောသူများလက်ထဲကိုထည့်၍ သားသမီးများအား ပြုစုပျိုးထောင်လိုသောစိတ်ဓာတ်ဖြင့် ကျောင်းသို့ပို့ခြင်းဖြစ်ကြောင်း၊ မိဘများက ကျောင်းများကိုအားကိုးပြီး လေးစားတန်ဖိုးထားကြကြောင်း၊ ကျောင်းများသည် အမှန်တကယ် အားကိုးထိုက်အောင်၊ လေးစားထိုက်အောင်၊ တန်ဖိုးထားထိုက်အောင်ရှိရဲ့လားဆိုသည်ကို ပညာရေးနှင့် ပတ်သက်ပါဝင်သည့် ပုဂ္ဂိုလ်များအားလုံး စဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း၊ ထို့ပြင် ကလေးများ ဘဝကို ရင်ဆိုင်နိုင်မည့် အခြေအနေကိုပေးနိုင်မည့် ခိုင်မာသော အုတ်မြစ်များ ချပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ရဲ့လားဆိုသည်ကိုလည်း စဉ်းစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## အစကောင်းမှ အနှောင်းသေချာမည် ဖြစ်သည့်အတွက် အစကောင်းအောင် လုပ်ပေးရသည့် မူလတန်းအဆင့် ဆရာ ဆရာမများနှင့် မူလတန်း ပညာသည် အရေးကြီးသည့် အတွက် အခြေခံ၏အခြေခံဟု ပြော၍ရ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)



**ရီယို ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲအတွက် လက်မှတ်တစ်သိန်း ရောင်းချပေးမည်**

စာမျက်နှာ-၁၀

**အီးယူဥက္ကဋ္ဌရာထူး ပြိုင်ဘက်မရှိ စွန့်လွှတ်ရေးအတွက် မေနှင့် မာကယ်တွေ့ဆုံ**

စာမျက်နှာ-၁၁


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သဟဇာတညီညွတ်မှုတခြင်းဖြင့်သာ

အထူးထူးအပြားပြားသော ဂီတသင်္ကေတများဖြင့် ရေးဖွဲ့သီကုံးထားသည့် တေးဂီတသီချင်းတစ်ပုဒ်ကို ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်ဟူသော ပဉ္စတူရိယာတို့ဖြင့် တစ်ပြိုင်တည်း တီးမှုတ်သီဆိုသောအခါ သာယာနာပျော်ဖွယ် သောတရသကို ခံစားရရှိစေသည်။ ဤသည်မှာ ကွဲပြားခြားနားမှုများကို သဟဇာတရှိစွာ ပေါင်းစပ်ခြင်းဖြင့် ရရှိအပ်သော အကျိုးတရားရလဒ်တစ်ခုဖြစ်သည်။

သဟဇာတဟူသော ပါဠိဝေါဟာရမှာ အတူတကွဖြစ်မှု၊ သင့်တင့်ညီညွတ်မှု၊ လိုက်ဖက်မှုဟူသော အနက်အဓိပ္ပာယ်များကို ဆောင်သည်။ မိမိ၏ဖြစ်တည်မှုသည် အခြားသူများ၏ဖြစ်တည်မှုထက် သာလွန်သည်ဟု ယူဆတွေးခေါ်ခြင်း၊ မိမိနှင့် အခြားကိုခွဲထုတ်၍ စဉ်းစားခြင်းဖြင့် သဟဇာတဖြစ်မှု၊ အတူတကွဖြစ်မှု၊ သင့်တင့်ညီညွတ်မှု၊ လိုက်ဖက်မှုတို့ ပျက်စီးသွားရသည်။ ဟာမနီ Harmony မဖြစ်သော သီချင်းတစ်ပုဒ်ဆိုလျှင်လည်း သာယာနာပျော်ဖွယ် သောတရသတို့ ပျက်ပြယ်ဆုံးရှုံးသွားရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိအပ်သော ပြည်ထောင်စုနိုင်ငံကြီးဖြစ်သည်။ ယင်းသို့သောအခြေအနေ၊ ယင်းသို့သောဖြစ်တည်မှုသည် ယနေ့၊ မနေ့ကမှ ဖြစ်တည်လာခြင်းမဟုတ်။ နှစ်ပေါင်းရာထောင်ချီ၍ ဖြစ်တည်လာခြင်းဖြစ်သည်။ တောင်ကုန်းတောင်တန်းများ၊ တောင်ကြားချိုင့်ဝှမ်းများ၊ မြစ်ဝှမ်းလွင်ပြင်များ၊ မြစ်ဝကျွန်းပေါ်များနှင့် ပင်လယ်ကမ်းရိုးတန်းများ စသည်ဖြင့် ကွဲပြားခြားနားသော ပထဝီဝင်ဒေသအသီးသီးတို့တွင် လူမျိုးအသီးသီးတို့သည် မိမိတို့ရိုးရာ ဘာသာဓလေ့အသီးသီးတို့ကို အမြတ်တနိုးကျင့်သုံးနေထိုင်ကြရင်း မြဲမြံခိုင်မာသော သံယောဇဉ်တရားဖြင့် အပြန်အလှန်စောင့်ရှောက်နေထိုင်လာခဲ့သည့် သမိုင်းအထင်အရှားလည်းရှိခဲ့ပြီး ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို ကျူးကျော်ထိပါးလာသည့် ရန်ဟူသမျှကို တစ်လုံးတစ်စည်းတည်းသော သွေးစည်းညီညွတ်မှုဖြင့် တွန်းလှန်ကာကွယ်ခဲ့ကြသကဲ့သို့ နယ်ချဲ့လက်အောက်မှလွတ်မြောက်ရေး ကြိုးပမ်းမှုများတွင်လည်း စည်းလုံးညီညွတ်ခဲ့ကြသည်။ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရင်း အသက်စွန့်သွားခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ ပါဝင်ခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် ကွဲပြားခြားနားမှုအတွင်းမှ သဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်သည့် မြန်မာဟူသော အနက်အဓိပ္ပာယ်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိလာပြီဖြစ်ရာ ၁၉၇၃ ခုနှစ်က ၂၉ ဒသမ ၂၁ သန်းသာရှိခဲ့သော မိမိတို့နိုင်ငံ၏ လူဦးရေသည် နှစ်ပေါင်း ၄၀ ကျော်ကာလတွင် နှစ်ဆခန့်နီးနီး တိုးတက်လာခြင်းဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာရေးယုံကြည်မှုအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရရှိသော ဒေသအနေအထားဖြင့်ဆိုပါက ဗုဒ္ဓဘာသာ ၈၇ ဒသမ ၉ ရာခိုင်နှုန်း၊ ခရစ်ယာန် ၆ ဒသမ ၂ ရာခိုင်နှုန်း၊ အစ္စလာမ် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဟိန္ဒူ ၀ ဒသမ ၅ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ အခြားဘာသာကိုးကွယ်သူ ၀ ဒသမ ၂ ရာခိုင်နှုန်း၊ မည်သည့်ဘာသာမှ မကိုးကွယ်သူ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း မိမိတို့သိရှိရပြီ ဖြစ်သည်။

အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း "ဝံသာနုရက္ခိတ တရား"နှင့် ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏"လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။

အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေသည်"ဟူသည့် မိန့်မှာချက်ကို လေးနက်စွာစဉ်းစားဆင်ခြင်၍ သဟဇာတညီညွတ်မှုတစွာ ပူးပေါင်းနေထိုင်ခြင်းသည်သာ ရာသက်ပန်အလှတရားဟု ဆိုချင်ပါကြောင်း။ ။




# တိုက်ကြီး-အင်းစိန်-တိုက်ကြီးအစုန်အဆန်အာရ်ဘီအီး ရထားတွဲဆိုင်းသစ် ယနေ့စတင်ပြေးဆွဲ

**တိုက်ကြီး ဇူလိုင် ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် တိုက်ကြီး-အင်းစိန်-တိုက်ကြီး အာရ်ဘီအီး ရထားတွဲဆိုင်းသစ် ဇူလိုင် ၂၁ ရက် ၆ နာရီက စတင်ပြေးဆွဲခဲ့သည်။

တိုက်ကြီး-အင်းစိန်ပြေးဆွဲမည့် အာရ်ဘီအီးရထားပေါ်သို့ တက်ရောက်ကြည့်ရှုကြရာ တိုင်းမန်နေဂျာ ဦးကျော်စိုးလင်းက ပြေးဆွဲမည့်အစီအစဉ်များ၊ အာရ်ဘီအီးရထားနှင့်ပတ်သက်သည့်ကိစ္စများ ရှင်းလင်းပြောကြားသည်။

အစုန်အဆန်ပြေးဆွဲမည့် အစီအစဉ်အရ တိုက်ကြီးမှထွက်ခွာမည့် အမှတ်(၆၆) အစုန်သည် တိုက်ကြီးဘူတာမှ နံနက် ၆ နာရီ ၄၅မိနစ်တွင် စတင်ထွက်ခွာပြီး အင်းစိန်ဘူတာသို့ နံနက် ၈နာရီ ၃၅ မိနစ်၌ ဆိုက်ရောက်မည်ဖြစ်ကာ အမှတ် (၆၅) အဆန် အာရ်ဘီအီးရထားသည် အင်းစိန်ဘူတာမှ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် ကြားဘူတာများဖြစ်သည့် ပိတောက်တန်း-ဖူးကြီး-လက်ပံတန်းစု-ဝါးနက်ချောင်း-မှော်ဘီ-လှော်ကား-တညင်းကုန်းဘူတာတို့၌လည်း အသွားအပြန်ရပ်တန့်ပေးမည်ဖြစ်သည်။ ခရီးစဉ်နှုန်းထားများမှာ အင်းစိန်-မှော်ဘီ ငွေကျပ် ၂၀၀၊ အင်းစိန်- တိုက်ကြီး ငွေကျပ် ၃၀၀ဖြစ်ပြီး ရန်ကုန်မှတိုက်ကြီး- မှော်ဘီသွားမည့် ခရီးသည်များ အင်းစိန်ဘူတာ၌ ချိတ်ဆက်လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

ထင်သာမြင်သာပြုပြင်စရာ

# အင်းတော်-ဗန်းမောက်သွား ပျက်စီးနေသောကားလမ်း ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နှင့် ဗန်းမောက်မြို့မှာ ၃၉ မိုင်ကွာဝေးပြီး အင်းတော်မှ တစ်မိုင်ခန့် အကွာရှိ အများပြည်သူအသုံးပြုသည့် လမ်းမှာ အပေါ်လွှာကတ္တရာ လုံးဝမရှိတော့ဘဲ မြေသားများသာ ရှိတော့သဖြင့် မိုးရာသီတွင် ရွှံ့ဗွက်၊ ချိုင့်ခွက်အနေအထားဖြစ်နေ၍ ခရီးသွားပြည်သူများ သွားလာရေးအခက်အခဲရှိနေကြောင်း သိရသည်။ တစ်ဖက်က ကမ်းပါးဖြစ်နေ၍မြေပြိုမှုများရှိနေကြောင်း သိရသည်။

"ဒီနေရာလေးက ဖြစ်နေတာ အတော်ကြာပြီ၊ အခုလို မိုးရွာလိုက်တော့ ပြည်သူတွေသွားရေးလာရေး အခက်ကြုံတွေ့ရပါတယ်"ဟု ဗန်းမောက်မြို့နယ် ခရီးသွားပြည်သူတစ်ဦးက ပြောပြသည်။

သို့ဖြစ်၍ အင်းတော်-ဗန်းမောက် သွားကားလမ်း၏ အင်းရွာကျေးရွာအနီးရှိ



ပျက်စီးနေသောလမ်းအား ခရီးသွားများ အဆင်ပြေချောမွေ့စွာသွားနိုင်ရေးအတွက် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန်မြို့နေပြည်သူများက လိုလားလျက် ရှိနေကြသည်။

**လူအောင်(ကသာ)**

# လွှတ်တော်စာကြည့်တိုက်သို့ စိုက်ပျိုးရေးနည်းပညာပေး စာစောင်များ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၁**

ကရင်ပြည်နယ် လွှတ်တော်စာကြည့်တိုက်အတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင်ထွန်းနှင့်ဇနီး ဒေါက်တာဌေးဌေးစိုးမိသားစုက စာအုပ်စာစောင်များကို ဇူလိုင် ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် စိုက်ပျိုးနည်းပညာစာအုပ် ၆၈ အုပ်နှင့် လယ်ယာစီးပွားသတင်း ဂျာနယ်စာစောင် ၇၀ တို့ကို လယ်ယာစီးပွားသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်စိုး(လှိုင်)က အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၁-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၀.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၉.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၇ |
| တရုတ် | တစ်ယွမ် | ၁၇၆.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရန်ကုန်တက္ကသိုလ်အဆင့်မြင့်တင်ရေး ရေးနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ Pro-Vice-Chancellor Professor Nick Rawlins တို့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပညာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး၊ ရေးနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရေး၊ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်ရေးနှင့် အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်မှုသင်တန်းများပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အစိုးရသစ်တစ်ရပ်အနေဖြင့် လက်ဆင့်ကမ်းသယ်ဆောင်သင့်သည့် ရိုးရာအနုသုခုမပညာများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးတာဝန်ကို အမျိုးသားရေးအတွက်ရှေးရှုကာ ဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဇူလိုင် ၂၁

**ယခုနှစ်တွင်ကျင်းပမည့် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သည့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတိုင်း ပြိုင်ပွဲအဆင့်များ၊ ပြိုင်ပွဲဘာသာရပ်များအတိုင်း ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားရှိပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားသည်။**



ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသော ၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက မည်သည့်ခေတ်၊ မည်သည့်ကာလတွင် မည်သည့် အစိုးရတစ်ရပ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ဖြစ်စေ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို အခြေခံသည့် အမျိုးသားရေးနှင့် သက်ဆိုင်သောကိစ္စတစ်ရပ်ကို လက်ဆင့်ကမ်းသယ်ဆောင်ခြင်းသည် မိမိတို့နိုင်ငံ၏ မြင့်မြတ်သည့် နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်ခြင်းဟု ခံယူပါကြောင်း၊ ထို့ကြောင့်လည်း (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဒေါ်နန္ဒာမွန်းက ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဦးတည်ချက်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်စီစဉ် ဆောင်ရွက်သွားမည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံးက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်ချက်ဆိုင်ရာများ၊ ဖြည့်စွက်လုပ်ဆောင်သွားရန် လိုအပ်သည့် အချက်အလက်ဆိုင်ရာများအပေါ် ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

**(သတင်းစဉ်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC Media Action တို့ ပူးပေါင်း၍ အစီအစဉ်များထုတ်လုပ်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် BBC Media Action ၏ Country Director Mr. Ed Pauker တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် BBC Media Action တို့ ပူးပေါင်း၍ အစီအစဉ်များထုတ်လုပ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုမီဒီယာ အသွင်ကူးပြောင်းရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ပြည်သူအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် အစီအစဉ်များ တိုးမြှင့်ထုတ်လွှင့်နိုင်ရေး၊ Issue-Based Reporting နှင့် Analytical Reporting Program များ ထုတ်လုပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်

**သာယာဝတီ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ထိန်တောအုပ်စု ကျွန်းကြီးရွာသစ် အခြေခံပညာမူလတန်းလွန်ကျောင်းကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသည်။

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းကိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းအောင်က ပညာရေးစနစ်ပြုပြင်ပြောင်းလဲလာသည့် အခြေအနေများကို သဘောပေါက်နားလည်ကြစေရေးကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးက အလယ်တန်းကျောင်း(ခွဲ)ဖြစ်မြောက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ပြောကြားပြီး ရန်ကုန်မြို့နေ ကိုတင့်ခိုင်က ကျောင်းအတွက် အသုံးပြုရန် ကွန်ပျူတာတစ်လုံးကို ကျောင်းအုပ် ဆရာမကြီးထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဇ္ဇ)**

# စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ပူးပေါင်း၍ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာစာချုပ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၁ နှင့် ၂၂ ရက်တို့တွင် နေပြည်တော်၌ ကျင်းပလျက်ရှိရာ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အကြီးတန်းလူ့အခွင့်အရေးအရာရှိ မစ္စတာ အန်ဒရူးမက်ဂရီဂါတို့က အမှာစကားများ ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏အရှေ့တောင်အာရှဒေသဆိုင်ရာရုံးခွဲ၊ ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ စာချုပ်နှင့်သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ ကနဦးအဆိုပြု၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး၏ ပံ့ပိုးမှုဖြင့် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့အကြား အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းနှင့် ဧဝန် မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ တစ်ပေခွဲခန့်၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့်၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကနီမြို့၌ နှစ်လက်မခန့်၊ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဧဝန်မြစ်တစ်လျှောက်၊ မော်လိုက်နှင့် ကနီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**




**ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

✱ *ရှေ့ဖုံးမှ*

ဆက်လက်၍ မူလတန်းပညာကို လွန်စွာအလေးထားပါကြောင်း၊ မူလတန်းသင်ရသည့်အလုပ်သည် အခက်ခဲဆုံးနှင့် အရေးအပါဆုံးဆိုသည်ကို လက်ခံထား၍ ဖြစ်ပါကြောင်း၊ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သည့်အတွက် အစကောင်းအောင် လုပ်ပေးရသည့် မူလတန်းအဆင့် ဆရာ ဆရာမများနှင့် မူလတန်းပညာသည် အရေးကြီးသည့်အတွက် အခြေခံ၏အခြေခံဟု ပြော၍ရပါကြောင်း၊ သင်ကြားရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအနေဖြင့် မိမိလုပ်ငန်းကို မွန်မြတ်သည့်လုပ်ငန်း၊ နောင်မျိုးဆက်များကို ပြုစုပျိုးထောင်ပေးနေသည့် လုပ်ငန်းဆိုသည့် ယုံကြည်မှုအပေါ် အခြေခံပြီးမှသာလျှင် စေတနာနှင့် သင်ကြားပေးနိုင်မည် ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် ဝါသနာဆိုသည်မှာလည်း အတိုင်းအတာတစ်ခုအထိ အရေးကြီးကြောင်း၊ ကလေးတစ်ယောက်အား ဘာသာစကားတစ်ခု သင်ပေးမည်ဆိုပါက ပထမအလိုအပ်ဆုံးကိစ္စသည် အဆိုပါ ကလေးအကြောင်း သိရန်အရေးကြီးသကဲ့သို့ သင်ပေးသည့် ဘာသာရပ်အကြောင်းကိုလည်း သိဖို့ အရေးကြီးပါကြောင်း၊ မိမိသင်သည့် ကလေးအကြောင်းသိမှသာလျှင် ဘာသာရပ်ကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် သင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို သိဖို့လည်း အရေးကြီးပါကြောင်း၊ မိမိသင်နေသည့် တပည့်များအကြောင်း သိရုံသာမက ကိုယ့်အကြောင်းကိုသိပြီး မိမိကိုယ်ကိုလည်း တစ်ချိန်လုံးပြုပြင်လိုသည့် စိတ်ရှိရမည်ဖြစ်ကြောင်း၊ ကျောင်းမှ ပြဋ္ဌာန်းသည့်စာအုပ်များကိုသာ သိရုံ၊ လေ့လာထားရုံနှင့် မလုံလောက်ဘဲ မိမိ၏ ဗဟုသုတအမြင် ကြွယ်ဝကျယ်ပြန့်မှုသာ မိမိတပည့်များ၏ ဗဟုသုတအမြင်ကြွယ်ဝအောင် လုပ်ပေးနိုင်မည်ဖြစ်ပြီး စာသင်ချင်အောင် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စေတနာနှင့် ဝါသနာရှိပါက အနစ်နာခံခြင်းဆိုသည်မှာ အလိုလို ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင် မိမိ၏အလုပ်ကို ကျေနပ်မှုအပြည့်ရှိပြီဆိုပါက အခြေခံပညာရေးစနစ်သည် စေတနာ၊ ဝါသနာ၊ အနစ်နာအပေါ် အခြေခံသည့်စနစ်ဖြစ်ပြီး မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ကျေနပ်နိုင်မည့် ကျေးဇူးတရားနှင့် ဂုဏ်ယူနိုင်၊ လေ့လာနိုင်မည့် ပညာရေးစနစ် ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၅၄၆၁ ကျောင်း၊ ဆရာ ဆရာမများ အပါအဝင် ပညာရေး ဝန်ထမ်းပေါင်း ၄၃၁၄၄၄ ဦးနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၉ ဒသမ ၂ သန်းခန့် ပညာသင်ယူလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပညာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားပြီး ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပရာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်သန်းမြင့်က "သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းဆိုင်ရာ လေ့လာသုံးသပ်ချက်" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒေါ်ခင်မာဆွေက "ဆရာများ၊ ကျောင်းအုပ်များ၊ ကျောင်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်နည်းလမ်းများနှင့် အညွှန်းကိန်းများဆိုင်ရာ လေ့လာသုံးသပ်ချက်"စာတမ်းကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးဝင်းက "အခြေခံပညာ ဆရာ ဆရာမများခန့်ထားရေးဆိုင်ရာ သုံးသပ်လေ့လာတင်ပြချက်" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဖတ်ကြားတင်ပြကြသည့် စာတမ်းများကို အဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေး အကြံပြုကြပြီး ပြန်လည်တင်ပြ၍ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲရက်များတွင် စာတမ်းရှင်အသီးသီးက စာတမ်းများဖတ်ကြားတင်ပြကြပြီး တင်ပြသည့်စာတမ်းများအပေါ် အဖွဲ့ငယ်အလိုက်ဆွေးနွေးအကြံပြုခြင်း၊ စုစည်းခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လေဆိပ်အတွင်း ပိုင်ရှင်မဲ့ပစ္စည်းများတွေ့ရှိက မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ခရီးသွားပြည်သူများ မေ့ကျန်ခဲ့သော ပိုင်ရှင်မဲ့ပစ္စည်းများ တွေ့ရှိပါက လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)၊ ပြည်တွင်း ပြည်ပ တာဝန်မှူးရုံးခန်းများတွင် စနစ်တကျအပ်နှံထိန်းသိမ်းထားပြီး မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်လေဆိပ်အဆောက်အအုံအတွင်း လေဆိပ်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပိုင်ရှင်မဲ့တွေ့ရှိရ၍ လာရောက်အပ်နှံသောပစ္စည်းများအား စနစ်တကျလက်ခံကာ ပိုင်ရှင်ထံပြန်လည်အပ်နှံနိုင်ရေးအတွက် လူမှုဆက်သွယ်ရေးမီဒီယာဖြစ်သော ဖေ့စ်ဘုတ်အကောင့် (Aviation Police-YGN)တွင် ထည့်သွင်းကြေညာခြင်း၊ လေကြောင်းလိုင်းများမှတစ်ဆင့် အကြောင်းကြားအပ်နှံခြင်းများကို လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)က ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ပစ္စည်းအပ်နှံမှုဖြစ်စဉ် ၃၄ ခုတွင် ပိုင်ရှင်ထံပြန်လည်အပ်နှံနိုင်မှု ၂၈ ခု ရှိပြီး ခန့်မှန်းခြေတန်ဖိုး ငွေကျပ် ၆၄ သိန်း ၇ သောင်းခန့် ပြန်လည်အပ်နှံနိုင်ခဲ့ကြောင်း သိရသည်။



**ဇူလိုင် ၉ ရက် ည ၁၁ နာရီခွဲတွင် ပြည်ပထွက်ခွာ ဂိတ်အမှတ် (၁/၂)အနီး ပိုင်ရှင်မဲ့တွေ့ရ သော သားရေပိုက်ဆံအိတ်တစ်လုံးကို ကိုရီးယားနိုင်ငံသား** Mr.Park Yeon Seok **ထံပြန်လည်ပေးအပ်စဉ်**

ရန်ကုန်လေဆိပ်တွင် မေ့ကျန်ပစ္စည်းများနှင့် ပတ်သက်၍ "လေဆိပ်ထဲမှာ မေ့ကျန်ပစ္စည်းတွေဆိုရင် နီးစပ်ရာ တာဝန်မှူးရုံးခန်းကို အပ်နှံရပါတယ်။ လာရောက်အပ်နှံတဲ့အခါမှာလည်း အဖွဲ့စုံပေါ့။ ကုမ္ပဏီဝန်ထမ်းတွေ၊ အခြားအဖွဲ့အစည်းတွေပါတယ်။ အဲဒီအဖွဲ့စုံနဲ့ ကျွန်တော်တို့ ဒီပစ္စည်းတွေကို ဖွင့်ဖောက်လိုက်တယ်။ ဖွင့်ဖောက်ပြီးတဲ့အခါ မှတ်တမ်းတင်ပါတယ်။ ပိုက်ဆံက ဘာပိုက်ဆံတွေပါတယ်၊ ဘာပစ္စည်းပါတယ်ဆိုတာတွေ မှတ်တမ်းရေးသွင်းပြီးတော့ သက်ဆိုင်ရာပြည်တွင်း ပြည်ပတာဝန်မှူးရုံးခန်းတွေမှာ သုံးလသိမ်းဆည်းပေးပါတယ်။ ဒီအတောအတွင်း ပိုင်ရှင်က လာပြီး အထောက်အထားခိုင်လုံစွာ ပြောနိုင်တယ်ဆိုရင် အားလုံးအဖွဲ့စုံရှေ့မှာပဲ ပြန်ပေးပါတယ်။ တန်ဖိုးနည်းပစ္စည်းဖြစ်လို့ ပိုင်ရှင်က လာမယူတာတို့၊ ပြည်ပကိုထွက်သွားလို့ ပြန်လာမယူနိုင်တော့တဲ့ အခြေအနေတွေဆိုရင် လေကြောင်းရဲတပ်ဖွဲ့ပြည်တွင်းပြည်ပတာဝန်မှူးရုံးခန်းမှာ သုံးလသိမ်းဆည်းထားပေးပြီးရင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို စာရင်းနဲ့တကွအပ်ပါတယ်။ သူတို့ကလည်း အချိန်ကာလတစ်ခုအထိစောင့်ပြီးတော့ အစားအသောက်တွေ၊ သိုးပုပ်တဲ့ကုန်တွေဆိုရင် မီးရှို့ဖျက်ဆီးပါတယ်။ အဝတ်အစားတို့ သုံးလို့ရမယ့် ပစ္စည်းတွေဆိုရင် ရေဘေးစတဲ့အလှူတစ်ခုခုမှာ ပြန်ပြီးလှူပေးပါတယ်"ဟု လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်ဖြင့် ခရီးသွားပြည်သူများ အများဆုံးမေ့ကျန်ပစ္စည်းများမှာ ဖုန်း၊ လက်ကိုင်အိတ်၊ အဝတ်အထည်အိတ်များနှင့် အစားအသောက်အိတ်များဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်ဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ၈ နာရီ အထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှမွန်းလွဲ ၂ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၅ နာရီ အထိ စကောကရင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ၆ နာရီအထိ အနောက် ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၂၄ လက်မ ၊ခရမ်းမြို့တွင် ၂ ဒသမ ဝ၄ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ဝ၁ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ပြည်မြို့နှင့်ပဲခူးမြို့တို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃၄)အား စီရင်ချက် (အမိန့်) ချမှတ်



ရခိုင်ပြည်နယ် အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးခင်မောင်ဌေးအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက်တွင် ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးတင်အောင်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ကြောင်းနှင့် လျှောက်ထားခံရသူ ဦးခင်မောင်ဌေးအား တရားစရိတ် နှစ်သိန်းကျပ်ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။
**(သတင်းစဉ်)**

**နေပြည်တော် ဇူလိုင် ၂၁**
ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ရခိုင်အမျိုးသားပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးခင်မောင်ဌေးအပေါ် အမ်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်အောင်က လျှောက်ထားခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသည် ဆန္ဒမဲအများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၈၇၊ ၈၈ တို့အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၃၄/၂၀၁၅) ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လက်ခံကြားနာခဲ့သည်။

အဆိုပါအမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ဆက်လက်စစ်ဆေးကြားနာပြီးနောက်

# မြန်မာ့မီဒီယာကို အားကောင်းပြီး လွတ်လပ်တဲ့မီဒီယာဖြစ်ဖို့ သတင်းသမားတွေအရည်အချင်းပြည့်ရန်လိုအပ်



**ရန်ကုန် ဇူလိုင် ၂၁**
မြန်မာသတင်းပညာသိပ္ပံ၏ အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာ ဒီပလိုမာသင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာသတင်းပညာသိပ္ပံအမှုဆောင် ညွှန်ကြားရေးမှူးချုပ် ဦးသီဟစောနှင့် သတင်းစာပညာ အတွေ့အကြုံနှစ်ပေါင်း ၅၀ ကျော်အတွေ့အကြုံရှိ စာနယ်ဇင်းကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ)တို့က မြန်မာ့မီဒီယာ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာသတင်းပညာသိပ္ပံသို့ အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာ ဒီပလိုမာသင်တန်း တက်ရောက်ခဲ့သော သင်တန်းသားများက ၎င်းတို့ပြုလုပ်ရေးသားထားသည့် သတင်းများ၊ ရေဒီယိုအသံလွှင့် အစီအစဉ်များနှင့် ရုပ်သံသတင်းများအား တက်ရောက်လာကြသူများထံ ပြသခဲ့ပြီး သတင်းရယူစဉ် အတွေ့အကြုံနှင့် အခက်အခဲများကို ပြောကြား ခဲ့ကြသည်။

အဆိုပါဒီပလိုမာသင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲတွင် မြန်မာသတင်းပညာသိပ္ပံ ဖြစ်မြောက်ရေးအတွက် အကူအညီပေးခဲ့ကြသည့် DWA၊ CFI၊ IMS နှင့် FOJO၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Ludwig-Christian Weber-Lortsh၊ မြန်မာသတင်းပညာသိပ္ပံ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်နှင့် မြန်မာသတင်းပညာသိပ္ပံ၏ သင်တန်းညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က အမှာစကား အသီးသီး ပြောကြားကြသည်။

မြန်မာသတင်းပညာသိပ္ပံ၏ ပထမဆုံး အချိန်ပြည့်သင်တန်းအဖြစ် ၂၀၁၅ ဩဂုတ်လတွင်ဖွင့်လှစ်ခဲ့သည့် အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာ ဒီပလိုမာသင်တန်း၌ သင်တန်းသား ၁၉ ဦး သတင်းစာပညာ ဒီပလိုမာရရှိခဲ့ပြီး သင်တန်းသား ၁၈ ဦးအား ဒီပလိုမာလက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။

မြန်မာသတင်းပညာသိပ္ပံ (MJI) ကို ၂၀၁၄ ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ပြီး MJI သည် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ပြင်သစ်နိုင်ငံ Canal France International၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံပညာယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO)၊ Forever Group၊ ဂျာမနီနိုင်ငံမှ DW Akademie၊ ဆွီဒင်နိုင်ငံမှ Fojo Media Institute၊ ဒိန်းမတ်နိုင်ငံမှ International Media Support၊ ပြည်တွင်းသတင်းအဖွဲ့အစည်းများ မီဒီယာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားအပြီးတွင် မြန်မာသတင်းပညာသိပ္ပံ အမှုဆောင် ညွှန်ကြားရေးမှူးချုပ် ဦးသီဟစော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်နှင့် မြန်မာသတင်းပညာသိပ္ပံ၏ အချိန်ပြည့် မာလ်တီမီဒီယာသတင်းပညာ ဒီပလိုမာသင်တန်းမှ ဒီပလိုမာလက်မှတ်ရရှိသူ တွမ်ပီး တို့အား မြန်မာ့သတင်းစဉ်မှ မေးမြန်းခဲ့သည်။

**ဦးသီဟစော**
**မြန်မာသတင်းပညာသိပ္ပံအမှုဆောင် ညွှန်ကြားရေးမှူးချုပ်**

သတင်းသိပ္ပံသင်တန်းကျောင်းအတွက် မြန်မာ့မီဒီယာလောကကလူတွေ လွန်ခဲ့တဲ့ ၁၀ နှစ်လောက် ကတည်းက စိတ်ကူးယဉ်ခဲ့ပေမယ့် ၂၀၁၃ လောက်မှာ မီဒီယာလောကသားတွေ တိုင်ပင်တယ်။ ဒီပလိုမာပေးတဲ့ သင်တန်းမရှိသေးဘူး။ မီဒီယာလောကအသင်းအဖွဲ့အသီးသီးက လူ ၃၉ ယောက်နဲ့ တိုင်ပင်တယ်။ မီဒီယာလောက ဝါရင့်တွေကို ဆရာဖြစ်သင်တန်းခြောက်လသင်တန်းပေးတယ်။ သူတို့နဲ့အတူတူ သင်တန်းသားတွေကို နိုင်ငံတကာက ဆရာတွေ၊ ပြင်သစ်၊ ဂျာမန်နဲ့ အခြားဆရာတွေကပါ သင်ပေးတယ်။ ဒီတော့ ကျောင်းသားတွေက ပြည်တွင်းရော ပြည်ပရော နှစ်ခုစလုံးရတယ်။ ကိုယ်တို့ရဲ့ မြန်မာ့မီဒီယာကို အားကောင်းပြီး လွတ်လပ်တဲ့မီဒီယာ ဖြစ်စေချင်တယ်။ အဲ့ဒီလိုဖြစ်ဖို့ဆိုရင် သတင်းသမားတွေ အရည်အချင်းပြည့်ဝဖို့လိုတယ်။ ပရော်ဖက်ရှင်နယ်ပီသဖို့လိုတယ်။ အဲ့ဒါမျိုးတွေ မွေးထုတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာ။ အဓိက စိန်ခေါ်ချက်ကတော့ ဒီသင်တန်းဖြစ်ဖို့ ပြည်တွင်းကမီဒီယာအဖွဲ့အစည်းတွေနဲ့ မီဒီယာပူးပေါင်းထားတယ်။ နိုင်ငံတကာရဲ့ ကူညီပံ့ပိုးမှုက အမြဲမရှိနိုင်တော့ ပြည်တွင်းကလူတွေရဲ့ ပံ့ပိုးမှုနဲ့အကူအညီလိုတယ်။ MJI က မြန်မာနိုင်ငံရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ သတင်းမီဒီယာသမားများ စုစည်းဖွင့်လှစ်ထားတဲ့ ကျောင်းတစ်ကျောင်းပါ။

**ဦးအောင်ရှင်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ**

“သတင်းစာပညာဆိုတာ ကျွန်တော်တို့ကိုယ်တိုင် အခုထက်ထိ လေ့လာလို့မဆုံးသေးဘူး။ လုပ်ငန်းလုပ်ကိုင်ရင်းမှကိုယ့်ရဲ့ဝမ်းစာ ပြည့်ဝအောင်လုပ်ဖို့ အရေးကြီးပါတယ်။ သတင်းစာလွတ်လပ်ခွင့်အတွက် အလားအလာကောင်းပါတယ်။ သတင်းလွတ်လပ်ခွင့်အတွက် ဆွေးနွေးပွဲတွေအများကြီးလုပ်ခဲ့ပြီးပြီ။ လုပ်ခဲ့တဲ့ အခါမှာ ရှေ့အလားအလာကောင်းတဲ့ အရာတွေကို တော်တော်လေးချမှတ်နိုင်ခဲ့တယ်။ ပြည်သူသဘောကျမယ့် သတင်းသမားတွေ လက်ခံနိုင်တဲ့အရာတွေအတွက် အချို့ပြင်ရမယ့် မီဒီယာဥပဒေတွေ ရှိသေးတယ်”ဟု ပြောသည်။

**တွမ်ပီး**
**မြန်မာသတင်းပညာသိပ္ပံ ဒီပလိုမာသင်တန်းဆင်း**

ချင်းပြည်နယ် တီးတိန်မြို့ကပါ။ ဒီသင်တန်းကို ဘယ်လိုလျှောက်ဖြစ်လဲဆိုတော့ မနှစ်ကပေါ့ သူငယ်ချင်းတစ်ယောက် ကျွန်တော့်ကို Facebook ကနေ့ မက်စ်ဆေ့ပို့ပေးတယ်။ သတင်းအလုပ်လုပ်ချင်ရင် MJI မှာ တက်လို့ရတယ်ဆို ပြီးတော့ပေါ့။ Community Development နဲ့ ပတ်သက် ပြီး နိုင်ငံခြားမှာ သင်တန်းတက်ဖူးတယ်။ အဲ့ဒီမှာ ဘာသွားတွေ့လဲဆိုတော့ ဒေသတစ်ခုအတွက် ဖွံ့ဖြိုးရေးတစ်ခုခုလုပ်မယ်ဆိုရင် မီဒီယာအခန်းကဏ္ဍက အရေးကြီးတယ်ဆိုတော့ ဒါကို လျှောက်ဖြစ်တာပါ။ အခုလောလောဆယ် ပြည်တွင်းမီဒီယာတွေမှာ ကျွန်တော် အတွေ့အကြုံအတွက် အလုပ်လုပ်ချင်တယ်။ မဇ္ဈိမနဲ့ မြန်မာတိုင်းမ်မှာ လျှောက်ထားတယ်။ ကျွန်တော် အခုလက်ရှိတော့ တိုင်းရင်းသားမီဒီယာ မဂ္ဂဇင်းတစ်ခုမှာ အယ်ဒီတာ လုပ်နေပါတယ်။ မီဒီယာကျင့်ဝတ်ပိုင်းနဲ့ ဥပဒေ ပိုင်းဆိုင်ရာတွေ သင်ပေးတယ်။ သတင်းစာပညာတင်မဟုတ်ဘဲ ရေဒီယိုသတင်းအတတ်ပညာနဲ့ ရုပ်သံသတင်းအတတ်ပညာတွေပါ သင်ပေးပါတယ်။ မာလ်တီပါပဲ။



ဦးသီဟစော



ဦးအောင်ရှင်



တွမ်ပီး

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# တန်ဖိုးနည်းတိုက်ခန်းများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချပေးသွားမည်

**မန္တလေး ဇူလိုင် ၂၁**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ နိုင်ငံအနှံ့အပြားတွင်တန်ဖိုးနည်းတိုက်ခန်းများဆောက်လုပ်၍ သတ်မှတ်စည်းကမ်းချက်များအတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီစည်းကမ်းချက်တွေကကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ထုတ်ပြန်ထားတဲ့စည်းကမ်းချက်တွေဖြစ်ပါတယ်။ တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာတော့ သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့မူဝါဒတွေနဲ့ပဲ ညှိနှိုင်းဆောင်ရွက်ပြီးရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ အခုလဲ မြရည်နန္ဒာရပ်ကွက်မှာရှိတဲ့တန်ဖိုးမျှတအိမ်ရာအလုံး ၅၆၀ကို တိုင်းဒေသကြီးအစိုးရရဲ့ မူဝါဒချမှတ်ပြီးရင် ရောင်းချပေးတော့မှာ ဖြစ်ပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးကပြောကြားသည်။

တန်ဖိုးနည်းတိုက်ခန်းများအား နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်စားများ၊ ကုမ္ပဏီဝန်ထမ်းစသည်ဖြင့် ဦးစားပေးစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လုပ်သက်အနည်းဆုံး ငါးနှစ်ရှိရန် လိုအပ်ပြီး သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်များနှင့်အတူ ဝန်ထမ်းကတ်မိတ္တူ ပူးတွဲတင်ပြရမည်ဖြစ်သည်။ ပင်စင်စားများဖြစ်ပါက ပင်စင်စာအုပ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့ဖြင့်လျှောက်ထားရန်နှင့် ကုမ္ပဏီဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာကုမ္ပဏီအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်ဖြစ်သည်။

ထို့အပြင် တန်ဖိုးနည်းတိုက်ခန်း ဝယ်ယူရန်အတွက် လျှောက်ထားသူ၏ မိသားစုပျမ်းမျှလစဉ်ဝင်ငွေ စုစုပေါင်းမှာ အနည်းဆုံးငွေကျပ်လေးသိန်းမှ ငါးသိန်းအထိ ဝင်ငွေရှိရမည်ဖြစ်ပြီး တိုက်ခန်းအား အရစ်ကျလေးလ လေးရစ်ဖြင့်အကျေပေးချေသောစနစ် သို့မဟုတ် ဘဏ်ချေးငွေစနစ်များဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

အရစ်ကျစနစ်ဖြင့် ဝယ်ယူမည့်သူများအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ်ချေးငွေစနစ်ဖြင့်ဝယ်ယူပါက တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား တစ်ကြိမ်တည်းအကျေပေးချေခြင်း (သို့မဟုတ်) တစ်နှစ်အတွင်း အရစ်ကျပေးသွင်းခြင်းဖြင့် ပထမဦးစွာဆောင်ရွက်၍ ကျန် ၇၀ ရာခိုင်နှုန်းကို ဘဏ်ချေးငွေဖြင့် ရှစ်နှစ်အတွင်း လစဉ်အရစ်ကျ အကျေပေးသွင်းရန် အတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းစသည့် စည်းကမ်းချက် ၁၄ ချက်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရက်နှင့်မူးယစ်ဆေးစွဲမှု ကာကွယ်ကုသရေးဆိုင်ရာဒသသန

## ပါမောက္ခ ဒေါက်တာခင်မောင်ကြီး (စိတ်ကျန်းမာ / မူးယစ်)

**ဆေးဝါး(Drug)**

“ဆေးဝါး”ဆိုသည်မှာ ဆေးဝါးဗေဒဘာသာရပ် အဓိပ္ပာယ်ဖော်ပြချက်အရ ဓာတုဗေဒပစ္စည်းတစ်မျိုးဖြစ်ကာ ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားပါက သွေးသားတွင် ဇီဝဓာတု (သို့မဟုတ်) ဇီဝကမ္မဖြစ်စဉ်ပြောင်းလဲမှုဖြစ်ပွားစေသောပစ္စည်းကို ခေါ်သည်။

ဆေးပညာရပ်တွင်မူ ရောဂါတစ်မျိုးမျိုးကို ကာကွယ်နိုင်သော သို့မဟုတ် ပျောက်ကင်းနိုင်စွမ်းသော ဓာတုပစ္စည်း သို့မဟုတ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းစေနိုင်သော ဓာတုပစ္စည်းမျိုးကို ဆိုလိုသည်။

ယင်းသို့အာနိသင်ရှိသော ဆေးဝါးအမျိုးမျိုးတွင် လူတို့အတွက် အကျိုးရှိနိုင်သော ဆေးဝါးများပါဝင်သလို လူတို့အကျိုးပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ဆေးများလည်း ပါဝင်ပါသည်။ ယင်းသို့များပြားလှသည့် ဆေးများတွင် အချို့သောဆေးများကို အလွဲသုံးစားပြုရာမှ ဆေးစွဲသူများအဖြစ် ရောက်ရှိနေကြကြောင်း တွေ့ရှိရပါသည်။

**စွဲလမ်းစေသော ဆေးဝါးများ**
**(Dependence producing drugs)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကမူ “စွဲလမ်းစေသောဆေးဝါးများ”ဟု အမည်စာရင်းပြုကာ ယင်းဆေးများကို ဆေးကုသသူသမားတော်နှင့် ရောဂါဝေဒနာသည်များသာမက လူမှုအဖွဲ့အစည်းအနေဖြင့် ဂရုစိုက်သုံးစွဲရန် သတိပေးထားပါသည်။ အကြောင်းမှာ ဆေးစွဲမှုဖြစ်ရာမှ ခန္ဓာကိုယ်ကျန်းမာရေး၊ ဦးနှောက်အာရုံကြောနှင့် စိတ်ကျန်းမာရေးထိခိုက်၍ လူမှုရေးဘေးဒုက္ခများ ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်-

(၁) **မူးယစ်ဆေးဝါးအုပ်စုဝင်ဆေးများ (Narcotics)**

(က) ဘိန်းအုပ်စု (Opiate type) ဖြစ်သည့် ဘိန်းဖြူ၊ ဘိန်းမည်း၊ ကိုဒင်း၊ မော်ဖင်း၊ ပက်သဒင်း၊ မက်သာဒုန်းစသည်များ...

(ခ) ဆေးခြောက် (Cannabis type)ဖြစ်သည့် marijuana, ganja, hashish, bhang စသည်များ...

(ဂ) စိတ်ကြွဆေးများ (Amphetamine type stimulants)ဖြစ်သည့် အက်ဖီတမင်း၊ အက်တစီစသည်များ...

(ဃ) လှုံ့ဆော်မဲ့ အာရုံဖြစ်စေသော ဆေးများ (Hallucinogens)များဖြစ်သည့် အချို့မှိုများ...

(၂) စိတ်အာရုံကို ပြောင်းလဲစေသောဆေးများ (Psychotropic substances) ဖြစ်သည့် ဒိုင်ယာဇီပင်၊ အယ်လ်ပရာဇိုလန်၊ ဖီနိုဘာဘီတုန်းဆေး စသည်များ ...

(၃) စိတ်နိုးကြားစေသော ဓာတ် (Stimulants) များပါသည့် ကိုကင်း၊ ခတ် (Khat)၊ ကော်ဖီ၊ လက်ဖက် စသည်များ...

(၄) နီကိုတင်း (Nicotine)ပါသည့် ဆေးရွက်ကြီး၊ ဆေးလိပ်၊ စီးကရက် စသည်များ...

(၅) အငွေ့ပျံသော (Volatile substance) ဓာတုပစ္စည်းများ... ဓာတ်ဆီ၊ ရေနံဆီ၊ ကော်အမျိုးမျိုး၊ ကလိုရိုဖောင်း စသည်များ...

(၆) စိတ်အာရုံကို ဖိနှိပ်စေသောပစ္စည်း (Depressants) ဥပမာ- (Alcohol) ပါဝင်သော ဘီယာ၊ ဝိုင်၊ အရက်ပြင်း စသည်များ...

ကိုကင်း၊ ခတ်စသည့်ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မတွေ့ရပါ။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကမူ “စွဲလမ်းစေသောဆေးဝါးများ”ဟု အမည်စာရင်းပြုကာ ယင်းဆေးများကို ဆေးကုသသူသမားတော်နှင့် ရောဂါဝေဒနာသည်များသာမက လူမှုအဖွဲ့အစည်းအနေဖြင့် ဂရုစိုက်သုံးစွဲရန် သတိပေးထားပါသည်။ အကြောင်းမှာ ဆေးစွဲမှုဖြစ်ရာမှ ခန္ဓာကိုယ်ကျန်းမာရေး၊ ဦးနှောက်အာရုံကြောနှင့် စိတ်ကျန်းမာရေးထိခိုက်၍ လူမှုရေးဘေးဒုက္ခများ ဖြစ်နိုင်သောကြောင့်ဖြစ်**

**ဆေးစွဲခြင်းဆိုတာဘာလဲ**
**(Drug dependence)**

ဆေးစွဲခြင်းဆိုသည်မှာ ဆေးတစ်မျိုးမျိုးကို သုံးစွဲပြီးနောက် စိတ်အားဖြင့်ဖြစ်စေ၊ စိတ်ရောခန္ဓာကိုယ်ပါဖြစ်စေ ယင်းဆေးကိုဆက်လက်၍ မသုံးစွဲဘဲ မနေနိုင်အောင်ဖြစ်နေသော အခြေအနေကိုဆိုလိုသည်။ သုံးစွဲသူသည် ဆေးကိုမရရအောင်ရှာဖွေမှုပြု၍သုံးစွဲခြင်းဖြင့် ဆေးအာနိသင်ကိုခံစားရန်လည်းကောင်း၊ သွေးအတွင်း ဆေးဓာတ်နည်း၍ ဆေးဒဏ်ခံရခြင်း၊ ဆေးငတ်နေခြင်းမှ သက်သာမှုရအောင်လည်းကောင်း သုံးစွဲခြင်းဖြစ်သည်။

ထို့ပြင် စွဲလမ်းစေသောဆေးတို့၏ သဘာဝအရ ဆေးသုံးစွဲမှုကြာလာလျှင် ဆေးမတိုးတော့ခြင်း သို့မဟုတ် မူလအာနိသင်ရရှိရန်ဆေးကိုတိုး၍ သုံးရန်လိုအပ်လာပေသည်။ (Tolerance)

**ဆေးစွဲခြင်းအရင်းခံအကြောင်းတရား**

ဖော်ပြပါဆေးအမျိုးမျိုးတို့သည် စိတ်ကြွစေခြင်း၊ စိတ်ကျစေခြင်း၊ စိတ်ဓာတ်ချောက်ချားစေခြင်း၊ လှုံ့ဆော်မဲ့အာရုံများ ဖြစ်ပေါ်စေခြင်း၊ အိပ်ငိုက်ခြင်း၊ မူးယစ်ခြင်းစသည့် အာနိသင်အမျိုးမျိုးရှိနေကြရာ လူတို့သည်သုံးစွဲရာမှ အလွဲသုံးစားမှုများဖြစ်လာပြီး အလွဲသုံးစားမှုဆက်တိုက်ပြုရာမှ ဆေးစွဲခြင်းအဖြစ်သို့ ရောက်ရှိလာသည်။

လူနှင့်ဆေးကို ထိတွေ့သုံးစွဲမှုဖြစ်စေရန် အကြောင်းတရား (သို့မဟုတ်) စေ့ဆော်မှုကြားခံနယ်လိုအပ်ပေသည်။ ဤသို့ဖြင့် ဆေး၊ လူပုဂ္ဂိုလ်နှင့် စေ့ဆော်မှုကြားခံနယ်တို့၏ အပြန်အလှန်ကွန်ရက်ငြိတွယ်ရာမှ ဆေးစွဲခြင်းဖြစ်လာရခြင်းဖြစ်သည်။ ထို့ကြောင့် ဆေးစွဲမှုကိုသုံးသပ်လျှင် လူပုဂ္ဂိုလ်၊ စွဲစေသောဆေးနှင့် သုံးစွဲစေသော စေ့ဆော်မှုအကြောင်းတရားသုံးချက်ကို တွေ့ရပေမည်။

(က) ဆေးမှာ ဆေးဝါးဗေဒသဘောအရ မူလကပင်စွဲလမ်းစေသော ဆေးဖြစ်နေခြင်းသည် အဓိကကျ၏။ ဆေးကို လွယ်ကူစွာရရှိခြင်း၊ ဈေးသက်သာစွာ ပေါပေါရရှိခြင်းသည်လည်း တွန်းအားတစ်ခုဖြစ်၏။

(ခ) ဆေးကိုသုံးစွဲမှုဖြစ်စေရန် စေ့ဆော်သောအကြောင်းများမှာ လူ၏အသက်အရွယ်နှင့် ပတ်ဝန်းကျင်အခြေအနေပေါ် မူတည်ပေသည်။ လူငယ်များတွင် ရွယ်တူသက်တူ တိုက်တွန်းနှိုးဆော်ခြင်း (Peer's pressure) သည် အများဆုံးအကြောင်းတရားဖြစ်ပေသည်။ ထို့ပြင် စမ်းသပ်လိုခြင်း၊ စူးစမ်းလိုခြင်းမှာလည်း ဒုတိယအများဆုံးအကြောင်းတစ်ရပ် ဖြစ်ပါသည်။

လူအများစုပြသော အကြောင်းများတွင် မူးယစ်ဆေးဝါးအကြောင်း ဗဟုသုတမရှိခြင်း၊ ခန္ဓာကိုယ်ရောဂါတစ်ခုခုတွင် ဆေးမြီးတိုအနေဖြင့် သုံးခြင်း၊ စိတ်ခံစားမှုကြောင့်သုံးခြင်း၊ အိပ်မပျော်၍အိပ်ဆေးအဖြစ် သုံးခြင်း၊ စိတ်ညစ်ညူးမှု၊ စိတ်ဓာတ်ကျမှုများအတွက် သုံးခြင်းတို့ဖြစ်ကြပါသည်။

ရံဖန်ရံခါဆရာဝန်၏ ညွှန်ကြားချက်ကို ကျော်လွန်၍ သို့မဟုတ် ညွှန်ကြားမှုမရှိဘဲ မိမိသဘောအလျောက် မဆင်မခြင်သောက်ခြင်း၊ အချင်းချင်းညွှန်း၍ သောက်ခြင်းများလည်း ဆေးစွဲမှုဖြစ်စေသည်။

(ဂ) ပတ်ဝန်းကျင် ဆိုရာတွင်လည်း ကြီးပြင်းရာ မိသားစုဝန်းကျင်၊ ကျောင်း၊ အလုပ်ဝန်းကျင်၊ နေထိုင်ရာဒေသဝန်းကျင်များလည်း အရေးကြီးသောအခန်းကဏ္ဍမှ ပတ်သက်နေပါသည်။

**ဆေးစွဲမှုကာကွယ်ကုသရေးအတွက် ရှုမြင်သုံးသပ်သည့် နည်းဗျူဟာများ**

(၁) **အကျင့်သိက္ခာနှင့် ဥပဒေရှုထောင့်ဆိုင်ရာ နည်းဗျူဟာ (Moral-Legal-Model)**

ဤနည်းဗျူဟာတွင် ကြီးလေးပြင်းထန်သော အပြစ်ပေးခြင်းပါဝင်၏။ သုံးစွဲသူနှင့် ဆေးလက်ဝယ်ပိုင်ဆိုင်ထားရှိမှုအပေါ် ခြိမ်းခြောက်၍ ကာကွယ်သောနည်းဖြစ်၏။ ဆေးများကိုတရားဝင်သောဆေးနှင့် တရားမဝင်သောဆေးဟု အုပ်စုခွဲခြားထား၏။ လူကိုလည်း သုံးစွဲသူ၊ အလွဲသုံးပြုသူ၊ မသုံးစွဲသူဟု ဥပဒေအရသတ်မှတ်၏။ ဆေးနှင့်လူကိုထိတွေ့မှုမရှိစေဘဲ ဝေးဝေးထားရှိရန် ဆေးများ၏မကောင်းကျိုးကို အဓိကထား အသိပေး၍ထား၏။ သုံးစွဲမှုပြုသူ၊ လက်ဝယ်ရှိသူကို ပြင်းထန်သောပြစ်ဒဏ်ပေး၏။ ဤသို့ဖြင့် လူအများသည် ဆေးကိုမထိဝံ့၊ မကိုင်ဝံ့အောင်ဖြစ်၍ ကြောက်လန့်ကြပေသည်။ ခြောက်လှန့်ပြီး ရှောင်ခိုင်းသောနည်းဖြစ်၏။

အပြုအမူပိုင်းဆိုင်ရာ သုတေသနများနှင့် လက်တွေ့အတွေ့အကြုံများအရ ပြစ်ဒဏ်ပေးခြင်းနှင့် ပြစ်ဒဏ်ပေးရန် ခြိမ်းခြောက်ခြင်းတို့သည် အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်သည်မှာမှန်၏။ သို့သော် လုံးဝမတားဆီးနိုင်၊ ပြစ်ဒဏ်ချလေ ပို၍ပြစ်မှုကျူးလွန်လေဖြစ်သောကြောင့် ပိုမိုပြင်းထန်သောပြစ်ဒဏ်သာလျှင် အဖြေထွက်ရှိတတ်ပေသည်။ ပြဿနာကိုအပြီးအပြတ် မဖြေရှင်းနိုင်။

(၂) **ရောဂါဝေဒနာ (Disease Model) (သို့မဟုတ်) ပြည်သူ့ကျန်းမာရေး (Public Health Model) ရှုထောင့်ဆိုင်ရာ နည်းဗျူဟာ**

ဤနည်းဗျူဟာမှာ ဆေးစွဲမှုကို ကျန်းမာရေးဆိုင်ရာ ရှုထောင့်မှသုံးသပ်ခြင်းဖြစ်၏။ သုံးစွဲသူရောဂါသည်များကတစ်ဆင့် နောက်ထပ်ကူးစက်ပြန့်ပွားမှုမဖြစ်စေရန် တားဆီးသောနည်းဖြစ်၏။ ကူးစက်ရောဂါတွင် လူ၊ ရောဂါပိုးနှင့် ပိုးသယ်ဆောင်သောကြားခံနယ်တို့ရှိကြ၏။ ဥပမာ ငှက်ဖျားပိုးကိုခြင်မှသယ်ဆောင်၍ လူကိုကိုက်ခြင်းဖြင့် ငှက်ဖျားရောဂါရရှိစေ၏။ သုံးချက်တွင် တစ်ချက်ကိုတားနိုင်လျှင် ကွင်းဆက်ပြတ်၍ ရောဂါကာကွယ်ရာရောက်၏။

ဆေးစွဲမှုတွင် ဆေးကိုလွယ်လွယ်မရအောင် ထိန်းချုပ်တားဆီးသည်။ ဆေးစွဲမှုဖြစ်နိုင်ခြေများသော လူထုကိုကျန်းမာရေးအသိပညာတည်းဟူသော ကာကွယ်ဆေးထိုးပေးခြင်းဖြင့်ကူးစက်မှုကို ကာကွယ်၏။ ထို့ပြင်သုံးစွဲသူများအားကုသမှုပေးခြင်းဖြင့်လည်း စုစည်းထားရာရောက်ပြီး ဆေးစွဲမှုကူးစက်ခြင်းကို ကာကွယ်နိုင်ခြင်းဖြစ်၏။ ရောဂါဆိုသော်လည်း ပိုးကြောင့်မဟုတ်ဘဲ အပြုအမူပိုင်းဆိုင်ရာဖြစ်သည်။ လူမှုရေးကူးစက်ရောဂါဟုမူခေါ်ဆိုက ခေါ်ဆိုနိုင်၏။ ကျင့်သားရနေသည့် အပြုအမူတစ်ရပ်ကို မူလအတိုင်းပြန်၍ ပြုပြင်ပြောင်းလဲရန် အချိန်ယူအားစိုက်ထုတ်ရသလို ကုသမှုတိုင်း ရာနှုန်းပြည့်မအောင်နိုင်ကြောင်း သတိပြုသင့်သည်။

(၃) **စိတ်-လူမှုရေးဆိုင်ရာ ရှုထောင့်နည်းဗျူဟာ (Psycho-social Model)**

ဤနည်းဗျူဟာမှာ လူတို့၏ဆေးသုံးစွဲမှုအကြောင်းအရင်းများကို စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးအကြောင်းအမျိုးမျိုး ရှုထောင့်မှ သရုပ်ခွဲသုံးသပ်ရှုမြင်ခြင်းဖြစ်၏။ အသိပညာပေးခြင်းတစ်ခု တည်းဖြင့်မလုံလောက်၊ လူသားတို့၏ အတွင်းစိတ်ပိုင်းဆိုင်ရာခံစားမှုများ၊ ခံယူချက်၊ ယုံကြည်ချက်အပြင် လူမှုဝန်းကျင်အတွင်းလက်ခံမှု၊ စည်းမျဉ်းဆိုင်ရာ တန်ဖိုးထားလေးစားမှုနှင့် ဘဝနေထိုင်ရှင်သန်မှုပုံသဏ္ဌာန်၏ဆုံးဖြတ်ချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ကာကွယ်မှုပြုခြင်းဖြစ်၏။ လူ၏အဇ္ဈတ္တစိတ်အတွင်းသဏ္ဌာန်ကို ဗဟိုပြုစောင်းပေးထား၏။ လူသားဦးစားပေး ရှုမြင်မှုဖြစ်၏။ ရှုမြင်သရုပ်ခွဲမှု ပိုမိုနက်နဲလာ၏။

(၄) **လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာရှုထောင့်နည်းဗျူဟာ (Social-cultural Model)**

ဤနည်းဗျူဟာတွင် လူ၏စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့် လူမှုအသိုင်းအဝိုင်းပုံသဏ္ဌာန်နေထိုင်မှုသာမက ယဉ်ကျေးမှုရေးရာများပါ ထည့်သွင်းအလေးထားခြင်းဖြစ်၏။ လူပုဂ္ဂိုလ်တစ်စုတွင် တစ်ဦးချင်း၏ လိုအပ်ချက်နှင့် လူသားဆန်မှု၊ လူပုဂ္ဂိုလ်၏ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဖြည့်ဆည်းမှုအပေါ် အလေးထားကာ လူငယ်ရွယ်တူအုပ်စုများ၏ ပေါင်းသင်းဆက်ဆံရေး၊ တစ်ဦးချင်းနေထိုင်ရှင်သန်မှုသဏ္ဌာန်နှင့်အတူ လူမှုဝန်းကျင်၏ လက်ခံမှု၊ ငြင်းပယ်မှုများကို ထည့်သွင်းအလေးထား၍ ရှုမြင်သော နည်းဗျူဟာဖြစ်သည်။

ဥပမာ ကမ္ဘာ့နိုင်ငံအချို့ရှိ လူမျိုးတို့၏ ပွဲတော်များတွင် ဆေးခြောက်ရှူသော ဓလေ့မျိုးအပြင် ယခုအခါ ကျယ်ပြန့်စွာအရက်နှင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့သည် ယဉ်ကျေးမှုနှင့် နီးနွယ်နေကြောင်း တွေ့ရှိရပေမည်။ ဤနည်းဗျူဟာတွင် ပိုမိုကျယ်ပြန့်စွာ ဖြန့်ကြက်သုံးသပ်ခြင်းဖြစ်၏။

လက်တွေ့တွင် ဤရှုထောင့်လေးရပ်လုံးကို ထည့်သွင်းမစဉ်းစားလျှင်မဖြစ်။ ဆေးဝါး (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ခုတည်းအပေါ် ဥပဒေအရ ဇောင်းပေးမှု၊ စည်းတားမှုတစ်ခုတည်းဖြင့် အောင်မြင်ထိရောက်မှုနည်းပါးကြောင်း တွေ့ကြရပေသည်။ ဤရှုထောင့် လေးချက်လုံးကို ခြုံငုံစဉ်းစားပေးရမည်။ ထို့ပြင် လူအများတို့သည် လူမှုအဆောက်အအုံတွင် လွတ်လပ်စွာကျင်လည်၍ လူမှုပုံသဏ္ဌာန်ကို ပုံဖော်ချင်သလို ပုံဖော်သူများဖြစ်သည်ကိုလည်း မမေ့အပ်ပေ။

သို့ဖြစ်၍ မူးယစ်စေသည့်ဆေးဖြစ်စေ၊ မူးယစ်ခြင်းမဖြစ်စေသော ဆေးဖြစ်စေ၊ ဆေးမျိုးစုံတို့ကိုအလွဲသုံးစားပြုခြင်းနှင့်အတူ အကြိမ်ကြိမ်အလွဲသုံးစားပြုရာမှ ဆေးစွဲမှုဖြစ်လာစေသော အမူအကျင့်ကို လူမှုဝန်းကျင်တွင် လျော့နည်းသက်သာစေရေးအတွက် ကာကွယ်ကုသရေး ဆောင်ရွက်ရာတွင် အမြင်ကျယ်သော ရှုထောင့်မျိုးစုံမှ ရှုမြင်သုံးသပ်သင့်သည်ဟု ပညာရှင်များက အကြံပေးထားပါကြောင်း ရေးသားအပ်ပါသည်။ ။

# မြောက်ဦးခရိုင်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်

**မြောက်ဦး ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများမှ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၃၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၁ ဦး၊ မြောက်ဦးမြို့နယ် အထက(မြောင်းဘွေ့)မှ ဝိဇ္ဇာဘာသာတွဲရမှတ်အကောင်းဆုံး ဒုတိယနှင့် မြေပုံမြို့နယ် အထကကျောင်းမှ ဝိပ္ပံဘာသာတွဲရမှတ်အကောင်းဆုံး တတိယရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



❍ ကျောဖုံးမှ

သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့သို့ ရောက်ရှိပါကလည်း အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ လိုအပ်သည်များကိုပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ခေါ်ယူနိုင်မည့် နေ့ရက်အတိအကျကို ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် မလေးရှားနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက စိစစ်မှုများနှင့် အသေးစိတ်စီစဉ်မှုများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ကျောဖုံးမှ

တစ်လအကြာတွင် အယူခံအောင်မြင်မှုရရှိခဲ့ခြင်း ဖြစ်သည်။

သတင်းထောက် ကိုနေမျိုးလင်းအနေဖြင့် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့သော ဖမ်းဆီးခံကျောင်းသားများနှင့် ဝန်းရံပြည်သူများ ပြန်လွတ်ပေးရေးအတွက် ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်က ဆိုင်ကယ်များဖြင့် ဆန္ဒပြကျောင်းသားများကို ရဲတပ်ဖွဲ့ကတားဆီးခဲ့ရာ ကျောင်းသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်လဲကျသွားသဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး မျက်ခုံးကွဲဒဏ်ရာရရှိခဲ့မှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို လက်သီးဖြင့်ထိုးသည်ဟုဆိုကာ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)ရဲစခန်း ဒုတိယတပ်ကြပ် ဘမော်မှ ပြစ်မှုပုဒ်မ(၃၃၂)ဖြင့် တရားစွဲခဲ့ခြင်းဖြစ်သည်။ မြို့နယ်တရားရုံးသို့ ရုံးချိန်း ၄၀ ကျော် တစ်နှစ်ကျော်ခန့်စစ်ဆေးခဲ့ပြီးမှ ထောင်ဒဏ်သုံးလ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ခေတ္တရပ်နားမည့် မြိတ်အထပ်သားစက်ရုံမှ အလုပ်သမားများအား ဥပဒေပါရပိုင်ခွင့်များအတိုင်း ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြိတ် ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကုန်းဖောက်ရပ်ကွက်ရှိ မြိတ်အထပ်သားစက်ရုံ၌ ကုန်ကြမ်းသစ်သားများမရရှိသဖြင့် ဇူလိုင် ၂၆ ရက်မှစ၍ လုပ်ငန်းများ ခေတ္တရပ်နားမည်ဖြစ်ရာ စက်ရုံတွင်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ ဥပဒေပါ ရပိုင်ခွင့်များအတိုင်းရရှိရေးအတွက် မြိတ်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ အလုပ်ရှင်နှင့် အလုပ်သမားများတွေ့ဆုံညှိနှိုင်းခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲခန့်က အဆိုပါစက်ရုံ၌ ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ ညှိနှိုင်းဆွေးနွေးရာတွင် မြိတ်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အလုပ်သမားများရပိုင်ခွင့်များ ရရှိရေးနှင့် တခြားကုမ္ပဏီများနှင့်ချိတ်ဆက်ကာ အလုပ်အကိုင်များ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အလုပ်သမားဥပဒေနှင့် မြိတ်မြို့နယ်လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စက်ရုံမန်နေဂျာနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေးကာ စက်ရုံအလုပ်သမားများအား ဩဂုတ် ၅ ရက်တွင် (၇/၂၀၁၆)လစာနှင့် နှစ်နာကြေးများကို လုပ်သက်အလိုက်ထုတ်ပေးသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ခရိုင် ပြန်/ဆက်)**



# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စု(ကိုးကွယ်သည့်ဘာသာ) အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု(ကိုးကွယ်သည့်ဘာသာ) သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ(၂-ဂ) ထုတ်ပြန်သည့်အခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ Max Myanmar Hotel ၌ ကျင်းပသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာများကို အတွဲများအလိုက် ထုတ်ပြန်ခဲ့ရာ ပထမအဆင့်အနေဖြင့် ရှေ့ပြေးလူဦးရေစာရင်း (သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ-၁) ကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ သန်းခေါင်စာရင်းပင်မအစီရင်ခံစာများကို ၂၀၁၅ ခုနှစ် မေလတွင် လည်းကောင်း၊ အလုပ်အကိုင်နှင့် လုပ်ငန်းအစီရင်ခံစာ (သန်းခေါင်စာရင်း အစီရင်ခံစာအတွဲ ၂-ခ)ကို ၂၀၁၆ ခုနှစ် မတ်လတွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ယခုအခါ ကိုးကွယ်သည့်ဘာသာ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူအများစု ကိုးကွယ်ယုံကြည်သည့် ဘာသာဖြစ်သော်လည်း ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ နတ်ကိုးကွယ်ယုံကြည်မှုနှင့် အခြားသောကိုးကွယ်ယုံကြည်မှုများကို ခွဲခြားဆက်ဆံခြင်းမပြုဘဲ လွတ်လပ်စွာ ကိုးကွယ်ကျင့်သုံးခွင့်ပေးထားသည့် အချက်အလက်မတူကွဲပြားသော ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးကိုဖော်ပြသည့် ကိုးကွယ်သည့်ဘာသာဆိုင်ရာ သန်းခေါင်စာရင်းအချက်အလက်များကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက "ဒီထုတ်ပြန်ချက်ကို တချို့ကလည်း ထူးထူးခြားခြားများ ကိုးကွယ်မှုဘာသာတွေ ပြောင်းလဲသွားမလားဆိုပြီး စိုးရိမ်ကြတယ်။ ဒါပေမယ့် တကယ်မှန်မှန်ကန်ကန်မြေပြင်မှာရှိတဲ့ စာရင်းအရဆိုရင် နိုင်ငံတကာကလည်းလက်ခံတဲ့ စာရင်းဖြစ်ပြီး ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနဲ့ ထူးထူးခြားခြား ကွဲပြားမှုမရှိပါဘူး။ ဒီအခြေအနေစာရင်းဇယားတွေကိုလည်း ဘာသာရေးခေါင်းဆောင်တွေအားလုံးကို ဝန်ကြီးဌာနမှာခေါ်ယူပြီးတော့ အတွင်းဝန်ဦးဆောင်ပြီး ဒီအခြေအနေတွေကို ရှင်းပြတယ်။ သူတို့လည်း ရရှိတဲ့အနေအထားအမှန်ကို လက်ခံပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ရဲ့တာဝန်ရှိပုဂ္ဂိုလ်တွေ သမ္မတကြီးနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို တင်ပြပြီးတော့မှ အခုလို တရားဝင်ထုတ်ပြန်တာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကိုးကွယ်သည့်ဘာသာ အစီရင်ခံစာတွင် အပိုင်းနှစ်ပိုင်းပါရှိကာ အပိုင်း(၁)တွင် သန်းခေါင်စာရင်း၌ ကောက်ယူရရှိသည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အချက်အလက်များပါဝင်ပြီး အပိုင်း(၂)တွင် စာရင်းမကောက်ယူနိုင်သည့် ဒေသများမှ လူဦးရေကို ထည့်သွင်းထားသည်။




**၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စု(ကိုးကွယ်သည့်ဘာသာ) သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ(၂-ဂ)ထုတ်ပြန်သည့်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဖွင့်အမှာစကားပြောကြားစဉ်**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် မတ် ၂၉ ရက် သန်းခေါင်စာရင်းညသို့ရှိသော လူဦးရေ ၅၀၂၇၉၉၀၀ ကို ၎င်းတို့ရောက်ရှိသည့်နေရာများတွင် စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ကိုးကွယ်သည့်ဘာသာဆိုင်ရာအချက်အလက်များကို တွက်ချက်ရာတွင် သမားရိုးကျအိမ်ထောင်စုများတွင် နေထိုင်သူများနှင့် အဖွဲ့အစည်းများတွင် နေထိုင်သူများကို ထည့်သွင်းတွက်ချက်ခဲ့ခြင်းဖြစ်ပြီး ကိုးကွယ်သည့်ဘာသာ အမျိုးအစားခုနစ်ခု (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ နတ်၊ အခြားဘာသာနှင့် ဘာသာမရှိသူများ)ကို အခြေခံ၍ မေးမြန်းထားခြင်းဖြစ်ကြောင်း သိရသည်။

သန်းခေါင်စာရင်းကောက်ယူရာ၌ ရခိုင်ပြည်နယ်တွင်နေထိုင်သူ ၁၀၉၀၀၀၀၊ ကချင်ပြည်နယ်တွင်နေထိုင်သူ ၄၆၆၀၀ နှင့် ကရင်ပြည်နယ်တွင် နေထိုင်သူ ၆၉၇၅၃ ဦးတို့ကို စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ချေ။ အဆိုပါစာရင်းမကောက်ယူနိုင်သည့်ခန့်မှန်းလူဦးရေ ၁ ဒသမ ၂ သန်းသည် မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ စာရင်းကောက်ယူရရှိသော လူဦးရေနှင့် စာရင်းမကောက်ယူနိုင်သော လူဦးရေ စုစုပေါင်း ၅၁၄၈၆၂၅၃ ဦး ရှိမည်ဖြစ်ကြောင်း သိရသည်။

သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ဒေသအချို့၏ အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "ပြည်နယ်သုံးခုကျန်နေတာကတော့ ကချင်ကတော့ လိုင်ဇာဒေသမှာရှိတဲ့ ပြည်သူတွေရှိတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ မိသားစုဝင်တွေရှိတယ်။ ဒီကသွားတဲ့အဖွဲ့တွေကို အဝင်မခံဘူး။ သူတို့ကပဲ ဒေသမှာရှိတဲ့လူစာရင်းကို အကြမ်းဖျင်း ပေးလိုက်တယ်။ အဲဒီအချက်အလက်တွေနဲ့ပဲထည့်ပြီး တွက်ထားတယ်။ တိုင်းရင်းသားလူမျိုးစုတွေနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနလည်း ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်နေပါတယ်၊ အဆင်ပြေတဲ့အချိန်မှာ ထပ်ပြီးထုတ်ပြန်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရရှိသောအချက်အလက်များအရ ပြည်ထောင်စု(ကိုးကွယ်သည့်ဘာသာ) အစီရင်ခံစာအရ ပြည်ထောင်စု လူဦးရေ စုစုပေါင်း ၅၀၂၇၉၉၀၀ အနက် ဗုဒ္ဓဘာသာ ကိုးကွယ်သူဦးရေ ၄၅၁၈၅၄၄၉ ဦး (၈၉ ဒသမ ၈ ရာခိုင်နှုန်း)၊ ခရစ်ယာန်ကိုးကွယ်သူ ၃၁၇၂၄၇၉ ဦး (၆ ဒသမ ၃ ရာခိုင်နှုန်း)၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ၁၁၄၇၄၉၅ (၂ ဒသမ ၃ ရာခိုင်နှုန်း)၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၂၅၂၇၆၃ ဦး (၀ ဒသမ ၅ ရာခိုင်နှုန်း)၊ နတ်ကိုးကွယ်သူ ၄၀၈၀၄၅ (၀ ဒသမ ၈ ရာခိုင်နှုန်း)၊ အခြားဘာသာကိုးကွယ်သူ ၈၂၈၂၅ ဦး (၀ ဒသမ ၂ ရာခိုင်နှုန်း)၊ မည်သည့်ဘာသာမျှ မကိုးကွယ်သူ ၃၀၈၄၄ ဦး (၀ ဒသမ ၁ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်အတွင်း စာရင်းမကောက်ယူနိုင်သော ဒေသ၌ ခန့်မှန်းလူဦးရေ ၁၂၀၆၃၅၃ ဦးရှိရာ အဆိုပါစာရင်းများကိုထည့်သွင်း၍ သန်းခေါင်စာရင်းထုတ်ပြန်သည့် ခန့်မှန်းလူဦးရေ ၅၁၄၈၆၂၅၃ ဦးကို အခြေခံတွက်ချက်ရာတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ဒသမ ၉ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၆ ဒသမ ၂ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၀ ဒသမ ၅ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ ၀ ဒသမ ၈ ရာခိုင်နှုန်း၊ အခြားဘာသာကိုးကွယ်သူ ၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် မည်သည့်ဘာသာမျှ မကိုးကွယ်သူ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ယနေ့ထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည်။

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍လည်း ဖုံးကွယ်ထိမ်ချန်ထားမယ်ဆိုရင် တချို့က ပုံကြီးချဲ့ပြီး ကောလာဟလတွေ ထုတ်ပြန်မှုတွေရှိလာနိုင်တယ်။ ဒီတော့ ပြည်သူတွေ ကြားမှာ ထင်ယောင်ထင်မှား မဖြစ်စေဖို့ ထုတ်ပြန်တာဖြစ်ပြီး အရှိအတိုင်းဖြစ်တဲ့အတွက် စိုးရိမ်ပူပန်ဖို့ မလိုပါဘူး။ အစိုးရအနေနဲ့ နှစ်ခုစလုံး လက်ခံနိုင်တဲ့အခြေအနေတွေကို စဉ်းစားလုပ်ဆောင်နေပါတယ်။ ဒေသမှာရှိတဲ့ ပြည်သူတွေ သဟဇာတဖြစ်ဖို့၊ ဒီဒေသမှာရှိတဲ့ ပြည်သူတွေအချင်းချင်း ကူးလူးဆက်ဆံမှုသာ ဖွံ့ဖြိုးရေးနဲ့ ရေရှည်မှာ တည်ငြိမ်အေးချမ်းတဲ့ အသိုက်အဝန်းတစ်ခုကို တည်ထောင်နိုင်မယ်လို့ အစိုးရအနေနဲ့ယုံကြည်ပြီး ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ယခုသန်းခေါင်စာရင်း ကောက်ယူခြင်းသည် ၁၉၈၃ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးနောက်ပိုင်း နှစ်ပေါင်း ၃၀ ကျော်ကြာမှ ပထမဆုံးအကြိမ် ပြန်လည်ကောက်ယူခြင်းဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အိမ်အကြောင်းအရာနှင့် အိမ်ထောင်စုအကြောင်းအရာများကို နိုင်ငံတော်အစိုးရနှင့် အချက်အလက်အသုံးပြုသူများအားလုံးကို ပံ့ပိုးပေးနိုင်ရန်၊ အုပ်ချုပ်မှုနယ်ပယ်အဆင့်အားလုံးရှိ အချက်အလက်များကို ဖော်ထုတ်ခြင်းဖြင့် အထောက်အထားအပေါ် အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ လူမှုစီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များ၏အကျိုးသက်ရောက်မှုများကို ဆန်းစစ်ရာတွင်လည်းကောင်း အခြေခံအချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-သီဟစည်သူ**

❋ ကျောဖုံးမှ

ဒီပြိုင်ပွဲအတွက် မြစ်ကြီးနား၊ မိုးကုတ်နဲ့ တောင်ကြီးမြို့တွေမှာ ကျင်းပပြီးသွားပြီလို့ သိရပါတယ်။ ဒီနှစ်မှာ မြို့ကြီး ၂၄ မြို့မှာ ကျင်းပသွားမယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ မြို့ကြီး ၁၄ မြို့စာရင်းပေးရာမှာ ၁၃ မြို့ ကျင်းပနိုင်ခဲ့ပါတယ်" ဟု မယ်စကြာဝဠာ မန္တလေး ၂၀၁၆ မှ စီးတီးဒါရိုက်တာ ဦးသောင်းငြိမ်းက ယနေ့မွန်းလွဲပိုင်းတွင် ဗိုလ်တထောင် ဆိပ်ကမ်းရေပေါ်ဟိုတယ်၌ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါမယ်စကြာဝဠာပြိုင်ပွဲကြီးအတွက် သတ်မှတ်စာရင်းပေးထားသော မြို့ကြီးများမှ တစ်ဦးစီ ရွေးချယ်ပေးမည်ဖြစ်ကြောင်း၊ ယင်းမြို့ကြီးများ ကိုယ်စားပြုအလှမယ်များနှင့် ရန်ကုန်မြို့ မယ်စကြာဝဠာရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးသော ကိုယ်စားပြုအလှမယ်များပေါင်း၍ လာမည့်အောက်တိုဘာလတွင် နောက်ဆုံးရွေးချယ်ကာ နိုင်ငံတကာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မယ်စကြာဝဠာပြိုင်ပွဲသည် Miss World, Miss International နှင့် Miss Earth တို့ကဲ့သို့ ကမ္ဘာ့အကြီးဆုံး မယ်ပြိုင်ပွဲကြီးဖြစ်ကြောင်း၊ Miss Universe ပြိုင်ပွဲကို ၁၉၅၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ စတင်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်များအဖြစ် ဒေါ်အေးအေးမြင့် (၁၉၅၉)၊ ဒေါ်မြင့်မြင့်မေ (၁၉၆၀) နှင့် ဒေါ်မြင့်မြင့်ခင် (၁၉၆၁) ခုနှစ်များတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းနောက်နှစ်များတွင် သွားရောက်ယှဉ်ပြိုင်ခြင်း မရှိတော့ကြောင်း၊ ၂၀၁၃ ခုနှစ်ရောက်မှ အလှမယ် မိုးစက်ဝိုင်က မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် သျှားထွဋ်အိန္ဒြာက သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် အလှမယ် မေဘရဏီသော်က သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အတွက် အလှမယ် ထက်ထက်ထွန်းက သွားရောက်ယှဉ်ပြိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယခု ရွေးချယ်မှုမှာ နိုင်ငံတစ်ဝန်းလုံး ရှက်ပုန်းသီးအလှမယ်များ နစ်နာမှုမရှိအောင် မြို့ကြီး ၂၄ မြို့မှ ကိုယ်စားပြုမယ်များ ရွေးချယ်ကာ နောက်ဆုံးမြန်မာနိုင်ငံကိုယ်စားပြုအလှမယ်ကို အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ဝန်ကြီးဌာနများနှင့် Vital Strategies အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် အမေရိကန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Vital Strategies အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရှေ့နေချုပ်၊ သက်ဆိုင်ရာဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် Vital Strategies အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖွားသေစာရင်းအင်းများ မှတ်ပုံတင်ခြင်းစနစ် ပိုမိုတိုးတက်စေရန် မဟာဗျူဟာလေးခုနှင့် ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်သွားရန်အတွက် မဟာဗျူဟာနှစ်ခုတို့ကို စီမံချက်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်နိုင်မည့် ဆေးရုံနှင့် ဆေးရုံ/ဆေးခန်းပြင်ပတွင် သေဆုံးသောသူများ၏ သေဆုံးရသော အဓိကအကြောင်းရင်းများနှင့် မှတ်ပုံတင်ခြင်း၊ ဖွားသေမှတ်ပုံတင်ခြင်းမှရရှိသော စာရင်းအင်းအချက်အလက်များ ပြန်လည်သုံးသပ်ခြင်း၊ ရောဂါများနှင့်ပတ်သက်သည့် စာရင်းအင်းများ မှန်ကန်စွာခွဲခြားသတ်မှတ် မှတ်တမ်းတင်ခြင်း၊ ဖွားသေစာရင်းအင်းများ အရည်အသွေးအကဲဖြတ်ခြင်း၊ အမှန်တကယ် မွေးဖွားသူ၊ သေဆုံးသူ အရေအတွက်နှင့် ကောက်ယူစုစည်းရရှိသောစာရင်းအင်းများ ကွာခြားခြင်း၊ ခန့်မှန်းခြင်းများ ပြုလုပ်ရာတွင် ဝန်ထမ်းများ၏ စွမ်းရည်မြင့်တက်လာစေရန်အတွက် လိုအပ်သောနည်းပညာ အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ Vital Strategies အဖွဲ့၏ ညွှန်ကြားရေးမှူး Mr. Nick Southern တို့က လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။ စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် Vital Strategies အဖွဲ့၊ Melbourne တက္ကသိုလ်၊ Bloomberge ပြည်သူ့ကျန်းမာရေးကျောင်း၊ US ရောဂါထိန်းချုပ်ရေးဌာနနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့တို့မှ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှုများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စစ်ကိုင်းမြို့၌ လစဉ်လူထုစုပေါင်းစက်ဘီးစီးပွဲကျင်းပမည်

**စစ်ကိုင်း ဇူလိုင် ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကျင်းပသည့် လစဉ်လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကြီးကို ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီခွဲ၌ စစ်ကိုင်းမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ စတင်တာလွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ တာရိုးကြီးလမ်းနှင့် ချင်းစုလမ်းထောင့်မှ ဈေးလမ်းမီးပွိုင့်၊ ပန်းပဲတန်းလမ်းတစ်လျှောက်မှ စစ်ကိုင်း- မုံရွာ-ရွှေဘိုကားလမ်းအတိုင်း ကောင်းမှုတော်ဘုရားသို့ စီးနင်းကြမည်ဖြစ်ကာ လာလမ်းအတိုင်း မူလတာထွက်နေရာတွင် ပန်းဝင်ကြမည်ဖြစ်ကြောင်းသိရပြီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် စတင်တာလွှတ်သည့်နေရာတွင် အဆိုပါနေ့၌ စာရင်းပေးသွင်းရမည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်သူတိုင်းကို တီရှပ်တစ်ထည်စီအခမဲ့ပေးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ဘီးစီးနင်းပွဲကြီး ကျင်းပပေးရခြင်းနှင့်ပတ်သက်၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီချွေတာရေး၊ လေထုညစ်ညမ်းမှုစုပေါင်းလျှော့ချရေးနှင့် ယာဉ်ကြောကျပ်တည်းမှု ပူးပေါင်းလျှော့ချရေးတို့အတွက် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုက ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ရေလမ်းသွား ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်

**မြိတ် ဇူလိုင် ၂၁**




မြိတ်မြို့မှ ကျွန်းရွာများ၊ ပင်လယ်ရွာများ၊ မြို့များသို့ ရေလမ်းခရီးဖြင့်သွားလာလျက်ရှိကြသော ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)မှ တပ်ဖွဲ့ဝင် ရေယာဉ် ရဲရင့်မာန်(၃၃၂)နှင့် တပ်ဖွဲ့ဝင်ရေယာဉ် FB-016 တို့ဖြင့် တပ်ဖွဲ့ဝင်များက ခရီးသွားစက်လှေများနှင့် ဇောတံတားများတွင် ဇူလိုင် ၂၀ရက် နံနက် ၉နာရီက ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

ခရီးသွားပြည်သူများ ရေလမ်းခရီးသွားလာရာတွင် ဘေးကင်းလုံခြုံမှုရှိရေးနှင့် အန္တရာယ်ကင်းရှင်းရေး၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ ရေကြောင်း သွားလာမှုနည်းလမ်းများ၊ ရေယာဉ်များ စနစ်တကျ စည်းကမ်းရှိစေရေး၊ သတ်မှတ်ကုန်ချိန်အတိုင်း စနစ်တကျတင်ဆောင်ရေးအတွက် ရေယာဉ်မှူးများ ၊ လှေလုပ်သားများနှင့် ခရီးသွားပြည်သူများအား ရေကြောင်း ရဲတပ်ဖွဲ့စု(မြိတ်) ရဲမှူးကျော်သက်နိုင်နှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းပညာပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

## မော်တော်ယာဉ်အာမခံထားရှိမှုငါးနှစ်အတွင်း ကျဆင်းလာပြီး ပေးလျော်ရမှုများလာ


**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာတစ်နိုင်ငံလုံးတွင် မော်တော်ယာဉ်ငါးသန်းခန့်ရှိသော်လည်း မော်တော်ယာဉ်တစ်သိန်းသာ အာမခံထားရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဥပဒေတွင် မော်တော်ယာဉ်တိုင်း အာမခံထားရှိရမည့်အချက်အား ထည့်သွင်းဖြည့်စွက် ရေးဆွဲထားကြောင်း မြန်မာ့အာမခံလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးညီညီအောင်က ပြောသည်။

ထို့အပြင် ဩဂုတ် ၁ ရက်မှစ၍ အာမခံပရီမီယံကြေးနှုန်းများကို နှစ်ဆမှစ၍ တိုးမြှင့်ခြင်းဖြင့် လည်းကောင်း၊ အာမခံနစ်နာလျော်ကြေးများကိုလည်း ၂၀ ရာခိုင်နှုန်းမှစ၍တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

သူတစ်ပါးထိခိုက်မှုအာမခံစာရင်းအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်အတွင်း အာမခံထားရှိသည့်အစီးရေ ၉၆၃၂၃၀၉ စီးရှိပြီး ငါးစီးသာ ပျက်စီးခဲ့သည်။ လူ ၃၈၉၈ ဦးသေဆုံးကာ၊ လူ ၄၃၁ ဦးမှာဒဏ်ရာရရှိခဲ့သဖြင့် လျော်ကြေးငွေကျပ်သန်း ၁၉၃၀ ဒသမ၇၁ သန်းပေးခဲ့ရသည်။ အလုံးစုံမော်တော်ယာဉ်အာမခံမှုတွင် မော်တော်ယာဉ် ၃၂၀၈၉ စီးကိုလက်ခံရရှိပြီး လျော်ပေးရသည့် မော်တော်ယာဉ် ၁၄၁၅ စီးအတွက် ငွေကျပ် ၂၁၂၈ ဒသမ ၆၇ သန်းရှိကြောင်းသိရသည်။

**ဖိုးသန့်**




၅ နှစ်အတွင်း အလုံးစုံမော်တော်ယာဉ်အာမခံစာရင်း

## ရွှေ့ပြောင်းအလုပ်သမားအာမခံဥပဒေပြဋ္ဌာန်းပေးရန် ပဏာမအစည်းအဝေးမှသဘောတူညီမှုရ

**ကော့သောင်း ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ အလုပ်အကိုင်ရှာဖွေရေးဦးစီးဌာနညွှန်ကြားရေးမှူး မစ်တာအာရက် ဖရုန်မနီက ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံသို့ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားအာမခံဥပဒေ ပြဋ္ဌာန်းပေးရန် ပဏာမအစည်းအဝေးမှ သဘောတူညီမှုရရှိခဲ့ပြီဖြစ်၍ မကြာမီဝန်ကြီးများအဖွဲ့ထံတင်ပြကာ အတည်ပြု ဆုံးဖြတ်ချက် ချနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၁၉ ရက်က ထိုင်းနိုင်ငံမှလာသည့် သတင်းများက ဆိုသည်။

ယင်းဥပဒေသစ်သည် အလုပ်သမားများကို တိုက်ရိုက်ကာကွယ်ပေးနိုင်ရန် ပထမဆုံးပြဋ္ဌာန်းဥပဒေဖြစ်ကြောင်း မစ်တာအာရက် ဖရုန်မနီကပြောဆိုကြောင်း၊ လက်ရှိအခြေအနေတွင် ရွှေ့ပြောင်းအလုပ်သမားများကို တိတိကျကျကာကွယ်ပေးနိုင်သည့် ဥပဒေမရှိသေးသည့်အတွက် အလုပ်သမားများကို ခေါ်ဆောင်လာသော အေဂျင်စီများ( ပွဲစားများ )သည် အလုပ်သမားပြဿနာတစ်စုံတစ်ရာရှိလျှင် တာဝန်မယူဘဲရှောင်ကြဉ်နေကြကြောင်း၊ ဤဥပဒေသစ်အရ ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံသို့ခေါ်ဆောင်လာရာတွင် လုပ်ငန်းရှင်များက ခွင့်ပြုချက်စာရွက်စာတမ်းများနှင့် အာမခံရန်ပုံငွေများ ထည့်သွင်းရမည်ဖြစ်ကြောင်း၊ သို့မှသာ ထိုင်းနိုင်ငံသို့ ရောက်ရှိလာသော ရွှေ့ပြောင်းအလုပ်သမားများ အခက်အခဲပြဿနာတစ်စုံတစ်ရာရှိလျှင် ယင်းငွေဖြင့် ကူညီစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ရှာဖွေရေးဌာနညွှန်ကြားရေးမှူးကလည်း ယင်းဥပဒေသည် ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်းပြဿနာများအား ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့်လာအိုစသည့်သုံးနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများမှတ်ပုံတင်ဦးရေစာရင်းသည် သန်းဂဏန်းအထိရှိကြောင်း ထိုင်းနိုင်ငံ ဖို့တူဒေးသတင်းဌာနမှ ထုတ်လွှင့်ချက်အရသိရသည်။

**ကျော်စိုး (ကော့သောင်း)**

## တောင်ပေါ်ဒေသ၌ အထက်တန်းကျောင်းခွဲအဆင့်တိုးမြှင့်

**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် အနောက်ဘက်မိုင်ပေါင်း ၄၀ ကျော်ဝေး သောတောင်ပေါ်ဒေသဖြစ်သည့် အုတ်ဖိုကျေးရွာအုပ်စု အုတ်ဖို(သိုင်း)ကျေးရွာ အလယ်တန်းကျောင်းအား ဇူလိုင် ၂၀ ရက်က အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရာ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ပေါ်ကျေးရွာနေ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယခုအခါ တောင်ပေါ်ဒေသကျေးရွာနေ ပြည်သူများ၏ သားသမီးများ အထက်တန်းပညာကို မိမိတို့ဒေသ၌ပင် သင်ယူနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**




## ၁၀ နှစ်ခန့်ကောနေသည့် လယ်ဧက ၁၁၀ ကျော် ပြန်လည်စိုက်ပျိုးနိုင်တော့မည်

**မောက်မယ် ဇူလိုင် ၂၁** - ကျေးလက်နေပြည်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း၌ ၁၀ နှစ်ခန့် ကောနေသည့် လယ်ဧက ၁၁၀ ကျော်ကို ဇူလိုင် ၂၀ ရက်က ရေသွယ်မြောင်းများ ပြန်လည်ပြုပြင်ခဲ့သဖြင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီအမီ ပြန်လည်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးအရာရှိ ဦးခွန်မြင့်ဇော်ထံမှ သိရသည်။

အဆိုပါ နားလင်းလယ်သည် နမ့်လှဆည်နှင့်ရေတံလျှောက် ပျက်စီးသည်နှင့် နှစ်ကာလကြာမြင့်ပြီး ရေလုံလောက်စွာမရှိသဖြင့် ကောသွားသည့်လယ်များဖြစ်ကြောင်း သိရသည်။ ယခုအခါတူးမြောင်း အောက်ခြေအနံ လေးပေ ၊ အမြင့်ငါးပေ ၊ အလျားပေ ၆၄၀၀ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအတွက် ပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၂၂ သန်း ချမှတ်ဆောင်ရွက်ခွင့်ပေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး၍ ရေများလုံလုံလောက်လောက်ရရှိပါက ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( ပြန်/ဆက်)**

# အကျင့်ပျက်လာဘ်စားမှုနဲ့ တရားမဝင်ငွေကြေးစီးဆင်းမှုတွေ ကမ္ဘာတစ်လွှား ဘယ်လောက်ရှုပ်ရှုပ် ဖြန့်ကြက်နေပြီလဲ



မလေးရှားဝန်ကြီးချုပ် နာဂျစ် (ဗ)ရာဇက်

**လူလေးဝိုင်း**

မလေးရှားနိုင်ငံမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB)အကျင့်ပျက်လာဘ်စားမှုကိစ္စဟာ ပြည်သူလူထုကြား ပြောစရာ၊ ဝေဖန်စရာဖြစ်နေတာ နှစ်ပေါင်းအတော်ကြာနေပါပြီ။ အမေရိကန်နိုင်ငံက ဒီအကျင့်ပျက်လာဘ်စားမှုနဲ့ ဆက်နွှယ်ပတ်သက်နေတယ်လို့ သတ်မှတ်ထားတဲ့ ဒေါ်လာတစ်ဘီလီယံလောက် တန်ဖိုးရှိတဲ့ ပိုင်ဆိုင်သူတွေကို ထိန်းချုပ်ခဲ့ပါတယ်။ ဒီလို ထိန်းချုပ်ခဲ့တဲ့ ပိုင်ဆိုင်မှုတွေထဲမှာ မလေးရှားဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်အနီးနေ လူရင်းတွေရဲ့ ပုဂ္ဂလိကပိုင်ဂျက်လေယာဉ်ပျံအပါအဝင် ဇိမ်ခံပစ္စည်းအမျိုးမျိုးတွေ ပါဝင်ပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံ တရားရေးဌာန (Justice Department)က ထိန်းချုပ်ခဲ့တဲ့ ပိုင်ဆိုင်မှုတွေထဲမှာ ပမာဏအများဆုံးပါ။ ဒီအကျင့်ပျက်လာဘ်စားမှု ပြဿနာဟာ မလေးရှားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ(1 Malaysia Development Bhd)နဲ့ ဆက်နွှယ်နေပါတယ်။ မလေးရှားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီကို ဝန်ကြီးချုပ် နာဂျစ်(ဗ) ရာဇက်က ၂၀၀၉ ခုနှစ်မှာ ထူထောင်ခဲ့တာပါ။ ထူထောင်ခဲ့ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မလေးရှားနိုင်ငံရဲ့ မြို့တော် ကွာလာလမ်ပူကို ဘဏ္ဍာရေးအချက်အချာဒေသတစ်ခုဖြစ်အောင် ဖန်တီးပြီး မလေးရှားနိုင်ငံရဲ့ စီးပွားရေးကို မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုတွေနဲ့ မြှင့်တင်နိုင်ဖို့ပါ။ ဒီ အများပိုင်ကုမ္ပဏီရဲ့ မကောင်းသတင်းဟာ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ စပေါ်ထွက်လာပါတယ်။ ဘဏ်တွေနဲ့ ငွေချေးစာချုပ်ဝယ်ယူထားသူတွေကို ပေးရမယ့် ဒေါ်လာ ၁၁ ဘီလီယံလောက်ကို မလေးရှားဖွံ့ဖြိုးတိုးတက်ရေးဘဏ်က မပေးဆပ်နိုင်ခဲ့ပါဘူး။ အဲဒီအချိန်မှာပဲ The Wall Street Journal(WSJ) ဂျာနယ်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB)ကနေ ဝန်ကြီးချုပ်နာဂျစ်(ဗ) ရာဇက်ရဲ့ ပုဂ္ဂလိကငွေစာရင်းထဲကို ဒေါ်လာသန်း ၇၀၀ လွှဲပေးခဲ့တယ်လို့ ဖော်ထုတ်ရေးသားလာပါတယ်။

အမေရိကန်နိုင်ငံတရားရေးဌာနရဲ့ စုံစမ်းချက်အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့ပိုင် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဟာ အလွဲသုံးစားအလုပ်ခံထားရပါတယ်။ အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(FBI)ရဲ့ဒုတိယညွှန်ကြားရေးမှူး Andrew Mc Cabe က သတင်းစာရှင်းလင်းပွဲမှာ "မလေးရှားပြည်သူတွေဟာ အကြီးအကျယ်ကို လိမ်ညာလှည့်ဖျားခံခဲ့ရတာပါ" လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒီကိစ္စအပေါ် တရားစွဲဆိုမှုလုပ်နေတဲ့နေရာမှာ ဝန်ကြီးချုပ် နာဂျစ်(ဗ) ရာဇက်ရဲ့ နာမည်ကိုတော့ ထည့်မထားပါဘူး။ ဒါပေမယ့် တရားစွဲဆိုမှုထဲမှာ ဘာပါလဲဆိုတော့ မလေးရှားဝန်ထမ်းတစ်(Malaysian Official 1)လို့ ပါပါတယ်။ ဒီ မလေးရှားဝန်ထမ်းတစ်ကို "မလေးရှားအစိုးရအဖွဲ့မှာ အဆင့်မြင့်အရာရှိကြီးဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (1MDB)အပေါ်လည်း ဩဇာအာဏာရှိသူဖြစ်သည်" လို့ တရားစွဲဆိုမှုမှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အမေရိကန်နိုင်ငံရဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (1MDB) နဲ့ ပတ်သက်တဲ့ လုပ်ဆောင်ချက်မှာ တရားမဝင် ငွေကြေးစီးဆင်းမှုတိုက်ဖျက်ရေးမှာ အမေရိကန်နိုင်ငံက မျက်နှာစာသစ်တစ်ခုကို ဖွင့်လိုက်တာပါ။ ပြောရရင် အမေရိကန်နိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ရဲ့ဆက်ဆံရေးမှာ ဒီလိုကိစ္စမျိုးဟာ အင်မတန်ဖြစ်ခဲတဲ့ ကိစ္စမျိုးပါ။ အစဉ်အလာအရ အမေရိကန်နိုင်ငံက အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ မလေးရှားနိုင်ငံကို လက်တွဲဖော်နိုင်ငံတစ်နိုင်ငံအနေနဲ့ သတ်မှတ်ထားခဲ့တာပါ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1MDB) အဖွဲ့က သူတို့ဟာ အမေရိကန်နိုင်ငံစွပ်စွဲသလို အလွဲသုံးစားလုပ်တာမျိုးမရှိပါဘူးလို့ ငြင်းချက်ထုတ်ခဲ့ပါတယ်။ WSJ ဂျာနယ်မှာ ရေးထားသလို ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ရဲ့ ငွေစာရင်းထဲကိုလည်း ဒေါ်လာသန်း ၇၀၀ မလွှဲပေးခဲ့ပါဘူးလို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဝန်ကြီးချုပ် နာဂျစ် (ဗ)ရာဇက်ကလည်း သူ့အနေနဲ့ ဒီလိုတရားမဝင်ငွေကြေး လွှဲပြောင်းလက်ခံတာမျိုး မရှိခဲ့ပါဘူးလို့ ငြင်းဆိုပါတယ်။ ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ရုံးကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1MDB) နဲ့ ပတ်သက်တဲ့ ဘယ်လို တရားဝင်စုံစမ်းစစ်ဆေးမှုမျိုးကိုမဆို သူတို့အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ကတော့ ဒါဟာ သူ့ဆရာဟောင်းဖြစ်သလို ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်တဲ့ မဟာသီယာမိုဟာမက်က နိုင်ငံရေးတိုက်ကွက်တစ်ခုအနေနဲ့ ပုံဖော်ခဲ့တာလို့ စွပ်စွဲခဲ့ပါတယ်။ ဒါဟာ ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ပြည်ပအင်အားစုတွေနဲ့ မလျော်မကန် အပေးအယူလုပ်ပြီး ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့တဲ့ အစိုးရအဖွဲ့ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တာပဲလို့ နာဂျစ်(ဗ) ရာဇက်က ထပ်ဆင့် စွပ်စွဲတိုက်ခိုက်ခဲ့ပါတယ်။ အတိုက်အခံ နိုင်ငံရေးပါတီတွေကလည်း ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ကို ရာထူးကနေဆင်းပေးဖို့ တောင်းဆိုနေခဲ့ကြတာပါ။ ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (1MDB) လာဘ်စားမှုနဲ့ ပတ်သက်ပြီး ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံတော်ရှေ့နေချုပ်တို့ကိုလည်း ရာထူးတွေကနေ ထုတ်ပယ်ခဲ့ပါတယ်။ အသစ်ခန့်အပ်ခဲ့တဲ့ နိုင်ငံတော်ရှေ့နေချုပ်က ဒီလာဘ်စားမှုကို စုံစမ်းစစ်ဆေးခဲ့ပေမယ့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာတော့ ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ဟာ ဒီအကျင့်ပျက်လာဘ်စားမှုကိစ္စရပ်နဲ့ တစ်စုံတစ်ရာ ပတ်သက်မှုမရှိပါဘူးလို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မေလမှာ စင်ကာပူအာဏာပိုင်တွေက စင်ကာပူမှာ ဖွင့်လှစ်ထားတဲ့ ဆွစ်ဘဏ် (BSI)ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1MDB)ဆိုင်ရာ တရားမဝင်ငွေလွှဲမှုတွေနဲ့ ဆက်နွှယ်ပြီး ပိတ်ဖို့ ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါတယ်။ ဆွစ်အာဏာပိုင်တွေကလည်း ဆွစ်ဘဏ် (BSI) ကို ဒီအကျင့်ပျက်လာဘ်စားမှုနဲ့ ဆက်နွှယ်ပြီး အမှုဖွင့်ခဲ့ပါတယ်။




မြင့်တက်လာတဲ့ လူနေမှုကုန်ကျစရိတ်တွေနဲ့ ရင်သန်ရပ်တည်နိုင်ဖို့ နပန်းလုံးနေရတဲ့ မလေးရှားပြည်သူတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB) အကျင့်ပျက်လာဘ်စားမှုအပေါ် အတော်ကြီးကို စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြပါတယ်။ အကျင့်ပျက်လာဘ်စားမှုဟာ မလေးရှားနိုင်ငံရေးစနစ်မှာ အမြစ်တွယ်ကြီးထွားနေတယ်လို့ မလေးရှားပြည်သူအများစုက ခံယူယုံကြည်နေကြတာပါ။ ၂၀၁၅ ခုနှစ်မှာ မလေးရှားပြည်သူ ထောင်ပေါင်းများစွာဟာ လမ်းမတွေပေါ်ထွက်ပြီး ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက် ရာထူးကနေ ဆင်းပေးဖို့တောင်းဆိုခဲ့ကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မလေးရှားပြည်သူတွေနဲ့အတူ ကမ္ဘာ့နိုင်ငံတွေကလည်း စိုးရိမ်ပူပန်ခဲ့ကြပါတယ်။ ဒီအကျင့်ပျက်လာဘ်စားမှုအပေါ် အနည်းဆုံး နိုင်ငံလေးနိုင်ငံမှာ တရားစွဲဆို စစ်ဆေးမှုတွေ ပြုလုပ်နေကြပါတယ်။ ဒီနိုင်ငံတွေကတော့ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနဲ့ လူဇင်ဘတ်နိုင်ငံတွေပါ။ လက်ရှိ စုံစမ်းတွေ့ရှိချက်တွေအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB) ကို ၂၀၀၉ ခုနှစ် တည်ထောင်ပြီးစအချိန်မှာ ဆော်ဒီ ရေနံကုမ္ပဏီတစ်ခုနဲ့ ဖက်စပ်လုပ်ငန်း တစ်ခုထူထောင်ရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆွစ်ဘဏ်ငွေစာရင်းတစ်ခုတည်းကို ဒေါ်လာ တစ်ဘီလီယံ လွှဲပြောင်းပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ တခြားအဖွဲ့အစည်းအချို့နဲ့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB) အဖွဲ့က ငွေချေးစာချုပ် (bond) ရောင်းရာက ရတဲ့ဝင်ငွေကို Goldman Sach Group Inc ကတစ်ဆင့် တခြားမသက်ဆိုင်တဲ့ဆီကို လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီလိုလွှဲပြောင်းပေးခဲ့တဲ့ ငွေကြေးက ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိပြီး ဗြိတိသျှဗာဂျင်ကျွန်းမှာရှိတဲ့ အမည်ခံကုမ္ပဏီအတုအယောင်တစ်ခုဆီ ငွေကြေးလွှဲပေးခဲ့တာပါ။ ၂၀၁၃ ခုနှစ်မှာလည်း Goldman Sach ကပဲ တစ်ဆင့် ဒေါ်လာ တစ်ဘီလီယံ ထပ်လွှဲခဲ့ပါတယ်။ ဒီနေရာမှာ ဒီလိုတရားမဝင် လွှဲပြောင်းပေးပို့ခဲ့တဲ့ ငွေကြေးတွေ အမေရိကန်နိုင်ငံထဲ ဘယ်လို ရောက်လာသလဲဆိုတာက ခုချိန်ထိ မသိရသေးပါဘူး။ လက်ရှိ လေ့လာတွေ့ရှိချက်တွေအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ (1 MDB) ရဲ့ အဘူဒါဘီ (Abu Dhabi) အခြေစိုက် စီးပွားရေးလုပ်ဖော်ကိုင်ဖက်ကတစ်ဆင့် ဗြိတိသျှဗာဂျင်ကျွန်း မှတ်ပုံတင် ကုမ္ပဏီအတုအယောင်တစ်ခုသုံးပြီး ဝန်ကြီးချုပ် နာဂျစ်(ဗ)ရာဇက်ရဲ့ မွေးစားသား ရီဇာအဇစ် (Riza Aziz) ပိုင် ကုမ္ပဏီတစ်ခုကို လွှဲခဲ့ပါတယ်။ ဘီဘီစီသတင်းထောက်တွေ စုစည်းပြီး လုပ်ကိုင်နေတဲ့ ဗြိတိန်အခြေစိုက် အင်တာနက်စာမျက်နှာ Sarawak Report က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (1 MDB) နဲ့ ဆော်ဒီစွမ်းအင်ကုမ္ပဏီ Petro Saudi တို့ကြား အပြန်အလှန်ပေးပို့ခဲ့တဲ့ အီးမေးလ်တွေကို ဖွင့်ဟဖော်ထုတ်ခဲ့ပါတယ်။ ဒီဖြစ်ရပ်ကို ကြည့်လိုက်ရင် အကျင့်ပျက်လာဘ်စားမှုနဲ့ တရားမဝင်ငွေကြေးစီးဆင်းမှုတွေဟာ ကမ္ဘာတစ်လွှား ဘယ်လောက် ခြေတံလက်တံရှုပ်ရှုပ် ဖြန့်ကြက်နေတယ်ဆိုတာကို ရိပ်စားမိနိုင်ပါတယ်။

# မန္တလေးမြို့၌ (၈၈)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ကျင်းပပြီးစီး

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးအား ဝါဆိုရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ခြင်းလုံးအလှုခတ်ပညာဖြင့် ပူဇော်ခြင်း ရည်ရွယ်ချက်တို့ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသော မဟာမုနိဘုရားကြီး၏ (၈၈)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကို မန္တလေးချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဝါဆိုခြင်းအားကစားရုံ၌ ရက်ပေါင်း ၆၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် မြန်မာနိုင်ငံအတွင်းရှိ မြန်မာ့ရိုးရာခြင်းအလှုခတ်အသင်းများနှင့် ထိုင်း၊ ကနေဒါ၊ ဂျပန်၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့မှ ခြင်းအလှုခတ်အသင်းများ စုစုပေါင်းအသင်း ၁၈၀၀ တို့မှ ခြင်းအလှုခတ်ပညာရှင်များက(ကဆုန်လပြည့်ကျော် ၁ ရက်)မေ ၂၂ ရက်မှစတင်၍ (ဝါဆိုလပြည့်ကျော် ၁ ရက်) ဇူလိုင် ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီထိ အလှည့်ကျခြင်းအလှုခတ်ကစားကြပြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်ကို ပါဝင်ဆင်နွှဲကြရာ ခြင်းအားကစားဝါသနာရှင်ပြည်သူများက စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

ဝါဆိုခြင်းပွဲတော်သို့ ဝါဆိုလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ခြင်းလုံးအားကစားဝါသနာရှင်ပြည်သူများနှင့်အတူ စိတ်ဝင်တစား ကြည့်ရှုအားပေးကာ ခြင်းအလှုခတ်အသင်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ကျင်းပရေးကော်မတီမှ တိုင်းဒေသကြီးဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်အဖြစ် ဝါဆိုရွှေခြင်းလုံးကို ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# မန္တလေးမုန့်တီသုပ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမုန့်တီသုပ်ပြိုင်ပွဲကို ဇူလိုင် ၁၉ရက် ညနေ ၃ နာရီက စတင်ကျင်းပရာ ဒိုင်လူကြီးများဖြစ်သော လူမှုဝန်ထမ်းဦးစီး ဌာန အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်အေးမူ၊ နည်းပြဒေါ်ခင်စန်းလှ ၊ ဒေါ်စိုးစိုး(စိုးစိုးမုန့်တီ) တို့နှင့် ပြိုင်ပွဲဝင်များ၊ အချက်အပြုတ်ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ မန္တလေးမုန့်တီသုပ်ပြိုင်ပွဲတွင် အသက်အရွယ် ကျား၊ မ မရွေး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီးပြိုင်ပွဲဝင်များက ၄င်းတို့၏ စွဲမက်ဖွယ် ဟင်းချက်လက်ရာများဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

"မန္တလေးရဲ့အထင်ကရ လူကြိုက်များလှတဲ့ မန္တလေးမုန့်တီကို ပြုလုပ်ရာမှာ အသက်အရွယ်မရွေး မိမိတို့ဝါသနာပါရာ အချက်အပြုတ် လက်ရာတွေနဲ့ ပြသနိုင်ဖို့ ရည်ရွယ်ပြီး ဒီပွဲလေးကို လုပ်ဖြစ်ခဲ့တာပါ။ ဒိုင်တွေက အရသာကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ အချိန်ကိုက်ပြီးစီးမှု၊ ကျန်းမာရေးနဲ့ ညီညွတ်သော ပါဝင်ပစ္စည်းတွေအသုံးပြုမှုတို့အပေါ်မှာမူတည်ပြီး အမှတ်ပေးရွေးချယ်ပေးမှာပါ။ ဆုတွေအနေနဲ့ကတော့ ပထမဆုကို ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုကို ငွေကျပ် ၁၀၀၀၀၀ နဲ့ တတိယဆုကို ငွေကျပ် ၅၀၀၀၀ ချီးမြှင့်သွားမှာပါ"ဟု ပြိုင်ပွဲစီစဉ်ကျင်းပသည့် Ocean Supercenter မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အချက်အပြုတ်ဝါသနာရှင် ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

# တူရကီသမ္မတက အရေးပေါ်အခြေအနေ ကြေညာ

**အစ္စတန်ဘူလ် ဇူလိုင် ၂၁**



အာဏာသိမ်းမှု မအောင်မြင်ဖြစ်ခဲ့ပြီးနောက် တူရကီနိုင်ငံတွင် ထောင်ပေါင်းများစွာသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တရားရေးတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပညာတတ်များပါဝင်သော အင်အားစုများအား ဖြိုခွင်းမှုတစ်ရပ်ပြုလုပ်နေချိန်အတွင်း သမ္မတတေရစ်အာဒိုဂန်အနေဖြင့် အရေးပေါ်အခြေအနေတစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ကြေညာလိုက်သည်။

အဆိုပါအရေးပေါ်အခြေအနေသည် အစိုးရတစ်ရပ်အတွင်း အာဏာသိမ်းမှုထောက်ခံသူများ ရှင်းလင်းရေး အစီအမံများအတွက် သုံးလကြာမြင့်နိုင်ကြောင်း အာဒိုဂန်က ပြောသည်။ တူရကီအမျိုးသားလုံခြုံရေးကောင်စီ ငါးနာရီကြာအစည်းအဝေး ပြုလုပ်ပြီးနောက် ဝန်ကြီးများ ရှေ့မှောက်၌ သမ္မတအာဒိုဂန်က အဆိုပါကြေညာချက်ကို ကြေညာခဲ့ရာရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။

"ဒီအရေးပေါ် ကြေညာချက်ကို ကြေညာရတဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီကို ဆန့်ကျင်တဲ့ခြိမ်းခြောက်မှုတွေကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် နှိမ်နင်းဖြိုခွင်းသွားဖို့ ဖြစ်ပါတယ်"ဟု အာဒိုဂန်က ပြောသည်။ သောကြာနေ့က စစ်ဘက်ကအာဏာသိမ်းရန် ကြိုးစားမှု မအောင်မြင်ဖြစ်ခဲ့ပြီးနောက် တူရကီ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တရားသူကြီးများ၊ ဝန်ထမ်းများနှင့် ကျောင်းဆရာဆရာမများအပါအဝင် စုစုပေါင်း ၆၀၀၀၀ ခန့်ကို အလုပ်မှရပ်ဆိုင်းထားသည်။

**(ရိုက်တာ)**

## ရီယို ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲအတွက် လက်မှတ်တစ်သိန်းရောင်းချပေးမည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၁**

ရီယို ၂၀၁၆ အိုလံပစ်အားကစားပြိုင်ပွဲများအတွက် စုစုပေါင်းလက်မှတ် တစ်သိန်းရောင်းချပေးမည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ဇူလိုင် ၂၁ ရက်တွင် ပြောကြားခဲ့မှုကို ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

လက်မှတ်နောက်ဆုံးအသုတ်တွင် ဩဂုတ် ၅ ရက်နေ့ဖွင့်ပွဲနှင့် ဩဂုတ် ၂၁ ရက် ပိတ်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အားကစားပရိသတ်များအနေဖြင့် ဘရာဇီးနိုင်ငံ ရီယို ၂၀၁၆ လက်မှတ်များကို ရောင်းချသည့်နေရာများတွင် ဝယ်ယူခွင့်ရရှိမည် ဖြစ်သည်။

(ဆင်ဟွာ)

## ဂျက်စတားလေကြောင်းလိုင်းလေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံသို့ လမ်းကြောင်းပြောင်းဆင်းသက်

**ဆစ်ဒနီ ဇူလိုင် ၂၁**

ဩစတြေးလျနိုင်ငံသားများ စကားများရန်ဖြစ်မှုကြောင့် ဇူလိုင် ၂၁ ရက်က ထိုင်းနိုင်ငံ ဖူးခက်သို့ပျံသန်းနေသော ဂျက်စတားလေကြောင်းလိုင်း လေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံသို့ လမ်းကြောင်းပြောင်း ဆင်းသက်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ခရီးအတူ သွားဟန်ရှိသော လူခြောက်ဦး စကားများရန်ဖြစ်ကြသဖြင့် လေယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့ရကြောင်း ကွန်တာအုပ်စု ဂျက်စတားလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

လေကြောင်းဆိုင်ရာ အရေးယူခံရမှု ရှိ မရှိ အင်ဒိုနီးရှားအာဏာပိုင်များက ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အရက်အမူးလွန်ခြင်းကြောင့် စကားများကြသည်ဟု သက်ဆိုင်ရာအာဏာပိုင်များက သုံးသပ်သည်။

**(ဆင်ဟွာ)**

## မြေထဲပင်လယ်၌ ရော်ဘာလှေတစ်စင်းအတွင်း အမျိုးသားနှင့် အမျိုးသမီးရုပ်အလောင်းများတွေ့ရှိ

**ရောမ ဇူလိုင် ၂၁**

ဗုဒ္ဓဟူးနေ့က လစ်ဗျားကမ်းရိုးတန်းအနီး အီတလီသို့ ရွက်လွှင့်ထွက်ခွာလာသော စက်တပ်ရေယာဉ်တစ်စင်းအတွင်း အမျိုးသမီးရုပ်အလောင်း ၂၁ လောင်းနှင့် အမျိုးသားရုပ်အလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း နယ်စည်းမခြားအဖွဲ့(အမ်အက်စ်အက်ဖ်)က ပြောသည်။

အဆိုပါနယ်စည်းမခြားအဖွဲ့က သင်္ဘောတစ်စင်းသည်မြေထဲပင်လယ် အလယ်ပိုင်းသို့ ကင်းလှည့်ထွက်ခွာစဉ် ကလေးငယ် ၅၀ အပါအဝင် လူပေါင်း ၂၀၉ ဦး တင်ဆောင်လာသော ရော်ဘာစက်လှေနှစ်စင်းအတွင်းမှ ကယ်တင်နိုင်ခဲ့သည်ဟု ဆိုသည်။

သို့သော်လည်းရွှေ့ပြောင်းသွားလာသူ ၂၂ ဦးသည် ဆီလှောင်ကန်လဲကျနေသော ပထမရော်ဘာလှေအတွင်း အောက်ခြေ၌ သေဆုံး လျက်တွေ့ရသည်ဟု ဆိုသည်။ "ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ရှင်းရှင်းလင်းလင်းတော့မသိရသေးပါဘူး။ သို့ပေမယ့် အတော်ကြောက်စရာ ကောင်းတဲ့ဖြစ်ရပ်ကြီးပါ"ဟု အမ်အက်စ်အက်ဖ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအကြီးအကဲ ဂျင်းပါဂေ့တိုက ပြောသည်။

ယင်းဖြစ်ရပ်မှ သေဆုံးမှုအများစုမှာ အနောက်အာဖရိကနိုင်ငံများဖြစ်ကြသည့် နိုင်ဂျီးနီးယား၊ ဂီနီနိုင်ငံတို့မှဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

**(ရိုက်တာ)**



# တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တစ်ဝန်း မိုးသည်းထန်စွာရွာသွန်း၍ ၁၄ ဦးသေဆုံး၊ ၇၂ ဦးပျောက်ဆုံး



**ပေကျင်း ဇူလိုင် ၂၁**

ဇူလိုင် ၂၀ ရက်ကတည်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တရုတ်နိုင်ငံ ဟူဘေးပြည်နယ်မြောက်ပိုင်းတွင် ၁၄ ဦးသေဆုံးခဲ့ပြီး ၇၂ ဦးပျောက်ဆုံးနေကြောင်း ဒေသတွင်းပြည်သူ့ရေးရာဗျူရိုက ဇူလိုင် ၂၁ ရက်တွင် ပြောခဲ့သည်။

ဟူဘေးပြည်နယ်၌ မြို့ပေါင်း ၁၁ မြို့တွင် လူပေါင်း ၁ ဒသမ ၉၉ မီလီယံကျော် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသည်။ လုံခြုံစိတ်ချရမှုရှိရန် လူပေါင်း ၁၂၃၀၀၀ ခန့် ရွှေ့ပြောင်းခဲ့ရသည်။

ပြည်သူ့ရေးရာဗျူရိုက ရေကြီးမှုကြောင့် မြေပြိုမှုများဖြစ်ပွားကာ အိမ်ပေါင်း ၇၁၀၀ လုံးပျက်စီးခဲ့ကြောင်း ဖော်ပြခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်း ၁ ဒသမ ၄၈ ဟက်တာသန်း ပျက်စီးခဲ့ကြောင်းသိရပြီး မော်တော်ယဉ်များသွားလာမှုခက်ခဲကာ လျှပ်စစ်မီးနှင့်ဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

ယာယီနားခိုရာရွက်ဖျင်တဲများအပါအဝင် ရေဘေးကူညီမှုပစ္စည်းများကို အဆိုးရွားဆုံး ရေဘေးဒဏ်ခံဒေသများဖြစ်သော ဟန်ဒန်၊ ကျင်တိုင်နှင့် ပြည်နယ်မြို့တော် ရှီကျာကျောင်သို့ ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အမျိုးသားကော်မရှင်နှင့် ပြည်သူ့ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်သားများကို စေလွှတ်ပေးခဲ့ကြသည်။

ထို့ပြင် တရုတ်နိုင်ငံ ဟူဘေးပြည်နယ်အလယ်ပိုင်းရှိ ရှန်ရန်စီရင်စု ဂေါင်ယန်မြို့ ကျေးလက်များတွင်လည်း ရေများလွှမ်းမိုးလျက်ရှိကြောင်းနှင့် ယင်းဒေသများတွင် အင်္ဂါနေ့ကတည်းက မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွာအတော်များများ ရေများနစ်မြုပ်သွားခဲ့ကြောင်း ဆိုသည်။

**(ဆင်ဟွာ)**

## ဒူဘိုင်းမိုးမျှော်အဆောက်အအုံတစ်လုံးမီးလောင်၊ လူများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့

**ဒူဘိုင်း ဇူလိုင် ၂၁**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမယ်ရီနာ၌ အထပ် ၇၅ ထပ်ရှိ ဆာလဖာမျှော်စင်တွင် ဇူလိုင် ၂၀ ရက်က မီးအကြီးအကျယ်လောင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဆာလဖာမျှော်စင်ကို မီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် အပျက်အစီးများ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်သို့ ပြုတ်ကျခဲ့သဖြင့် လူပေါင်းရာကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

နှစ်နာရီကျော်ကြာလောင်ကျွမ်းမှုများဖြစ်ပွားပြီးနောက် မီးသတ်သမားများက မီးကိုငြိမ်းသတ်နိုင်ခဲ့ကြသည်။ မီးလောင်မှုဖြစ်ပွားသည့် အဆောက်အအုံသည် ဒူဘိုင်းနာမည်ကျော် ပမ်ဂျူမီရာကျွန်းတုတည်ရှိရာနေရာနှင့် သိပ်မဝေးလှသောနေရာတွင်ရှိကြောင်း၊ ဒေသစံတော်ချိန် ၂ နာရီ ၄၈ မိနစ် ဇူလိုင် ၂၀ ရက်တွင် အဆောက်အအုံ၏ ၃၅ ထပ်မြောက်တွင် မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# အီးယူဥက္ကဋ္ဌရာထူး ဗြိတိန်စွန့်လွှတ်ရေးအတွက် မေနှင့်မာကယ်တွေ့ဆုံ

✧ သက်မွန်ဦး ✧

ဗြိတိန်သည် အီးယူမှထွက်ခွာရန် ပြင်ဆင်ခဲ့သဖြင့် လာမည့်ခြောက်လအကြာ၌ ဥရောပကောင်စီဥက္ကဋ္ဌနေရာကို စွန့်လွှတ်ရတော့မည်ဖြစ်သည်။

ထရီဆာမေသည် ဝန်ကြီးချုပ်ဖြစ်ပြီး ပထမဆုံးအကြိမ်ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် တွေ့ဆုံရန်ပြင်ဆင်နေကြောင်း ဒေါင်းနင်းလမ်းအမှတ် (၁၀) မှ ကြေညာချက်ထွက်ပေါ်လာခဲ့သည်။ ဇူလိုင် ၂၁ ရက်၌ ပြင်သစ်သမ္မတဖရန်ဆွာ ဟော်လန်းနှင့်မတွေ့ဆုံခင် မစ္စမေနှင့် မာကယ်တို့သည် အလုပ်သဘောအရ ညစာစားပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

ဗြိတိန်ထွက်ခွာသွားပြီးနောက် အောင်မြင်မှုအရှိန်အဟုန်ကို ခိုင်မာစေရန် ဥရောပရှိ အားကောင်းသောကုန်သွယ်ရေး အချိတ်အဆက်များကို ထိန်းသိမ်းထားရကြောင်း မစ္စစ်မေက ပြောခဲ့သည်။

ယခုနှစ်ကုန်ပိုင်းမတိုင်ခင်အထိ တရားဝင်ဆွေးနွေးညှိနှိုင်းမှုများကို စတင်ရန် မျှော်လင့်မထားကြောင်း ပြောခဲ့ပြီး ၎င်းသည် စကော့တလန်၊ ဝေလနယ်နှင့် အိုင်းရစ်မြောက်ပိုင်းအစိုးရများနှင့် စီးပွားရေး၊ စက်မှုပိုင်းဆိုင်ရာနှင့် အခြားလုပ်ငန်းများ ရှေ့ဆက်တိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်နေကြောင်းသိရသည်။

ဗြိတိန်၏ မဲပေးထွက်ခွာခြင်းကို လေးစားရမည်။ ဗြိတိန်ကိုဆွေးနွေးညှိနှိုင်းမှု မဟာဗျူဟာအသစ်ချမှတ်ရေးအတွက် အချိန်ပေးရမည်ဟု ဂျာမနီနှင့်ပြင်သစ်ခေါင်းဆောင်နှစ်ဦးက ပြောခဲ့သည်။ ၎င်းတို့နှစ်ဦးသည်လာမည့်နှစ်တွင် ခက်ခဲသောညှိနှိုင်းမှုများအတွက် နိုင်ငံရေးဖိအားများနှင့် ရင်ဆိုင်နေရပြီး ပြန်လည်ရွေးကောက်ခံရနိုင်ဖွယ်ရှိနေသည်။

မစ္စစ်မေအနေဖြင့် ဥရောပရှိ၎င်းနှင့်အဆင့်ရာထူးတူသူများနှင့် ပုဂ္ဂိုလ်ရေးအရ ခိုင်မာသောဆက်ဆံရေးတည်ဆောက်မှုကို အလေးထားရလိမ့်မည်ဖြစ်သည်။ ထို့ပြင် နှစ်နိုင်ငံ ဆက်ဆံရေး၊ လုံခြုံရေး၊ ကုန်သွယ်ရေးနှင့်စီးပွားရေးရာတို့တွင် အင်္ဂလန်၏



လက်ရှိ ဥရောပကောင်စီဥက္ကဋ္ဌဒေါ်နယ်တက်စ်

ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း ဂျာမနီအစိုးရဘက်မှ ထုတ်ပြန်သည်။

ဒေးဗစ်ကင်မရွန်း၏ အီးယူအဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိရေး မအောင်မြင်ခဲ့သည့်အပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းရန် မစ္စစ်မာကယ်က စိတ်အားထက်သန်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ကင်မရွန်းကို အီးယူတွင်ဗြိတိန်ဆက်လက်ရှိနေစေရေးအတွက် ပြင်သစ်မှ ထောက်ခံအားပေးခဲ့သော်လည်း ဖြစ်ဖြစ်မြောက်မြောက်မရှိခဲ့ပေ။

ဝန်ကြီးချုပ်သစ် ထရီဆာမေသည် အောက်တိုဘာလတွင် ကျင်းပမည့် ဥရောပကောင်စီ အစည်းအဝေးတွင် အခြားအီးယူခေါင်းဆောင် ၂၇ ဦးနှင့်ပထမဆုံးအကြိမ်တွေ့ဆုံရမည်ဖြစ်သည်။ ယင်းအချိန်၌ ဗြိတိန်၏မဟာဗျူဟာ အချက်အလက်နှင့် ဆွေးနွေးပွဲအတွက် အချိန်သတ်မှတ်ချိန် ပိုမိုထင်ရှားသိသာလာမည်ဖြစ်သည်။

အစိုးရမှ ချမှတ်ရမည့် ဆုံးဖြတ်ချက်အတွက် ဒေါင်းနင်းလမ်းက မည်သို့ပင်ဖိအားပေး စေကာမူ မစ္စမေအနေဖြင့် ၂၀၁၆ မကုန်ခင်အထိ အပိုဒ်ခွဲ ၅၀ (Article 50) ကို အသုံးချရန် ရည်ရွယ်ချက်ရှိမည်မဟုတ်ကြောင်း အစိုးရရှေ့နေများက လန်ဒန်တရားရုံးချုပ်၌ ပြောကြားခဲ့သည်။

***Article 50 says : Any member state may decide to withdraw from the union in accordance with its own constitutional requirements.***

**ကိုးကား-ဘီဘီစီ(၂၀-၇-၂၀၁၆)**



ဝန်ကြီးချုပ်ထရီဆာမေ ဘာလင်သို့ရောက်ရှိစဉ် အခမ်းအနားဖြင့် ကြိုဆိုစဉ်

ဗြိတိန်သည် ဥရောပအဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံကြား ခြောက်လလျှင် တစ်ကြိမ် အလှည့်ကျ ဥရောပကောင်စီဥက္ကဋ္ဌနေရာ ရွေးချယ်မည့်စာရင်းတွင် ပါဝင်ခဲ့သည်။ ၂၀၁၇ နှစ်ဝက် ဒုတိယသက်တမ်းကာလတွင် ဗြိတိန်အနေဖြင့် ယင်းအခွင့်အရေးကို ရယူရမည့်အစီအစဉ်ဖြစ်သည်။ သို့သော်လည်း ဇွန်လက ပြုလုပ်ခဲ့သော ဆန္ဒခံယူပွဲကြောင့် ဗြိတိန်ထွက်ခွာခဲ့သည့် အရေးကြောင့် ဗြိတိန်အနေဖြင့် အလှည့်ကျော်သွားသင့်ကြောင်း မေကဆုံးဖြတ်ခဲ့သည်။ ဥရောပကောင်စီဥက္ကဋ္ဌဒေါ်နယ်တက်စ်နှင့်တွေ့ဆုံစဉ်၎င်းက အီးယူမှထွက်ခွာရေးဆွေးနွေးညှိနှိုင်းမှုများနှင့် အလုပ်ရှုပ်နေသည့်အရေးကြောင့်ဖြစ်ကြောင်း ဆိုခဲ့သည်။

မစ္စစ်မေသည် မာကယ်နှင့်သာမက ဖရန်ဆွာဟော်လန်းနှင့်ပါ ဖုန်းဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီးဖြစ်လင့်ကစား နှစ်ရက်အကြာတွင် ၎င်းတို့၏ပထမဆုံး အကြိမ်မျက်နှာစုံညီ တွေ့ဆုံမည်ဖြစ်ရာ အီးယူမှထွက်ခွာခဲ့သည့်ကိစ္စအပေါ် အလေးထား ဆွေးနွေးစရာများရှိခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ဝန်ကြီးချုပ်အသစ်သည် အရေးပါမှုတို့ကိုလည်း အလေးအနက်ထားပြီး အီးယူမှထွက်ခွာခဲ့လင့်ကစား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထားရှိရမည်ဖြစ်သည်။

"အီးယူမှ ကျွန်မတို့ထွက်ခွာသွားတဲ့အတွက် ကြုံတွေ့လာမယ့် စိန်ခေါ်မှုတွေကိုလျှော့မတွက်ကြောင်း၊ ကြုံတွေ့လာတဲ့ပြဿနာတွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း"ဟု မစ္စစ်မေက ပြောခဲ့သည်။ အီးယူမှ ထွက်ခွာသွားသည့်တိုင် ယခုရောနောင်တစ်ချိန်၌ပါ ဥရောပခေါင်းဆောင်များနှင့် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မြဲသွားစေမှာဖြစ်ကြောင်း ဆိုသည်။

အဆိုပါဆက်ဆံရေးသည် အတိတ်တွင်လည်းရှိခဲ့ပြီး အနာဂတ်အထိတိုင် လက်တွဲမှုကို ထိန်းသိမ်းသွားကာ အများပြည်သူလုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ထောက်ပံ့ရေးနှင့် နိုင်ငံအချင်းချင်းကြား ပြည်သူများ၏ အကျိုးစီးပွားကိုလည်း ရှေးရှုသွားမည်ဟု မစ္စစ်မေက ပြောသည်။

ခေါင်းဆောင်များသည် ဥရောပရှိဒုက္ခသည် ပြဿနာနှင့်တူရကီ၌ လက်ရှိ

**မစ္စစ်မေသည် မာကယ်နှင့်သာမက ဖရန်ဆွာဟော်လန်းနှင့်ပါ ဖုန်းဖြင့်အပြန်အလှန်ဆွေးနွေးခဲ့ကြပြီးဖြစ်လင့်ကစား နှစ်ရက်အကြာတွင် ၎င်းတို့၏ ပထမဆုံးအကြိမ်မျက်နှာစုံညီတွေ့ဆုံမည်ဖြစ်ရာ အီးယူမှထွက်ခွာခဲ့သည့်ကိစ္စအပေါ် အလေးထားဆွေးနွေးစရာများရှိခြင်းဖြစ်ကောင်းဖြစ်နိုင်**

# Brexit ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၌ မစတင်နိုင်ကြောင်း ထရီဆာမေပြော

**ဘာလင် ဇူလိုင် ၂၁**

ယခုနှစ်ပိုင်းအတွင်း အီးယူမှ ဗြိတိန်ထွက်ခွာမည့် တရားဝင်ဆွေးနွေးညှိနှိုင်းမှုများကို စတင်လိမ့်မည်မဟုတ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့်တွေ့ဆုံခိုက် ထရီဆာမေက ပြောကြားခဲ့သည်။

အီးယူမှ အစီအစဉ်တကျထွက်ခွာရေးကိစ္စသည် အရေးကြီးသည့်အတွက် အချိန်ယူရမည်ဖြစ်ကြောင်း ဘာလင်၌ ဆွေးနွေးစဉ် ပြောကြားခဲ့သည်။

သို့သော်လည်း ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပဆီမှ သွေဖည်သွားမည်မဟုတ်ဘဲ စီးပွားရေးဆိုင်ရာ အချိတ်အဆက်များကို ပိုမိုနီးကပ်စွာ ထိန်းသိမ်းထားလိုကြောင်း မေက ပြောသည်။

နှစ်ဖက်စလုံးမှ ဗြိတိန်အတွက် အကောင်းဆုံးရလဒ်ကိုပဲ မျှော်လင့်ကြောင်း၊ ရှင်းရှင်းလင်းလင်းဖြစ်စေရန် အချိန်မီတိုက်တွန်းသွားမည်ဖြစ်ကြောင်း မစ္စစ်မာကယ်ကလည်း ပြောခဲ့သည်။

ပြီးခဲ့သောသီတင်းပတ်က ဒေးဗစ်ကင်မရွန်းနေရာကို ဆက်ခံရယူခဲ့သော ဝန်ကြီးချုပ်သစ် ထရီဆာမေကို ဘာလင်ခရီးစဉ်အတွင်း အစောပိုင်းက နိုင်ငံတော်အခမ်းအနားများဖြင့် ကြိုဆို ဂုဏ်ပြုခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဗြိတိန်သည် အီးယူမှထွက်ခွာရေး နှစ်နှစ်ကြာဖြစ်စဉ်အတွင်း လူတိုင်းကို ကျေနပ်မှုမပေးနိုင်သော်လည်း အန္တရာယ်ခလုတ်ကန်သင်းမဖြစ်ခဲ့ရကြောင်း ထရီဆာမေက ပြောခဲ့သည်။

**(ဘီဘီစီ)**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့ ဇူလိုင် ၂၁ ရက်က ဘာလင်၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပစဉ်

# တရားမဝင်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအား လွှဲပြောင်းပေးအပ်

**မူဆယ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိ နန်းတော်ဂိတ် မြန်မာ-တရုတ် ဝင်/ထွက် စစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အမျိုးသား ၈၀၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၉၀ တို့အား လွှဲပြောင်းပေးအပ်ခြင်းကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက နှစ်နိုင်ငံ ဝင်/ထွက်ပေါက် နန်းတော်ဂိတ်တွင် နှစ်ဖက်နိုင်ငံမှ တာဝန်ရှိသူများက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံ ရွှေလီမြို့ ရဲဌာန နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဒုတိယဌာနမှူး Mr.Yin Tar Htaung ဦးဆောင်သောအဖွဲ့က လွှဲပြောင်းပေးအပ်ရာ မြန်မာဘက်မှ မူဆယ်မြို့ မကဖ(၅)အဖွဲ့ခေါင်းဆောင် လဝကမှူး ဦးဇော်လင်းက လွှဲပြောင်းလက်ခံခဲ့ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများကို မြို့နယ်ဒုတိယဦးစီးမှူး ဦးအောင်ပြည့်မြတ်၊ မြို့နယ်လူကုန်တားရဲတပ်ဖွဲ့မှ ရဲအုပ်လှထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ် အောင်ကိုမြတ် ပါလေးဦးနှင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ စာရေးကြီး ဦးကျော်နိုင်မြင့်တို့က နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ တရားဝင် ဝင်/ထွက်သွားလာမှုပြုကြရန် အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**အယ်လ်စိုး(ပြန်/ဆက်)**





# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ပြို

**ဆဒုံး ဇူလိုင် ၂၁**

ကချင်ပြည်နယ် ဆဒုံးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကြီးနား-ဆဒုံး-ကန်ပိုက်တီး ကားလမ်းပိုင်း၊ မြစ်ကြီးနား-ဆဒုံး-ဘွမ်တောင်နှင့် ရေတံခွန်အကျော် လမ်းပိုင်းတွင် တောင်များပြိုကျပြီး ကားလမ်းပိတ်သွားခဲ့သည်။ တောင်ပေါ်၌ မိုးအဆက်မပြတ်ရွာသဖြင့် ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကားလမ်းပေါ်တွင် တောင်ပြိုကျပြီး ကျောက်တုံး ကျောက်ခဲများ၊ မြေစာပုံများ ပိတ်ဆို့နေသဖြင့် **(အပေါ်ပုံ)** ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များသည် တောင်ပြိုကျရာနေရာ၌ စောင့်ဆိုင်းနေကြသည်။ အဆိုပါ လမ်းပိတ်ဆို့သည့်နေရာတွင် ဆဒုံးနယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ ပါဝင်သည့် လမ်းရှင်းလင်းရေးအဖွဲ့က တောင်ပြိုကျရာ နေရာများတွင် ဘူဒိုဇာများဖြင့် ရှင်းလင်းနေကြပြီး ဇူလိုင် ၂၂ ရက်တွင် ပြီးစီးနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောလင်းမြို့နယ်၌ အင်းကိစ္စနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်

**ကောလင်း ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက ဥက္ကံ၊ ညောင်ပင်လှ၊ မူးတိမ်၊ မိုးနှံ၊ ရွှေတွင်း၊ ကလုံး၊ ချောင်းနားကျေးရွာများမှ တောင်သူလယ်သမား ၈၀ ခန့်သည် ခွင့်ပြုချက်ရယူပြီး အင်းကိစ္စနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ **(ယာပုံ)**

ဆန္ဒထုတ်ဖော်သော တောင်သူလယ်သမားများက အင်းနှင့်ဆက်စပ်သော လယ်မြေများတွင် ဆောင်ရွက်နေကြသော တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့နှင့် ရွှေမင်းဝံလမ်းရှိ စည်ပင်သာယာ ဈေးကြီးရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်က ဆန္ဒထုတ်ဖော်တောင်သူများနှင့် တွေ့ဆုံ၍ တောင်းဆိုချက်များကို အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**


## ဖခင်အမည်မှန်

ရန်ကုန်မြို့၊သဃ်ာန်းကျွန်း အထက-၁၊ ဆဋ္ဌမတန်း-I မှ မခြူးသဇင်၏ ဖခင် အမည်မှန်မှာ ဦးလှမြင့်မျိုး ၁၂/သဃက(နိုင်)၀၁၄၇၇၉ ဖြစ်ပါကြောင်း။ **ဦးလှမြင့်မျိုး**

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ ကမာက လုပ် အထက၊ တက္ကသိုလ်ဝင်တန်း(က) မှ မစောဇာနည်ခိုင် (၀၂၈/၁၁)၏ ဖခင်အမည်မှန်မှာ ဦးစောမောင် ၁၂/ကတန (နိုင်)၀၄၁၇၆၇ ဖြစ်ပါကြောင်း။ **ဦးစောမောင်**

## အမည်ပြောင်း

ဦးလာဖာအဲ၏သား အိမ်မဲမြို့နယ်၊ ညောင်ငူကျေးရွာအုပ်စု အလက(ခွဲ) ညောင်ငူ-အဋ္ဌမတန်းမှ မောင်သန်းထွန်းလေးအား မောင်အိုင်စီးပွားဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အိုင်စီးပွား**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၇-၂၀၁၆ရက် ထုတ် ဤသတင်းစာ စာမျက်နှာ (၂၉)တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တော ဦးစီးဌာန၏ ကျွမ်းကျင်သူ အဆင့်(၄) ရာထူးခေါ်ယူမှု အပိုဒ်(၄)တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအစား ၂၀၁၆ ခုနှစ် စက်တင်ဘာလဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၈၃၅၈၅ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ Arr shin Co.Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မိတ္ထီလာခရိုင်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အောင်လံမြို့၊ စမ်းချောင်းကွက်သစ် (၇)လမ်းနေ ဦးစောတင်၏သား၊ ဦးစိုးမြင့်(ခ)ဦးမောင်မောင် ၈/အလန(နိုင်)၁၂၃၁၃၄ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ရှိ မြေကွက်အမှတ်(ပ-၂၁၅၁၃)၊ ဧရိယာ ဝဒသမ ၁၁၀ဧကရှိ ဦးဝင်းတင် အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၄၄၇၉/၆-၅-၂၀၁၆)ဖြင့် ဦးဝင်းတင်၏ အထူးကိုယ်စားလှယ်ရရှိထားသော ဒေါ်တင်ထူးထူး ၁၂/စခန(နိုင်)၀၁၂၅၄၁(ဘ)ဦးလှတင်က လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ Provincial Electricity Authority of Thailand (PEA) ထံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူ၍ ကရင်ပြည်နယ်အတွင်းရှိမြဝတီမြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသည့်လုပ်ငန်းကို မြန်မာနိုင်ငံသားတိုင်းရင်းသားပိုင် ကရင်ပြည်နယ်အခြေစိုက် ကုမ္ပဏီတစ်ခုမှ ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချသည့်ရက်** - ၁-၈-၂၀၁၆ရက်မှ ၁၅-၈-၂၀၁၆ရက် (ရုံးဖွင့်ရက်များနှင့် ရုံးချိန်အတွင်းသာ)
**တင်ဒါတင်သွင်းရမည့် ရက်** - ၃၀-၉-၂၀၁၆ရက် မွန်းလွဲ ၂ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၆ရက် ညနေ ၃နာရီ
**တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး (ကရင်ပြည်နယ်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီးရုံးအဖွဲ့)

၃။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့် စက်မှုဝန်ကြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး - ဖုန်း-၀၅၈-၂၃၂၃၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ကင်းသာအုပ်စု၊ မြေတိုင်းအကွက်အမှတ် ၁၄၅၇၊ မြေကွက် ဦးပိုင်အမှတ် ၃၃ဃ/၂၊ ရွှေကင်းသာ စက်သုံးဆီဆိုင်အမည်ဖြင့် ဖွင့်လှစ်ထားသော စက်သုံးဆီဆိုင်လိုင်စင်အမှတ် ၁၆၉၉/ခ/ရောင်း/၂၀၁၅ လိုင်စင်အမျိုးအစား(ခ)နှင့် မြေပြင်ပေါ်တွင်စွဲကပ်ထားသော မရွှေ့မပြောင်းနိုင်သည့် မြေပြင်ဧရိယာ ပေ (၃၀၀×၁၅၀) ပေါ်တွင် တည်ဆောက်ထားသော ဂါလန် ၃၂၀၀ဆံ့ စက်သုံးဆီလှောင်ကန် လေးကန်၊ ပေ (၅၀×၃၀)တစ်ထပ်အဆောက် အအုံတစ်လုံး၊ ပေ (၃၄×၂၃)အကျယ် အဆောက်အအုံတစ်လုံး၊ ဆီပန့် သုံးလုံး၊ တွယ်ကပ်နေသော အဆောက်အအုံငယ်အချို့နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ဝယ်ယူရန် မူလပိုင်ရှင် ဦးဘမြင့်ဦး ၁၂/သဃက(နိုင်)၀၅၂၁၄၁ (ဘ) ဦးဘသန်းထံမှဝယ်ယူရန် ကျွန်ုပ်က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါက်တာ ဓေယျာညွန့်**
**ဖုန်း-၀၉-၅၀၉၉၁၉၉၊ ၀၉-၇၉၆၁၆၈၈၄၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၇-၂၀၁၆ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၃၀) တွင် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ၌ နေပြည်တော်သစ်တောအိမ်ရာ၊ တိုက် ၁၂၀၄၊ အခန်းအမှတ် ၀၄နေ ဒေါ်နန်းမြင့်အေး ၇/ပခန(နိုင်)၁၁၉၆၈၈ အစား ဒေါ်နန်းအေးမြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၉၂၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ မြို့နယ်များဖြစ်သော သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကိုကိုးကျွန်း၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင် မြို့နယ်များရှိ ကျေးရွာများ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားနှင့် Box Culvert၊ အဆောက်အအုံ၊ ရေထိန်းတံခါးနှင့် ချောင်းတူးဖော်ခြင်း၊ သောက်သုံးရေ၊ မီးလင်းရေး၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သန်လျင်၊ ကျောက်တန်း၊ ကိုကိုးကျွန်းမြို့နယ်များရှိ လုပ်ငန်းများအတွက် သန်လျင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ခရမ်း၊ သုံးခွမြို့နယ်များရှိ လုပ်ငန်းများအတွက် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ လုပ်ငန်းများအတွက် ကော့မှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးတွင်လည်းကောင်း၊ တိုက်ကြီး၊ မှော်ဘီမြို့နယ်များရှိ လုပ်ငန်းများအတွက် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ လှည်းကူးမြို့နယ်ရှိ လုပ်ငန်းများအတွက် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ထန်းတပင်မြို့နယ်ရှိ လုပ်ငန်းများအတွက် ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း ၂၇-၇-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်းရောင်းချပေးသွားမည်ဖြစ်ပြီး ၂၇-၈-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လျှောက်လွှာရယူခဲ့သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် တင်ဒါဖွင့်ဖောက်မှတ်တမ်းတင်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၁-၂၃၀၇၅၃၇၊ ၀၉-၄၂၂၄၄၉၈၄၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# တာချီလိတ်၌ အုပ်စုဖွဲ့ရန်ပြုသူများကို ဖော်ထုတ်အရေးယူ

**တာချီလိတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ယန်းလမ်းနှင့် ရွှေဘူးသီးဟိုတယ်အနီး အုပ်စုဖွဲ့ ဓားဖြင့်ခုတ်သူများအား ဇူလိုင် ၂၀ ရက် ညပိုင်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်အောင်မြေရပ်ကွက်နေ ဒေါ်စန်းသည် ဇူလိုင် ၁၅ ရက် ည ၉ နာရီက နေအိမ်တွင်ရှိနေစဉ် သားဖြစ်သူ မောင်ကျော် ဓားခုတ်ခံရပြီး ဆေးရုံသို့ ရောက်ရှိနေကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် ဆေးရုံသို့ လိုက်သွားပြီး မေးမြန်းရာ သားဖြစ်သူ မောင်ကျော်သည် သူငယ်ချင်း နှစ်ဦးနှင့်အတူ ဟောင်လိတ်ရောင်နီဦး စကိတ်ကွင်းမှ ဗိုလ်ချုပ်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် နေအိမ်သို့ပြန်လာကြစဉ် ရွှေဘူးသီးဟိုတယ်အနီး ခေါက်ဆွဲဆိုင်ရှေ့အရောက် ကားလမ်းပေါ်တွင် နောက်မှ ဆိုင်ကယ်များဖြင့် လိုက်ပါလာသည့် လူငယ်တစ်စုက ဓားဖြင့်ခုတ်ပြီး ထွက်ပြေးသွားခဲ့ရာ သားဖြစ်သူနှင့် သူငယ်ချင်းများတွင် ဒဏ်ရာများရရှိခဲ့ကြောင်း ပြောပြသည်။

သားဖြစ်သူနှင့် သူငယ်ချင်းအား ဒဏ်ရာများရရှိအောင် ဓားဖြင့်ခုတ်ထွက်ပြေးသွားကြသူ လူငယ်တစ်စုအား ဥပဒေအရအရေးယူပေးရန် မိခင်ဖြစ်သူက တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၈ ရက် ည ၉ နာရီခန့်က မောင်သူသည် ဟောင်လိတ်စက်မှုဇုန် ကလေးကစားကွင်းမှ သူငယ်ချင်းသုံးဦးနှင့်အတူ ဆိုင်ကယ်နှစ်စီးဖြင့် ပြန်လာကြစဉ် တာချီလိတ်မြို့အဝင် ဟောင်လိတ်မီးပွိုင့်၌ မီးနီပြသဖြင့် ဆိုင်ကယ်ရပ်၍ စောင့်ဆိုင်းနေကြစဉ် မျက်နှာချင်းဆိုင် မြို့တွင်းဘက်မှ ခေါင်းစည်းများ ဝတ်ထားကာ မျက်နှာတွင် နှာခေါင်းစည်းများ စည်းထားသည့် အမျိုးသား ရှစ်ဦးသည် ဆိုင်ကယ်လေးစီးဖြင့် ၎င်းတို့ရပ်နေသည့်ဘက်သို့ ချိုးကွေ့ပြီး လက်ထဲတွင် အသင့်ကိုင်ဆောင်လာသော ဓားဦးချွန်များဖြင့် ဝိုင်းခုတ်ကြရာ သူငယ်ချင်းသုံးဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများအား မောင်သူက တရားလိုပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မှုခင်းနှိမ်နင်းရေးအထူးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးစီးပြီး မြို့မရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များက စီမံချက်များချပြီး လိုက်လံစုံစမ်းခဲ့ရာ ဇူလိုင် ၂၀ ရက် ညပိုင်းက ပြစ်မှုကျူးလွန်သူ အိုက်နွံနှင့်အဖွဲ့အား ဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၉ ရက်က ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်နှင့် Happy World ကလေး ကစားကွင်း၌ ခါးပိုက်နှိုက်မသင်္ကာသူ ဒလမြို့နယ်နေ မခင်မာ(ခ)မာလာ(ခ)မာလာမြင့် (၁၉ နှစ်) အား နံနက် ၉ နာရီခွဲတွင် ထိန်းသိမ်းစစ်ဆေးရာ ရွှေတိဂုံစေတီတောင်ဘက်မုခ် အတက်လှေကား၌ အသက် ၂၄ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘတ်အိတ်အတွင်းမှ ငွေကျပ် ၃၃၆၀၀ ပါ ခါက်ပိုက်ဆံအိတ် တစ်လုံး၊ အသက် ၁၆ နှစ်ခန့်ရှိ မိန်းကလေးတစ်ဦး၏ စလင်းဘတ်အိတ်အတွင်းမှ ဆင်းကတ်ပါ HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့အား နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီခွဲခန့်တွင် ခါးပိုက်နှိုက်မသင်္ကာသူ ဒလမြို့နယ်နေ ရန်နိုင်(ခ)ရန်လင်းဦး(၂၆နှစ်)၊ ရှိုင်းထက်အောင်(၁၉ နှစ်)၊ ကြွက်ကလေး(ခ) သီဟဇော်(၂၃ နှစ်)၊ သံချောင်း(၂၁ နှစ်)နှင့် သဃ်္ဃန်းကျွန်းမြို့နယ်နေ ဇော်မင်း (၂၇ နှစ်)တို့ ငါးဦးသည် Happy World ကစားကွင်း၌ အသက် ၁၈ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးနှင့် အသက် ၂၂ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘတ်အိတ်အတွင်းမှ မှတ်ပုံတင်မိတ္တူနှင့် ငွေကျပ် ၁၀၉၀၀ ပါ ခါက်ပိုက်ဆံအိတ်တစ်လုံးတို့အား ရန်နိုင်(ခ)ရန်လင်းဦးက နှိုက်ယူစဉ် ကျန်လူများက လူကာပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ခါးပိုက်နှိုက်မှုကျူးလွန်သူ မခင်မာ(ခ)မာလာ(ခ)မာလာမြင့်နှင့် ရန်နိုင်(ခ)ရန်လင်းဦး ပါ ငါးဦးတို့အား ဒဂုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နေအိမ်အတွင်းမှ ပစ္စည်းခိုးယူသူများကို နယ်မြေခံရဲတပ်ဖွဲ့က ဖော်ထုတ်အရေးယူ

**မြဝတီ ဇူလိုင် ၂၁**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် နေအိမ်တစ်အိမ်အတွင်းရှိ ပစ္စည်းများ ဝင်ရောက်ခိုးယူသူများကို ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဇူလိုင် ၁၈ ရက်တွင် ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့နယ် မစောနဖြူနှင့်ခင်ပွန်း စိုးနိုင်(ခ)ဘိုင်ကြီး တို့သည် သဃ်္ဃန်းညီနောင် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးမှုဖြင့် အရေးယူခံနေရစဉ် ၎င်းတို့နေထိုင်သော သဃ်္ဃန်းညီနောင်ကျေးရွာ မြို့သစ်(၇)လမ်းရှိ နေအိမ်ကို ကြည့်ရှုစောင့်ရှောက်ပေးရန် မစောနဖြူ၏ အစ်မရင်းဖြစ်သူ မယဉ်ယဉ်ဦးအား အပ်နှံထားခဲ့ရာ ၎င်းမှာ တစ်ပတ်တစ်ကြိမ်ခန့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်း မအားလပ်ချိန်တွင် အလုပ်သမားဟောင်း ဖိုးမင်းအား သွားကြည့်ခိုင်းရာ အဆိုပါနေအိမ်အတွင်း၌ ထားရှိသော အသုံးအဆောင်ပစ္စည်း



များ ပျောက်ဆုံးသွားခဲ့ကြောင်း သိရသဖြင့် အမှုဖွင့်အရေးယူပေးရန် သဃ်္ဃန်းညီနောင်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များ စုံစမ်းရာ သဃ်္ဃန်းညီနောင်ကျေးရွာနေ အရှည်ကြီး(၃၃ နှစ်)သည် အဲကွန်းဟောင်း လိုက်လံရောင်းချနေကြောင်း သတင်းရသဖြင့် ၎င်းအား စစ်ဆေးမေးမြန်းရာ အဲကွန်းကို မရောင်းချရသေးဘဲ ခေတ္တသိမ်းထားကြောင်းနှင့် ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သော အာကာ(၂၇ နှစ်)၊ စောအဲထူး(ခ)ကရင်(၂၈ နှစ်)နှင့် ညီညီနိုင်(၂၂ နှစ်)(**အပေါ်ပုံ**) တို့ကို စုံစမ်းဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့ ခိုးယူသော ပစ္စည်းများပါ ပြန်လည်သိမ်းဆည်းကာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# ထီးချိုင့်မြို့ရှိ နီကယ်စက်ရုံ၌ တရုတ်အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**ထီးချိုင့် ဇူလိုင် ၂၁**

ထီးချိုင့်မြို့မရဲစခန်း၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့် နီကယ်စက်ရုံ ပြင်ထိန်းဌာန ဝန်ထမ်း တရုတ်အမျိုးသားတစ်ဦး ဝရိန်လုပ်ကိုင်နေစဉ် ဓာတ်လိုက်၍ ဒဏ်ရာရရှိသဖြင့် စက်ရုံ ဆေးရုံသို့ ရောက်ရှိနေကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ဇူလိုင် ၂၀ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ဆေးရုံတွင်သေဆုံးနေသူမှာ မစ္စတာ လီကျင့်ကျုံး (၄၃ နှစ်) ပြင်ထိန်းဌာန နီကယ်စက်ရုံဝန်ထမ်း (နီကယ်စက်ရုံနေသူ)ဖြစ်ပြီး ၎င်းတွင် ဒဏ်များဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဟိန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ကန်ရိပ်သာလမ်းသွယ် (၅)၊ အမှတ်-၈၅ (အေ) တွင် နေထိုင်သူ ဦးတင်မောင်မြင့် (၁၂/မရက (နိုင်) ၀၆၅၂၀၈)၊ ဇနီး ဒေါ်မော်မော် (၁၂/မရက (နိုင်) ၁၀၂၂၂၀) နှင့် အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၈-ရပ်ကွက်၊ သီရိမင်္ဂလာ (၂) လမ်း၊ အမှတ်-၄၃ အေ နေ ဦးကိုကိုကြီး (၁၂/လမတ (နိုင်) ၀၁၄၄၁၁) ကိုယ်စားလှယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးတင်မောင်မြင့်၊ ဒေါ်မော်မော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းတို့ ဇနီးမောင်နှံ နှစ်ဦးသည် ကျွန်ုပ်တို့၏မိတ်ဆွေထံမှ မိမိတို့လုပ်ငန်းအတွက် ငွေလိုအပ်နေသည်ဟုဆိုကာ ယုံကြည်အောင်ပြောဆိုပြီး ငွေကျပ်သိန်းပေါင်း (၁၇၅၀) သိန်းကို အကြိမ်ကြိမ် ချေးယူခဲ့ရာ ငွေလက်ခံရရှိကြောင်း ယုံကြည်အပ်နှံမှုစာချုပ်အရ လက်မှတ်ရေးထိုးခဲ့ပါသည်။

လူကြီးမင်းတို့သည် ချေးယူထားသော ငွေကျပ်သိန်းပေါင်း (၁၇၅၀) သိန်းကို ပြန်လည်ပေးဆပ်ရန် ကျွန်ုပ်တို့အမှုသည်မှ အကြိမ်ကြိမ်ဆက်သွယ် တောင်းဆိုခဲ့သော်လည်း လူချင်းအဆက်အသွယ် လုံးဝမရသည့်အပြင် ငွေများကို ပြန်လည်ပေးဆပ်ခဲ့ခြင်းမရှိပါ။

လူကြီးမင်းတို့သည် ငွေချေးယူစဉ်ကတည်းကပင် ပေးဆပ်ရန်ရည်ရွယ်ချက်မရှိဘဲ ရင်းနှီးမှုကို အခွင့်ကောင်းယူ၍ တမင်ယုံကြည်အောင်ပြောဆိုပြီး ချေးယူခဲ့ခြင်းသာဖြစ်ပါသည်။

လူကြီးမင်းတို့အား ယုံကြည်စွာပေးအပ်ထားငွေကျပ်သိန်း (၁၇၅၀) အား ပြန်လည်ပေးဆပ်ရန် အကြိမ်ကြိမ်ဆက်သွယ်၍သော်လည်းကောင်း၊ နှုတ်စစာ အကြောင်းကြား၍သော်လည်းကောင်း ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းမှလက်ခံ တွေ့ဆုံခြင်း၊ ငွေများကို ပြန်လည်ပေးဆပ်ခဲ့ခြင်းများမရှိပါ။

သို့ပါ၍ လူကြီးမင်းတို့အား ယုံကြည်စွာ ပေးအပ်ထားသော ငွေကျပ် သိန်း (၁၇၅၀) ကို ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေထံသို့ဖြစ်စေ ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း **မပျက်မကွက်** တစ်လုံးတစ်ခဲတည်း အပြေအကြေ ပြန်လည်ပေးဆပ်ပါရန် အသိပေးအပ်ပါသည်။ အကယ်၍ ပေးဆပ်ရန် ပျက်ကွက်ခဲ့ပါက လူကြီးမင်းတို့အပေါ် တရားဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်အောင် (B.A, BL, DMA)
နိုင်ငံတော်ပဗ္ဗလစ် နှင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၇၇)
ဒေါ်စမ်းစမ်းဝင်း (LL.B, D.B.L) ဒေါ်မေချောစိုးဦး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၅) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၅၇)
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-20)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၆၄၃၇၁၇၉၁၊ ၀၉-၅၄၀၈၄၁၅၊ ၀၉-၂၆၁၁၉၇၉၉၆



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးစိန်ဝှက် ၁၂/အလန(နိုင်)၀၀၈၀၀၀(ဘ)ဦးဟုန်ရှိန်၊ အမှတ် ၁၄၈၊ ဦးကြင်ဥလမ်း၊ ၃၂ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမြို့သည် နိုင်ငံကူးလက်မှတ် Passport(အနီ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၆၀၀၄၇၇**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၁၄၀ရပ်ကွက်၊ ရွှေကြာမြိုင်လမ်း၊ အမှတ် ၂၃၈၀ ဟုခေါ်တွင်သော မြေဧရိယာ ပေ (၄၀×၆၀)ရှိ မြေကွက်၊ ဦးအောင်မင်းတင် ၁၂/ရပတ(နိုင်) ၀၁၃၆၈၈ အမည်ပေါက်ကို ဦးသူရဇော် ၁၂/ဒဂတ(နိုင်)၀၆၆၉၈၇ မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသဖြင့် အဆိုပါမြေကွက်ကို ဝယ်ယူရန်အလို့ငှာ ၂၀၁၆ခုနှစ် ဇူလိုင် ၂၀ရက်တွင် စရန်ငွေကိုချပေးပြီးဖြစ်သည်။ လက်ကျန်ငွေကိုရက်ပိုင်းအတွင်း အပြီးပေးချေရမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်စာချုပ်အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထန်းအွမ် ၄/မတန(နိုင်)၀၁၈၉၄၇**
**ဖုန်း-၀၉-၄၂၀၁၆၃၇၆၉**



**ပျောက်ဆုံးကြောင်း**

မသျှန်အုပ်လဲင် ၄/ဖလန(နိုင်) ၀၄၁၄၅၄ ၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၄၈၀၁၆၄၊ ၀၉-၄၅၇၁၁၆၆၁၄**



**တစ်ဦးတည်းဖြစ်ကြောင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) ရပ်ကွက်နေ ဦးထွန်းမြင့် ၁/ရကန(နိုင်) ၀၀၈၁၀၅ ၏သား မောင်သဲမင်းကိုကို ၁/ရကန(နိုင်)၀၆၂၇၀၀ နှင့် မောင်ကျော်ထွန်းစံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သဲမင်းကိုကို(ခ)မောင်ကျော်ထွန်းစံ**



**ဖခင်အမည်မှန်**

မြင်းခြံမြို့၊ အထက (၂)သတ္တမတန်း (C)မှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုးဝင်း ၉/မခန(နိုင်) ၁၇၃၆၈၈ ဖြစ်ပါကြောင်း။

**ဦးအောင်ဖြိုးဝင်း**



**ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၆၉-၇၄) ပညာရေးဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏**

**(ဒုတိယ)အကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ**

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် တက်ရောက်သူ ၁၉၇၄ ခုနှစ် ပညာရေးဘွဲ့ရသူများ၏ (ဒုတိယ)အကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ILBC ရှေ့၊ သံလမ်းမှတ်တိုင်အနီးရှိ အတုလမာန်အောင် ကျောင်းတိုက်တွင် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁နာရီထိ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဒေါ်ရီရီဝင်း ဖုန်း-၀၉-၅၁၆၇၇၆၆၊ ဒေါ်အေးအေးလတ် ဖုန်း-၀၉-၂၅၀၆၄၇၆၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၆၉-၇၄)**
**ပညာရေးဘွဲ့ရသူများအသင်း**



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀ (သုဝဏ္ဏ)၊ လူနေရပ်ကွက်အမှတ်-ဘုရားအနီး၊ မြေကွက်အမှတ် (၆)၊ မြေအကျယ်အဝန်း (၆၀×၇၀)၊ (၀.၁၁၁) ဧကပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၃၀ (သုဝဏ္ဏ) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၆) ဟုခေါ်တွင်သော အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမင်းမော်စိုး (ဘ) ဦးစိုးမြင့် (၁၂/ရကန (နိုင်) ၀၄၄၀၄၂)၊ ဦးဝင်းမော်စိုး (ဘ) ဦးစိုးမြင့် (၁၂/ရကန (နိုင်) ၀၁၅၂၆၇)၊ ဒေါ်မြတ်မော်စိုး (ဘ) ဦးစိုးမြင့် (၁၂/ရကန (နိုင်) ၀၁၆၁၂၈) တို့သာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း (မူရင်း) များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ် - ၀၉ ၄၂၀၀၆၁၅၆၉ ၊ ၀၉ ၅၀၆၈၃၁၇၊ ၀၉ ၄၂၀၀၀၂၈၅၆

# ဝါဆိုလပြည့်(ဓမ္မစကြာ)နေ့တွင် ဘားအံမြို့၌ ဆွမ်းဆန်တော်လောင်းလှူ

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဝါတွင်းကာလ ဝါဆို၊ ဝါကပ်ကြမည့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းကိစ္စပင်ပန်းခက်ခဲမှုမရှိစေရန်အတွက် မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များနှင့် သီလရှင်များအား ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ကျက်သရေဆောင် သေဋ္ဌမာရ်အောင် ဘုရားကြီးဝင်းအတွင်း၌ လောင်းလှူပူဇော်ကြသည်။ **(ယာပုံ)**

ထိုလောင်းလှူပူဇော်ပွဲသို့ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းမှ ရဟန်းသံဃာတော် ၁၅၈၀ ပါး၊ သီလရှင်ကျောင်း ၁၄ ကျောင်းမှ သီလရှင် အပါး ၄၈၀၊ ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၂၀၆၁ ပါး ကြွရောက်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ စေတနာရှင်ပြည်သူများ၊ ရပ်မိရပ်ဖ စုစုပေါင်း ၃၀၀၀ ခန့်က ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထုအစုစုတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဝက်လက်မြို့နယ်တွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး စီမံချက်စတင်ဆောင်ရွက်မည်

**ဝက်လက် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးပေါင်း၍ လူထုအခြေပြု ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို လူထုပူးပေါင်းမှုအသွင်ကူးပြောင်းရေး(PHAST TRAINING) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ဝက်လက်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးလွင်က အမှာစကားပြောကြားပြီး ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး စီမံချက်တာဝန်ခံ ဦးနိုင်လင်းထွန်းက စီမံချက်လုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားသည်။

စီမံချက်ကို ဝက်လက်မြို့နယ်အတွင်းရှိ ညောင်ပင်တွင်း၊ ကံစာရေး၊ တချမ်းသာနှင့် ရေဖြူကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံချက်မှာ ရပ်ရွာရှိဒေသခံပြည်သူများ၏ ကျန်းမာရေးကိစ္စများအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ရေး၊ ကျေးရွာလူထုနှင့်ပူးပေါင်း၍ အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း စီမံချက်တာဝန်ခံတစ်ဦးက ပြောကြားသည်။

**နန်းမြင့်(ဝက်လက်)**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ပါ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းနိုင်ဦး၊ ရွှေတောင်နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်လှိုင်ဝင်းတို့ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဒိုင်ကောင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်းပါ အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၂၀ရက်က ဒိုင်ကောင်းကုန်း-အင်္ကန်းကုန်း-နဘဲကန် ကျေးရွာချင်းဆက် လမ်းမကြီးအား မြေဖို့ပြုပြင်ခြင်းများ ဆောင်ရွက် စဉ်။

တင်လှိုင်(မိတ္ထီလာ)

# ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**မိတ္ထီလာ ဇူလိုင် ၂၁**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ယင်းကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မော်တော်ယာဉ်မောင်းနှင်သည့်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပိုမိုသိရှိနားလည်ရန်အတွက် မိတ္ထီလာ အမှတ် ( ၉၆ ) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်စိုးက ရုပ်ပုံများ၊ ဗီဒီယိုများ ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး အသိပညာပေးဟောပြောခဲ့သည်။

ယင်းအသိပညာပေးဟောပြောပွဲတွင် ဗဟိုဆက်သွယ်ရေးသင်တန်းကျောင်းက ဖွင့်လှစ်သည့် ပြင်ပယာဉ်မောင်းသင်တန်း အပတ်စဉ် ( ၂၀၉ ) ( ၂/၂၀၁၆ ) သို့ နိုင်ငံတစ်ဝန်းမှ သင်တန်းသား ၂၇၀ နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ညောင်ရွှေမြို့မဟာရန်အောင်စေတီ၌ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ညောင်ရွှေ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့တွင် ဇူလိုင် ၁၉ ရက်က မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်မဟာရန်အောင်စေတီတော်ကြီး၌ ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရာ မြို့နေပြည်သူလူထုအနေဖြင့် ဝါဆိုပန်းကပ်လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစကြာဝတ်အသင်းများက အလှည့်ကျဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြခြင်းစသောကောင်းမှုကုသိုလ်များပြုလုပ်ကြကြောင်း သိရသည်။

(၀၅၄)

# စလင်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေများ ထုတ်ပေး

**စလင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။ မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်အဖြစ် မြစိမ်းရောင်စီမံကိန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၃၂ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ခြောက်ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာလေးရွာတို့အား ဇူလိုင်လ ၁၀ ရက်က ချေးငွေများထုတ်ချေးခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် ကျေးရွာကော်မတီများ၏ စာရင်းဇယားများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ ဘိုးဘွားရိပ်သာများသို့ ပစ္စည်းများလှူဒါန်း

**ညောင်လေးပင် ဇူလိုင် ၂၁**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဘိုးဘွားသုံးပစ္စည်းများလှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့စက်ရုံလမ်းရှိစေတနာ လူမှုကူညီရေးအသင်းက ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်နှင့် တာဝန်ရှိသူများက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ဘိုးဘွားသုံးပစ္စည်းများအား စေတနာလူမှုကူညီရေးအသင်းမှအတွင်းရေးမှူး ဦးအောင်လင်းနှင့် တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ပင်းတလဲကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာသို့လည်း သွားရောက်ကာ ဘိုးဘွားသုံးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**နမ္မတူ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း အထက(၁)ပညာရောင်ခြည်ခန်းမ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနေဇာမြတ်သူက အခွန်ဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**၀၆၀**

# ရွှေတောင်၌ ဓာတ်အားများဖြန့်ဖြူးပေးနိုင်တော့မည်

**ရွှေတောင် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး(အနောက်)ရွှေတောင်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုစနစ်တိုးတက် ကောင်းမွန်ရေးနှင့် တိုးတက်သုံးစွဲလာမည့် ဓာတ်အားသုံးစွဲသူများအား လျှပ်စစ်ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရွှေတောင်မြို့နယ် ကွင်းယားကြီးကျေးရွာအုပ်စုတွင် ၆၆/၁၁ ကေဗွီ(၅)အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ၊ ၆၆ ကေဗွီလိုင်း မိုင် ၂၀ နှင့် ၁၁ ကေဗွီလိုင်း ၃၄ ဒသမ ၅ မိုင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် မကြာမီကာလအတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(၁၁၆)

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၂၆)

# တရားဥပဒေ၏အနှစ်သာရ



ဦးဟန်ညွန့်(ဥပဒေ)

**အနှစ်သာရဆိုသည်မှာ**

**"အနှစ်သာရ" ဆိုသည်မှာ** မွန်မြတ်သော၊ အဖိုးထိုက်သော၊ နှစ်သက်မြတ်နိုးသောအရာ၊ လေးစားဖွယ်ဖြစ်သောဂုဏ်၊ အရည်အချင်းဟု မြန်မာအဘိဓာန်စာမျက်နှာ-၈၀(အတွဲ-၅၊ အ) တွင် ဖွင့်ဆိုသည်။ သို့ဖြစ်၍ "တရားဥပဒေ၏အနှစ်သာရ" ဆိုသည်မှာ တရားဥပဒေ၏မွန်မြတ်သော၊ အဖိုးထိုက်သော၊ နှစ်သက်မြတ်နိုးဖွယ်သောအရာ၊ လေးစားဖွယ်ဖြစ်သော တရားဥပဒေ၏ဂုဏ်၊ တရားဥပဒေ၏ အရည်အချင်းဟု ဖွင့်ဆိုနိုင်မည်ဖြစ်သည်။

**ဥပဒေဆိုသောစကားရပ်**

"ဥပဒေ" ဆိုသော စကားရပ်၏အနက်အဓိပ္ပာယ်ကား အဘယ်နည်း။ **"ဥပဒေ" ဆိုသော စကားရပ်တွင်** "ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့ အာဏာတည်သော ဓလေ့ထုံးတမ်းများလည်းပါဝင်သည်" ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့် ဆိုရေးဥပဒေ၊ ပုဒ်မ၅(က)(၅)တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည်။

**နည်းဥပဒေဆိုသောစကားရပ်**

နည်းဥပဒေဆိုသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့်လုပ်ပိုင်ခွင့်ကိုသုံးစွဲ၍ ပြုလုပ်သောနည်းဥပဒေနှင့်ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေအဖြစ်ဖြင့်ပြုသော စည်းမျဉ်းဥပဒေပါဝင်သည်။

**[၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅(က) (၆)]**

**စည်းကမ်းဥပဒေဆိုသောစကားရပ်**

စည်းကမ်းဥပဒေဆိုသော စကားရပ်သည် ဥပဒေတစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ ပြုလုပ်သောစည်းကမ်းဥပဒေကိုဆိုသည်။

**[၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(က) (၇)]**

**အမိန့်ကြော်ငြာစာဆိုသောစကားရပ်**

အမိန့်ကြော်ငြာစာဆိုသော စကားရပ်သည်ပြန်တမ်းတွင်ပါဝင်သော အမိန့်ကိုဆိုသည်။

**[၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅(က) (၈)]**

**ပြန်တမ်းဆိုသောစကားရပ်**

ပြန်တမ်းဆိုသောစကားရပ်သည် မြန်မာနိုင်ငံပြန်တမ်းကိုဆိုသည်။

**[၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅(က)(၉)]**

**လမ်းညွှန်များ**

ဥပဒေပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး လမ်းညွှန်ချက်များမှာ-

(က) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင်ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံးအနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ သို့ရာတွင် ရှေ့နောက်စကားတို့၏အဓိပ္ပာယ်နှင့်အညီ သီးခြားအဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်သောစကားရပ်သည် ယင်းသီးခြားအနက်အဓိပ္ပာယ်ကိုဆောင်ရမည်။

(ခ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏အနက်အဓိပ္ပာယ်ကို ယင်းဥပဒေကိုပြုသည့် အာဏာပိုင်အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီအောင်ဖွင့်ဆိုရမည်။

(ဂ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကိုဖွင့်ဆိုရာ၌ ယင်းဥပဒေမပြဋ္ဌာန်းမီက ရှိရင်းစွဲဖြစ်သော သက်ဆိုင်ရာဥပဒေများအရ ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေကိုလည်းကောင်း၊ ယင်းအခြေအနေကို မည်သည့်အကြောင်းကြောင့် မည်သို့မည်ပုံပြင်ဆင်ရန်လိုကြောင်းကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်။

(ဃ) အထူးဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အထူးပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ယင်းဥပဒေတွင်ပါရှိသော ယေဘုယျပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။

(င) ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍အာဏာသက်ရောက်မှုရှိစေရမည်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန်အာဏာသက်ရောက်မှုမရှိစေရ။ သို့ရာတွင် မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှနောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရ။

(စ) လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သောဥပဒေတွင် တစ်နည်းတစ်ဖုံဖော်ပြထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်။

(ဆ) ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်။

**စဉ်းစားနိုင်**

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ယင်းဥပဒေကို မပြဋ္ဌာန်းမီက ဥပဒေရေးဆွဲရေးကော်မရှင် သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွင် ဆွေးနွေးခဲ့သည့်အချက် မှတ်တမ်းများကိုလည်းကောင်း၊ ရေးဆွဲခဲ့သော ဥပဒေမူကြမ်းများကိုလည်းကောင်း၊ ဥပဒေပြုရခြင်း၏ ကျိုးကြောင်းဖော်ပြချက်ကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်။

**ဥပဒေသိပ္ပံပညာဟူသော ဝေါဟာရ**

"ဥပဒေသိပ္ပံပညာ" ဟူသော ဝေါဟာရသည် အမှန်စင်စစ်အင်္ဂလိပ်ဘာသာနှင့် လက်တင်ဘာသာတို့ပေါင်းစပ်ပြီး ခေါ်ဝေါ်သည့်စကားရပ်(Jurisprudence)ဖြစ်သည်။ ယင်း၏အဓိပ္ပာယ်ကို ပါဠိဘာသာဖြင့် မြန်မာတို့ကသမိုင်းအစဉ်အဆက်သုံးစွဲခဲ့သော ဝေါဟာရနှင့် သိပ္ပံပညာရှုထောင့်မှ တွေ့ရှိရသောပညာရပ်များ ပူးပေါင်း၍ခေါ်ဝေါ်ထားခြင်းဖြစ်သည်။ ပါဠိဘာသာဖြင့် "ဥပ✔ဒိသ်+ကာ" ဟူသော ပါဠိဘာသာမှဆင်းသက်လာခြင်းဖြစ်ပေသည်။ ဥပဒေဆိုသောစကားရပ်၏အရင်းခံအဓိပ္ပာယ်မှာ "ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်ခြင်း" ဟူ၍ဖြစ်သည်။ ဤအခြေခံသဘောကို ထောက်ရှုခြင်းဖြင့်အနောက်နိုင်ငံအသီးသီးတွင် ဤစကားလုံးအသုံးအနှုန်းတို့သည် တိကျပြတ်သားစွာ ကိုက်ညီမှုမရှိကြောင်း တွေ့ရပေသည်။ ထိုနိုင်ငံအသီးသီးတွင် "Law" ဆိုသောစကားအသုံးအနှုန်းမှာအမျိုးမျိုးသော အဓိပ္ပာယ်ဖြင့် အင်္ဂလိပ်များသုံးနှုန်းသည့်သဘောသကန်အရမဟုတ်ဘဲပြုလုပ်လိုက်သောအာဏာပိုင်၊ ဖြစ်ပေါ်လာသောအခြေအနေ၊ ပြဋ္ဌာန်းလိုက်သောဌာန၊ တရားရုံးများ၏ဆုံးဖြတ်ချက်များကိုထုံးဖွဲ့ချက်များ၊ ကိုးကွယ်သောဘာသာမှပညတ်ထားသည့် ပညတ်ချက်များစသည်တို့အပေါ်အခြေခံပြုပြီး အဓိပ္ပာယ်ကိုအမျိုးမျိုးအဓိပ္ပာယ်ခံယူချက်များဖြင့်အသုံးပြုထားသည်ကိုတွေ့ရပေသည်။ Law ဟူသောဝေါဟာရကိုလက်တင်ဘာသာအားဖြင့် "Jus" ဟူ၍လည်းကောင်း၊ ပြင်သစ်ဘာသာအားဖြင့် " **Lex; Loi; Legge; Droit** ဟူ၍လည်းကောင်း၊ အီတာလျံဘာသာအားဖြင့်" Dritto" ဟူ၍လည်းကောင်း၊ ဂျာမန်ဘာသာအားဖြင့်" Recht ; Gesetz " ဟူ၍လည်း ကောင်း ဖြစ်ပေါ်လာသည့် အရင်းအမြစ်အပေါ်မူတည်၍ အဓိပ္ပာယ်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲသည်ကိုတွေ့ရသည်" ဟု **အငြိမ်းစားတရားလွှတ်တော်၊ တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်က** စာရေးသူတို့ ဥပဒေကျောင်းသားဘဝတွင် ပို့ချ၊ သင်ပြခဲ့ပေသည်။

**ဘာကြောင့်ခေါ်သလဲ**

**"ဥပဒေသိပ္ပံပညာ"** ဟူသောအခေါ်အဝေါ်ကိုဘာကြောင့်ခေါ်ရကြောင်း မေးကြသည်။ "ဥပဒေ" ဟုလည်းဆိုထားပြီး "သိပ္ပံပညာ" ဟုပါတွဲထားရမည်သည့်အတွက်ကြောင့် ယခုကဲ့သို့ တွဲခေါ်ရသလဲဟုလည်း မေးကြပါသည်။ အမှန်စင်စင် ဥပဒေသိပ္ပံပညာသည် လက်တင်ဘာသာစကားများဖြစ်ကြသော Juris နှင့် Prudentia တို့ကို ပေါင်းစပ်ထားသည့်အင်္ဂလိပ်ဘာသာစကား Jurisprudence ကို ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့်ပင် Jurisprudence ကိုအဓိပ္ပာယ်သတ်မှတ်ထားသည်မှာ Science of Law ဟူ၍ဖြစ်ပါသည်။ ဤသဘောကိုယူ၍မြန်မာဘာသာစကားဖြင့် **"ဥပဒေသိပ္ပံပညာ"** ဟုခေါ်ဝေါ်ရခြင်းဖြစ်ပါသည်" ဟု **ဥပဒေပါမောက္ခဦးတင်အုံးက "ဥပဒေ သိပ္ပံပညာ"** ကျမ်းစာအုပ်တွင်ဖော်ပြရေးသားခဲ့သည်။

**မဏ္ဍိုင်(၃)ရပ်**

နိုင်ငံတော်တွင် မဏ္ဍိုင်(၃)ရပ်ရှိသည်။ ယင်းတို့ကား-

(၁) ဥပဒေပြုရေး

(၂) အုပ်ချုပ်ရေး

(၃) တရားစီရင်ရေးတို့ဖြစ်သည်။ **တရားဥပဒေ၏ အနှစ်သာရ** (သို့မဟုတ်) ဥပဒေပြုရေးသည်အဓိကဖြစ်သည်။ လူထုကိုယ်စားဥပဒေပြုသည်။လူထုအစိုးရဖြစ်သည်။ အချုပ်အခြာအာဏာသည်လူထုထံမှဆင်းသက်သည်။ ဥပဒေပြုအစိုးရ၊ လူထုအစိုးရ၊ လူထုအကျိုးဦးထိပ်ထားသည်။ဥပဒေသည်သီးခြားရပ်တည်မနေရ။ လူထုဘဝထဲမှာ ဥပဒေအမြဲရှိသည်။ ဥပဒေ၏အသက်သည်လူထု၏လက်ထဲမှာရှိသည်။ ဥပဒေသည် ဘက်မလိုက်၊ အမှားပြင်၊ အမှန်အစဉ်။

**တရားဥပဒေ၏အနှစ်သာရ (သို့မဟုတ်) ဥပဒေပြုရေးသည် အဓိကဖြစ်သည်။ လူထုကိုယ်စား ဥပဒေပြုသည်။ လူထုအစိုးရဖြစ်သည်။ အချုပ်အခြာအာဏာသည် လူထုထံမှဆင်းသက်သည်။ ဥပဒေပြုအစိုးရ၊ လူထုအစိုးရ၊ လူထုအကျိုးဦးထိပ်ထားသည်။ ဥပဒေသည်သီးခြားရပ်တည်မနေရ။ လူထုဘဝထဲမှာ ဥပဒေအမြဲရှိသည်။ ဥပဒေ၏အသက်သည်လူထု၏လက်ထဲမှာရှိသည်။ ဥပဒေသည် ဘက်မလိုက်၊ အမှားပြင်၊ အမှန်အစဉ်။**

စာတွေ့မှလက်တွေ့သို့တရားဥပဒေ၏အနှစ်သာရဖော်ထုတ်စို့။

**အများမြင်စရာသည်**

"တရားစီရင်ရာတွင်အမှန်ကိုဆုံးဖြတ်ရုံသာမကဘဲ ထိုသို့အမှန်တရားစီရင်ကြောင်း အများမြင်စေရာသည်" ဟူသောစီရင်ထုံးလမ်းညွှန်ချက်သည် တရားဥပဒေ၏အနှစ်သာရဖြစ်သည်။ တရားဥပဒေ၏အနှစ်သာရကိုရရှိခံစားကြစေဖို့အမြဲမပြတ်သတိချပ်သင့်သည်။ ဝေဖန်သုံးသပ် အပ်သည်။

**အားနည်းချက်များဖုံးကွယ်ထားမည်လား**

**"အားသာချက်များ"** ကိုသာ ဝံ့ကြွားနေကြမည်လား။ **"အားနည်းချက်များ"** ကိုဖုံးကွယ်ထားကြမည်လား။ လူထုဘဝထဲသို့ကွင်းဆင်း ထိတွေ့ပါသလား။ ရုံးခန်း၊ ပန်ကာအောက်မှာအိပ်စက်နားနေရင်း **"ထန်းတက်ဆာပေး"** စနစ်များနှစ်ခြိုက်နေဆဲလား။ ဥပဒေစာအုပ်ထူထူကြီးများကို ခေါင်းအုံးအိပ်နေဆဲလား။ ကျွန်တော်စဉ်းစားမိသည့် ဥပဒေအတွေးပါ . . . ။

## ခရိုင်ချင်းဆက်ကားလမ်းပေါ်ရှိ လမ်းအပေါက် ပြန်လည်ပြုပြင်ပြီးစီး၍ သွားလာရေးအဆင်ပြေ

**တပ်ကုန်း ဇူလိုင် ၂၁**

နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအထိ အရှည်၁၁၃ မိုင်၊ ခုနစ်ဖာလုံရှိသော အမှတ်(၂)ခရိုင်ချင်းဆက်ကတ္တရာကားလမ်းသည် တပ်ကုန်းမြို့နယ်အတွင်း မိုင်တိုင် (၁၄၉/၁)နှင့် (၁၄၉/၀) အကြားရှိ တံတားမြောက်ဘက်ထိပ်တွင် ကတ္တရာခင်းလမ်းသုံးပေခန့်နှင့် လမ်းမြေအပေါက်ကို ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဇွန်လ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာပြုပြင်စရာတွင် ဖော်ပြပါရှိခဲ့ပြီးနောက် အဆိုပါလမ်းအပေါက်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမှုကြောင့် ယင်းလမ်းအသုံးပြုသူများ သွားလာရေး အဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## တီဘီရောဂါစီမံခန့်ခွဲမှု သင်တန်းဖွင့်

**နတ်တလင်း ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တီဘီရောဂါစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချသင်ကြားရာ တိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာ ခိုင်စန္ဒာအောင်နှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာ နှင်းစပယ်ထွင့်တို့က တီဘီရောဂါနှင့်ပတ်သက်၍ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ခြင်း၊ ရောဂါဖြစ်ပေါ်လာပါက ကုသနည်းများအကြောင်းကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းကာလမှ ဇူလိုင် ၂၂ ရက်အထိဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မဲဇာမြစ်ကမ်း ခေါင်တုန့်ကျေးရွာ၌ နှစ်စဉ်ကြုံတွေ့နေရသော မြစ်ရေလွှမ်းမှု ကာကွယ်နိုင်ရန် မြေသားပေါင်တာရိုးကြီး ပြုလုပ်ပြီးစီး

**ဗန်းမောက် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း နှစ်စဉ် မဲဇာမြစ်ရေကြီးမှုကြောင့် ရေလွှမ်းမိုးခံရသော ခေါင်တုန့်ကျေးရွာ၌ မဲဇာမြစ်ရေကာကွယ်ရေး မြေသားပေါင်တာရိုးကြီးကို ဇူလိုင် ၁၁ ရက်က စတင်ပြုလုပ်ခဲ့ကြရာ ဇူလိုင် ၁၈ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်၍ နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝရေဘေးဒဏ်ကို ကာကွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ခေါင်တုန့်ကျေးရွာ၌ မဲဇာမြစ်ရေလွှမ်းခြင်းကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် ပြည်သူ့လွှတ်တော်ရန်ပုံငွေ ကျပ်သိန်း တစ်ထောင်မှ ငွေ ၂၅ သိန်း မတည်ကာ မြေသားပေါင် တာရိုးကြီးကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် ဗန်းမောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခဲ့ပြီး ခေါင်တုန့်ကျေးရွာ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများကလည်း ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ပန်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမုန်းရွှေ၏ ပြောကြားချက်အရ သိရသည်။ မြေသားပေါင် တာရိုးသည် မဲဇာမြစ်ကမ်းဘေး တစ်လျှောက် အလျား အရှည် ၁ မိုင် ၃ ဖာလုံရှိပြီး တာပေါင်အောက်ခြေအကျယ်မှာ ပေ ၂၀ ရှိကာ အမြင့်မှာ ၁၅ ပေအထိ ရှိသည်။



မဲဇာမြစ်ကမ်းဘေးမှ မြေသားပေါင်တာရိုးပြုလုပ်ပြီးစီးသည့် တစ်နေရာ

ခေါင်တုန့်ကျေးရွာသည် အိမ်ခြေအားဖြင့် ၁၂၀ ကျော်သာရှိသော်လည်း ယခင်ကာလက မြို့ဟောင်းတစ်ခုဖြစ်ခဲ့သောကျေးရွာဖြစ်ကာ နှစ်စဉ် မိုးရာသီကာလများတွင် မဲဇာမြစ် ရေကြီးရေလျှံခြင်းကြောင့် ကျေးရွာတစ်ရွာလုံးကို ရေလွှမ်းကာ ကျေးရွာနေပြည်သူများမှာ ရေဘေးဒုက္ခများကို နှစ်စဉ်ကြုံတွေ့ခဲ့ကြရပြီး ယခုအခါ မြေသားပေါင် တာရိုးကြီးကို ပြုလုပ်ပြီးခဲ့ပြီဖြစ်၍ နှစ်စဉ်ကြုံတွေ့နေရသည့် သဘာဝရေဘေးအန္တရာယ်ကို ကာကွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**

## ဂျပန်နိုင်ငံမှ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခဲ့သည့် ဆိုလာစနစ် မီးလင်းရေးလုပ်ငန်းများ ပြီးစီး

**ထန်တလန် ဇူလိုင် ၂၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICS)တို့ ပူးပေါင်း၍ ချင်းပြည်နယ် ထန်တလန်မြို့နယ် ထွာလမ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ဆိုလာမီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးချန်ဟမ်းနှင့် ထွာလမ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထပ်ဒိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ဂျပန်နိုင်ငံ၏အကူအညီ အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကျေးရွာအများစုတွင် ဆောင်ရွက်နေသည့် နေအိမ်တစ်အိမ်ချင်းစီတွင် ဆိုလာတစ်စုံစီတပ်ဆင်သည့်စနစ်မျိုး မဟုတ်ဘဲ ဆိုလာပြား ၃၆ ချပ်ကို အထိုင် တစ်နေရာတွင် ထားရှိ၍ ထိုမှတစ်ဆင့် အိမ်တိုင်းအိမ်တိုင်းကို မီးကြိုးနှင့် သွယ်ယူသည့်စနစ်ဖြစ်ကြောင်း၊ အဆိုပါဆိုလာမှ ဓာတ်အား ငါးကီလိုဝပ် ရရှိမည်ဖြစ်၍ ထွာလမ်ကျေးရွာမှ အိမ်ခြေ ၈၀ အတွက် မီးလင်းရန် ကောင်းစွာလုံလောက်မည်ဖြစ်ကြောင်း ထန်တလန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး၏ ပြောကြားချက်အရသိရသည်။

"ကျွန်တော်တို့ တစ်ရွာလုံး အိမ်တိုင်းစေ့ မီးလင်းပါပြီ။ အခုလို ငွေကြေးမြောက်မြားစွာ အကုန်ကျခံပြီး ဆိုလာမီးတပ်ဆင်ပေးလို့ တာဝန်ရှိသူအဆင့်ဆင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရွာလည်း ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတော့မှာပါ"ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးရွာကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထန်တလန်မြို့နယ် ဇဲဖိုင်ကျေးရွာတွင်လည်း ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ပြီးခဲ့သည့်နှစ်အတွင်းက ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ တပ်ဆင်ဆောင်ရွက်ပေးထားခဲ့ပြီးဖြစ်ရာ ယခုအခါ ထန်တလန်မြို့နယ်တွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် ဆိုလာမီးရရှိသည့် ကျေးရွာနှစ်ရွာရှိသွားပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အေးရှားဝေါဖောင်ဒေးရှင်းမှ လှူဒါန်းသော ကျေးရွာစက်ရေတွင်းအောင်ပွဲကျင်းပ

**မကွေး ဇူလိုင် ၂၁**

မကွေးမြို့နယ်အတွင်းမှ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသည့် ကျေးရွာတစ်ရွာဖြစ်သော ဇေယျာစမ်းကျေးရွာ၌ အေးရှားဝေါဖောင်ဒေးရှင်း(Asia World Foundation)က လှူဒါန်းခဲ့သော စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများ ပြီးစီး၍ အောင်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းအတွင်း စက်ရေတွင်းတူးဖော်ရာနေရာ၌ ကျင်းပခဲ့သည့် စက်ရေတွင်းအောင်ပွဲတွင် မကွေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းနှင့် အေးရှားဝေါဖောင်ဒေးရှင်းမှ စက်ရေတွင်းအလှူရှင် ဒါရိုက်တာ ဦးစိုးဝင်းသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က သောက်သုံးရေအခက်အခဲ ကြုံတွေ့ရသည့် ဇေယျာစမ်းကျေးရွာနှင့် အနီးအနားရှိ မိကျောင်းရဲ၊ တောင်ခွင်၊ ကန်တော်၊ ဇေယျာစမ်းကျေးရွာများမှ ပြည်သူများ အသုံးပြုနိုင်ရန် စက်ရေတွင်း အလှူရှင်ရှာဖွေကာ ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားပြီး စက်ရေတွင်းအလှူရှင် အေးရှားဝေါဖောင်ဒေးရှင်း ဒါရိုက်တာက ဝမ်းမြောက်ကြောင်းပြောကြားကာ ကျေးရွာမှ ကျောင်းသား ကျောင်းသူများ၏ ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ်သုံးသိန်းကို လှူဒါန်းခဲ့သည်။

ဇေယျာစမ်းကျေးရွာသည် ယခုနှစ် နွေရာသီကာလတွင် သောက်သုံးရေအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး နှစ်မိုင်ခန့်ဝေးသည့် စူးပြစ်စမ်းကျေးရွာ စက်ရေတွင်းသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲစွာ သွားရောက်ကာ ရေစည်လှည်းဖြင့် ရေရယူအသုံးပြုခဲ့ရပြီး ယခုအခါ စက်ရေတွင်းမှ ရေများကို အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းသို့ ရေတွင်း၊ ရေကန်၊ မီးစက်နှင့် စာရေးကိရိယာများ လှူဒါန်း

**ကသာ ဇူလိုင် ၂၁**

ကသာမြို့နယ် ပိန္နဲချောင်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်း(ခွဲ)ကျောင်းသို့ ရောကမ်းသာ လူမှုကူညီရေးအသင်းမှ ရေတွင်း၊ ရေကန်၊ မီးစက်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့သည်။



လှူဒါန်းပွဲတွင် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးလှမြင့်ထွန်းတို့က အမှာစကားပြောကြားပြီး ပိန္နဲချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံလင်းက စာသင်ကျောင်းဖွင့်လှစ်နိုင်ရန် ကြိုးပမ်းခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရောကမ်းသာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်မျိုးဦးက လှူဒါန်းနိုင်ရန် ဝိုင်းဝန်းပံ့ပိုး ကူညီလှူဒါန်းပေးကြသူများကို အထူးကျေးဇူးတင်ကြောင်းနှင့် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး တန်ဖိုး ကျပ် ၂၆ သိန်းခန့်ရှိ ရေတွင်း၊ ရေကန်၊ ရေမော်တာ၊ မီးစက်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ငွေအိုး(ကသာ)**

## စားသုံးရန်မသင့်သော အစားအသောက်များအကြောင်း ပညာပေးဟောပြော



**တောင်ကြီး ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စားသုံးရန်မသင့်သော အစားအစာများအကြောင်းကို စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ရှိသူများက ဇူလိုင် ၂၀ ရက်က အသိပညာပေး ဟောပြောခဲ့ကြပြီး ဆိုင်ရှင်များကိုလည်း စားသုံးရန်မသင့်သည့်မုန့်များ ရောင်းချခြင်းမပြုရန် ကွင်းဆင်း ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်ကျော်ဌေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကျောင်းမုန့်ဆိုင်များတွင် ရောင်းချနေသည့်မုန့်များကို လိုက်လံကြည့်ရှုပြီး စားသုံးရန်မသင့်သည့် မုန့်များကို သိမ်းဆည်းကာ ဆိုင်ရှင်များကို နောင်တွင် ထိုမုန့်များ ရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့သည်။

ထို့နောက် မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးအရာရှိနှင့် ဌာနမှ တာဝန်ရှိသူ ဒေါ်မိုမိုသီတာထွန်းတို့က သိမ်းဆည်းခဲ့သော စားသုံးရန်မသင့်သည့် မုန့်များ၊ အစားအသောက်များကို လက်တွေ့နမူနာပြ၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သတင်းတိုများ

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရုံးဆောက်လုပ်ရန် ပန္နက်တင်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်တင်ပွဲကို အမှတ်(၄)နယ်မြေ ထိန်ကန်ရပ်ကွက် မြို့နယ်ဥပဒေရုံးအနီးရှိ မြေကွက်တွင် ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းညွန့်ဦးနှင့် ဝန်ထမ်းများက ပန္နက်များတင်ခဲ့ကြသည်။ ဆောက်လုပ်မည့်ရုံးအဆောက်အအုံသည် အလျားပေ ၄၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိပြီး ငွေကျပ် ၈၇ ဒသမ ၃၂ သန်း အကုန်ကျခံ၍ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့တွင်း လူစည်ကားရာ နေရာများဖြစ်သည့် စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ပရဟိတကျောင်းများ၊ ကားဂိတ်၊ ဘူတာရုံ၊ မြို့မဈေးကြီးနှင့် လေးလမ်းဆုံနေရာများ၌ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်အင်ဂျင်နီယာဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောခြင်း အစီအစဉ်များကို ဇူလိုင် ၂၀ ရက်တွင် ပြုလုပ်ခဲ့ပြီး လျှပ်စစ်အန္တရာယ်အကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မြေစိုက်ပိုစတာများလည်း စိုက်ထူခဲ့ကြကြောင်းသိရသည်။ **(၀၈၅)**

# ပဲခူးမြို့တွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများကို အရေးယူမှုများ စတင်

**ပဲခူး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုအရ ပဲခူးမြို့၌ ဇူလိုင် ၂၀ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သော ယာဉ်များကို အရေးယူမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးထိန်ဝင်းက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်လို့ ပညာပေးကာလ တစ်လခွဲကြာ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း လိုက်နာမှုအားနည်းသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တိုင်းကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်လမ်းညွှန်ချက်အရ ယာဉ်မောင်းသူများအနေဖြင့် ဥပဒေကို လေးစားလိုက်နာပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ကြခြင်းဖြင့် မတော်တဆမှုနှင့် အသက်ဆုံးရှုံးမှုများ လျော့နည်းသွားစေရန်၊ စည်းကမ်းတကျ မောင်းနှင်ကြခြင်းဖြင့် မြို့၏အင်္ဂါရပ်နှင့်အညီ ဖြစ်ပေါ်လာစေရန် အရေးယူမှုများ စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး အရေးယူရာတွင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇူလိုင် ၂၀ ရက်မှစ၍ ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံ၌ တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးတို့ ဦးဆောင်သော ဌာနဆိုင်ရာပေါင်းဆုံပါဝင်သည့် ကြီးကြပ်မှုကော်မတီဝင်များအဖွဲ့က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးခြင်းနှင့် အရေးယူမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ဝါးခယ်မတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ညှိနှိုင်းဆွေးနွေး

**ဝါးခယ်မ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ပြည်သူများ မိုးရာသီကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များ၌ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းများကို တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းကာ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ကျေးရွာမြေငှားဂရန်များ ပြည်သူများလက်ဝယ်ပေးအပ်

**ဟင်္သာတ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဒူးယားကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ဇူလိုင် ၂၀ ရက်တွင် အဆိုပါကျေးရွာနေ ပြည်သူများအတွက် မြေငှားဂရန်(မြေငှားစာချုပ်)များကို ဒူးယားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အခမ်းအနားဖြင့် ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ပေးအပ်ပွဲတွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာစီကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ မြေငှားဂရန်များထုတ်ပေးသွားရန် ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာစွာဖြင့် လုံခြုံစိတ်ချမှုရှိစွာ နေထိုင်နိုင်ရန်အတွက် မြေငှားဂရန်များကို ချထားပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ကွမ်းခြံကုန်းကျေးရွာမှ မြေငှားဂရန်လျှောက်ထားခဲ့သည့် ပြည်သူများထဲမှ ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် မြေငှားဂရန်ရရှိသူ ၆၃ ဦးအတွက် မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။




**(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲ ပြုလုပ်

**ကျိုက်မရော ဇူလိုင် ၂၁**

မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲကို ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ့အားမာန်ခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခက်ဇော်က အားကစား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)မှ ဒုတိယကျောင်းအုပ်ကြီး ဦးနေမျိုးလွင်က အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးရန်နိုင်က မူးယစ်ဆေးဝါး၏ အန္တရာယ်များအကြောင်းကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ မော်လမြိုင်မှ သင်တန်းသား သင်တန်းသူများက ကရာတေးဒို၊ ဂျူဒို၊ တိုက်ကွမ်ဒိုစသည့် အားကစားနည်းများဖြင့် သရုပ်ပြတင်ဆက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**မိုင်းဖြတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အထက်တန်းကျောင်း(မိုင်းဖြတ်)မှ ဆရာ ဆရာမများနှင့် တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ စိတ်(၁) မိုင်းဖြတ်မြို့မှ ရဲတပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(၁)မှ ရဲအုပ်လှဘုန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအတွက် ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ချက်များ၊ လူကုန်ကူး ဖြစ်ပွားမှုနှင့် ဖမ်းဆီးအရေးယူမှုအခြေအနေများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မိုင်းဖြတ်မြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဌေးက လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(၁)မှ တာဝန်ခံ ရဲမှူး ရင်ရင်အေးက လူကုန်ကူးမှုများ ပေါ်ပေါက်လာပုံ သမိုင်းအကြောင်းနှင့် လူကုန်ကူးမှုဆိုင်ရာ ဥပဒေများကိုလည်းကောင်း အသေးစိတ် ဟောပြောခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**ပုလဲ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း ကျေးရွာများ၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် မိုးစပါး ရောမင်း မျိုးစေ့ထုတ်စိုက်ကွင်းများတွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် တာဝန်ရှိသူများက ဇူလိုင်လ ဒုတိယပတ်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြောင်သန်းကျေးရွာ၌ မြစိမ်းရောင် စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများကိုလည်းကောင်း၊ လက်တောင်းကြီးကျေးရွာရှိ မိုးစပါးရောမင်း မျိုးစေ့ထုတ်စိုက်ကွက်ပျိုးခင်းတွင် အရည်အသွေးမြင့် မျိုးသန့်မျိုးစေ့ (Cs)များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုခဲ့ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို အတတ်နိုင်ဆုံး ချွေတာသုံးစွဲ၍ တစ်ဧက အကျိုးအမြတ် ပိုမိုရရှိရေးကို နည်းလမ်းရှာ ဆောင်ရွက်ကြရန်နှင့် တောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်သီးနှံများကို စိုက်ပျိုးကြစေလိုကြောင်း မှာကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေး

**ကလေး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ်အစပ်ရှိ ခိုင်ကမ်းမြို့မှ ဒေသခံပြည်သူများအား ကလေးမြို့နယ် ကက်သလစ်သာသနာပိုင် ဂိုဏ်းချုပ်ဆရာတော် Felix Lian Khen Thang ဦးဆောင်သော ကလေးမြို့ ကက်သလစ်သာသနာ၏ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီက အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဇူလိုင် ၁၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို သွားနှင့် ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာ ထွမ်းခန့်ဆွမ်၊ ငှက်ဖျား တိုက်ဖျက်ရေးနှင့် HIV/AIDS ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဂိုခန့်နွမ်နှင့် လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာထက်ရွှေရည်၊ ဒေါက်တာကြည်ဖြူထွန်း၊ ဒေါက်တာ သန်းထက်၊ ဒေါက်တာဖြူနှင်းဝေနှင့် သူနာပြုများအပါအဝင် ကျန်းမာရေးအဖွဲ့ဝင် ၃၂ ဦးက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ခိုင်ကမ်းမြို့နှင့် အနီးတစ်ဝိုက်ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ လူနာပေါင်း ၅၀၀ ကျော်ကို အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဒါးလ်က "ကျွန်တော် ဒီခိုင်ကမ်းမြို့ကို စရောက်ခဲ့တာ တစ်နှစ်နီးပါးလောက်ရှိပါပြီ။ အခုလိုမျိုး ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်သူမှ မလာကြသေးပါဘူး။ ခိုင်ကမ်းကျေးရွာဟာ အခုဆို မြို့အဆင့်ကို တိုးမြှင့်ပေးထားပြီး ပြည်သူတွေအတွက်လည်း မြို့အဆင့်နဲ့ အညီ ဆေးရုံ၊ ဆေးပေးခန်းတွေကို နိုင်ငံတော်က ချပေးလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်။ မိမိတို့ကျေးရွာကို စွန့်ခွာပြီး ဒီခိုင်ကမ်းမြို့ကို ရောက်တဲ့အခါ စားဝတ်နေရေးအလွန် ခက်ခဲကြပါတယ်။ ဒါ့အပြင် သောက်သုံးရေမသန့်လို့ ဝမ်းရောဂါနဲ့ အပြင်းဖျားတဲ့ ရောဂါတွေ ပိုပြီးဖြစ်ပွားတာကြောင့် အခုလိုလာရောက်ပြီးတော့အခမဲ့ဆေးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်တွင် နေထိုင်သူများသည် ယခင်နှစ်က တီးတိန်မြို့နယ် လိုင်ဘုံကျေးရွာနှင့် ဝေါင်မွောလ်ကျေးရွာများတွင် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွားခံခဲ့ရပြီးနောက် မူလနေထိုင်ရာ ကျေးရွာများကို စွန့်ခွာ၍ ခိုင်ကမ်းမြို့သစ်သို့ ပြောင်းရွှေ့နေထိုင်ကြသူများဖြစ်ကာ ရေကောင်းရေသန့်မရှိသဖြင့် ဝမ်းရောဂါနှင့် ပတ်သက်သည့် လူနာများမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



# ကျွန်းနိုင်ငံများ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

**မင်းမင်း(ထားဝယ်)**



ယနေ့ သက်ရှိများ ရှင်သန်နေထိုင်ကြသည့် ကမ္ဘာမြေကြီးသည် တိုးပွားလာသည့် လူဦးရေ၊ တိုးတက်ဖွံ့ဖြိုးလာသည့် နည်းပညာရပ်များနှင့်အတူ လူသားတို့၏ ပယောဂများကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့် ကမ္ဘာကြီး ပူနွေးလာမှုဒဏ်ကို ယနေ့ ကမ္ဘာသူ ကမ္ဘာသားများ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ကြုံတွေ့ခံစားလာရပါသည်။ ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲဘေးဒုက္ခများအဖြစ် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများနှင့်အတူ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများဒဏ်ကို ကမ္ဘာ့နိုင်ငံအသီးသီး(အထူးသဖြင့် ကျွန်းနိုင်ငံငယ်များ)မှာ ကြောက်ခမန်းလိလိ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ အဆိုပါ ကျွန်းနိုင်ငံများ၏ ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာမှုအန္တရာယ်ကို ကမ္ဘာသူကမ္ဘာသားများအားလုံးမှ နားစွင့်ပြီး တားဆီးရန်နည်းလမ်းများကို အမြန်ဆုံးရှာဖွေဖော်ထုတ်ပေးဖို့ လိုအပ်လာပါသည်။

ကမ္ဘာပေါ်တွင် ကျွန်းနိုင်ငံပေါင်းများစွာတို့သည် ကာရစ်ဘီယံပင်လယ်ဒေသ၊ ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်ဒေသတို့တွင် ပထဝီအနေအထားအရ သီးခြားစီ တည်ရှိနေပါသည်။ အဆိုပါ ကျွန်းနိုင်ငံများတွင် လူဦးရေအားဖြင့် ၆၅ သန်းခန့် နေထိုင်ကြပြီး ယင်းကျွန်းနိုင်ငံများသည် ပင်လယ်သမုဒ္ဒရာအပိုင်းများတွင် သီးခြားစွာရပ်တည်နေရသည့်အတွက် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် သဘာဝဘေး အန္တရာယ်ကျရောက်မှုစသည့် ဘေးဒဏ်များကို ကုန်းတွင်းပိုင်းနိုင်ငံများထက် ပိုမို၍ ခံစားကြုံတွေ့ကြရပါသည်။

လူအများသိရှိပြီးဖြစ်သည့် ကျွန်းနိုင်ငံငယ်အချို့ကို လေ့လာတင်ပြရလျှင် စင်ကာပူနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေသိပ်သည်းမှု နံပါတ်(၂)နေရာတွင်ရှိသည်။ အရှေ့တောင်အာရှတွင် ဧရိယာအကျဉ်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကာ ကျွန်းငယ်ပေါင်း ၆၃ ကျွန်းဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံ၏ ၂၃ ရာခိုင်နှုန်းသည် သစ်တောနှင့် သဘာဝမြေများ ဖုံးလွှမ်းလျက်ရှိပါသည်။ စင်ကာပူနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုလမ်းကြောင်း အချက်အချာကျသည့် နေရာပေါ်တွင် ကျရောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အားကောင်းသည့်နိုင်ငံဖြစ်ခြင်းကြောင့် ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေပါသည်။ အထူးသဖြင့် သယံဇာတ ရှားပါးသော်လည်း စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်ပြီး (Reduce, Reuse, Recycle)ဟူသည့် စွန့်ပစ်ပစ္စည်းများကို သုံးစွဲမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်မှုများသည် စင်ကာပူနိုင်ငံ၏ အထူး အတုယူစရာကောင်းသည့် အချက်များပင် ဖြစ်သည်။

ထို့အတူ အိန္ဒိယသမုဒ္ဒရာ၏ ကုန်သွယ်ရေးလမ်းကြောင်းပေါ် တွင် တည်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် အထူးအလေးထားကြသော မော်လဒိုက်ကျွန်းနိုင်ငံ အကြောင်းတင်ပြရလျှင် မော်လဒိုက်ကျွန်းစုသည် ကျွန်းပေါင်း ၁၁၀၉ ကျွန်းရှိပြီး လူနေထိုင်ရာ ကျွန်းပေါင်း ၃၀၀ ကျော်အနက် ကျွန်းပေါင်း ၁၅၀ ကျော်တွင် အပန်းဖြေ စခန်းများ ဖွင့်လှစ်ထားပါသည်။ မော်လဒိုက်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကြောင့် တစ်နိုင်ငံလုံး ရေဖုံးလွှမ်းသွားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အခြား ကျွန်းနိုင်ငံများဖြစ်သည့် မာရှယ်ကျွန်းစုနိုင်ငံနှင့် တူပလူနိုင်ငံတို့သည် ပစိဖိတ်သမုဒ္ဒရာအတွင်း သန္တာကျွန်းများဖြင့် ဖွဲ့စည်းထားပြီး လူဦးရေနည်းပါးကာ ပင်လယ်တွင်းထွက်ပစ္စည်းများဖြင့် ချမ်းသာလျက်ရှိသည်။ ဖီဂျီနိုင်ငံမှာလည်း သဘာဝရှုခင်းများဖြစ်သည့် ကျောက်ပန်း၊ ကျောက်ခက်၊ သန္တာကျောက်တန်းများကြောင့် အထူးထင်ရှားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ခရီးသွားလာရေးလုပ်ငန်းနှင့် ရေလုပ်ငန်းသည် ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံအများစု၏ ပင်မစီးပွားရေးလုပ်ငန်းများပင် ဖြစ်သည်။ ဥပမာအနေဖြင့် တင်ပြရလျှင် ကာရစ်ဘီယံဒေသများသို့ ကမ္ဘာလှည့်ခရီးသည် နှစ်စဉ် ၂၁ သန်းခန့် လာရောက်လည်ပတ်ကြောင်း သိရှိရပါသည်။ ထို့အပြင် ရေနံနှင့် ပုလဲကြွယ်ဝပေါများလှသည့် ဘာရိန်းနိုင်ငံ၊ ကာရစ်ဘီယံပင်လယ်အတွင်း လူဦးရေအထူထပ်ဆုံးနှင့် စာတတ်မြောက်ရေး အားကောင်းပြီး ဖွားသေနှုန်းဖွံ့ဖြိုးသည့် ကျူးဘားနိုင်ငံ၊ ဘူမိဗေဒသဘောတရားအရ မီးတောင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝအလှအပများ မပျက်စီးသေးဘဲရှိနေသည့် ဒိုမီနီကာကျွန်းနိုင်ငံ၊ ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် ဟေတီနိုင်ငံတို့သည် ကျွန်းနိုင်ငံငယ်များပင် ဖြစ် သည်။

ကျွန်းနိုင်ငံငယ်အများစုသည် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ သဘာဝရှုမျှော်ခင်းများ သာယာလှပခြင်း၊ မျိုးနွယ်စုအလိုက် မိရိုးဖလာယဉ်ကျေးမှုများကို ထိန်းသိမ်းနိုင်ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များအပေါ် ဆွဲဆောင်နိုင်မှု အားကောင်းပြီး စီးပွားရေးအခြေခံ တောင့်တင်းမှု ရှိကြောင်း လေ့လာသိရှိရသည်။ အဆိုပါ ကျွန်းနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေရေး၊ ကျွန်းနေလူမျိုးစုများ မပျောက်ကွယ်စေရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးစေရေးတို့မှစကာ ယင်းကျွန်းနိုင်ငံများ မတိမ်ကောမပျောက်ပျက်စေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားတိုင်းတွင် တာဝန်ရှိသကဲ့သို့ ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများတွင်လည်း တာဝန်ရှိပေသည်။

အဆိုပါ ကျွန်းနိုင်ငံငယ်များနည်းတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတု ပြောင်းလဲလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု အခြေအနေများကို ကြုံတွေ့နေရပြီး မြန်မာနိုင်ငံ၌လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် လိုအပ်မည့်နေရာများကို အကျဉ်းချုံး ဖော်ပြရလျှင် မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ဝှမ်းဒေသ၊ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းဒေသများ၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်၊ မြန်မာနိုင်ငံမြောက်ဖျားရှိ ရေခဲတောင်များနှင့် နိုင်ငံအနှံ့အပြားရှိ သဘာဝဘေးမဲ့တောများပင် ဖြစ်သည်။

လူဦးရေကိုမှုတည်၍ တွက်ချက်မှုအရ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းအန္တရာယ်ကို ကြုံတွေ့နိုင်သော နိုင်ငံပေါင်း ၂၀ အနက် မြန်မာနိုင်ငံကို အဆင့် ၁၂ အဖြစ် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် IPCC မှ သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ဝှမ်းဒေသသည် ယင်းအန္တရာယ်ကြောင့် အများဆုံးထိခိုက်နိုင်မည့် အပူပိုင်းအာရှဒေသရှိ မြေနိမ့်ဒေသ မြစ်ဝှမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဥပမာအနေဖြင့်ဆိုပါက ကမ္ဘာကြီး ပူနွေးလာခြင်းကြောင့် ဖြစ်ပေါ်လာခဲ့သော ပြင်းထန်သည့် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခုဖြစ်သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ၂၀၀၈ ခုနှစ် မေလတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုဒဏ်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်နေ ပြည်သူများ အဓိက ခံစားခဲ့ရသည်မှာ အားလုံးမျက်မြင်ပင်ဖြစ်သည်။ ထို့အပြင် ရာသီဥတုပြောင်းလဲလာမှု၏ အကျိုးဆက်တစ်ခုဖြစ်သည့် ရေစီးရေလာမကောင်းဘဲ သောင်ဖြစ်ထွန်းမှုကြောင့် မိမိတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များအတွက် ရေလမ်းခရီးသွားလာရေးအခက်အခဲများကို ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြောင်းများနေပြည်သူများ အများဆုံး ခံစားကြုံတွေ့နေရပါသည်။ မြစ်ကြောင်းများ ပြောင်းလဲလာခြင်း၊ ကျဉ်းမြောင်းလာခြင်းနှင့်အတူ ရွာလုံးကျွတ် ကမ်းပါးပြိုကျခြင်းတို့ကို မြစ်ကြောင်းများတစ်လျှောက် မြစ်ကမ်းများတွင် မှီခိုနေထိုင်ကြသည့် ကျေးလက်နေပြည်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ခံစားလာရပါသည်။ အဆိုးရွားဆုံးမှာ နိုင်ငံတစ်ဝန်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့လာရသည့် ရေဘေးအန္တရာယ်ပင်ဖြစ်သည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့အမွေအနှစ်ဒေသ စာရင်းဝင်အဖြစ် သတ်မှတ်ထားသည့် ရှမ်းပြည်နယ်ရှိ အင်းလေးကန်ကြီးသည်လည်း ကန်အတွင်းနှင့် ကန်ပြင်ပ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ကန်ဧရိယာသည် တဖြည်းဖြည်းနှင့် ကျဉ်းမြောင်းလာပါသည်။ ထို့အပြင် အပူချိန်များမြင့်တက်လာ၍ ရေခဲတောင်ပြိုကျသည့် ဖြစ်စဉ်များရှိသဖြင့် အရှေ့တောင်အာရှတွင် ရေခဲတောင်အများဆုံး နိုင်ငံဖြစ်သည့် ကျွန်ုပ်တို့မြန်မာနိုင်ငံ မြောက်ဖျားရှိ ကမ္ဘာလှည့်ခရီးသည်များအတွက် အကောင်းဆုံးနေရာများဖြစ်သော ခါကာဘိုရာဇီ၊ ဂမ်လန်ရာဇီ၊ အီမောဘွန်း၊ ဖုန်ကန်ရာဇီ စသည့် ရေခဲတောင်များကိုလည်း အရည်ပျော်မှု ရှိ၊ မရှိ တိုင်းတာမှုပြုလုပ်ရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ထောက်ပြထားပါသည်။

မြန်မာနိုင်ငံ၏ အထက်ပါ ရာသီဥတုဆိုးရွားမှုဖြစ်စဉ်များ၏ အဓိကတရားခံမှာ ပညာရှင်များ သုံးသပ်ချက်အရ သဘာဝသစ်တောများ ပြုန်းတီးခြင်းကြောင့်ပင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် လူသားများ၏ ပယောဂကြောင့်သော်လည်းကောင်း၊ တောမီးများလောင်ကျွမ်းမှုများကြောင့်သော်လည်းကောင်း ကမ္ဘာ့သစ်တောကြီးများ တစ်စတစ်စ ပြုန်းတီးလာပါသည်။ သစ်တောများနည်းတူ ဒီရေတော၊ တောင်ပေါ်သစ်တော၊ ရွက်ပြတ်တောနှင့် အမြဲစိမ်းတောများလည်း ယိုယွင်းလာပါသည်။ ဒီရေတောများ ပြုန်းတီးမှုကြောင့် မုန်တိုင်းဒဏ်၊ ရေချိုရရှိမှု ရှားပါးလာသည့်ဒဏ်များကိုလည်း မြန်မာပြည်သူပြည်သားများ ပိုမို၍ ခံစားနေရပါသည်။ ဒီရေတောများ ဖွံ့ဖြိုးရှင်သန်ရေးသည်လည်း ကမ်းရိုးတန်းနေပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် စားနပ်ရိက္ခာလုံလောက်မှုအတွက် ပင်မရင်းမြစ်တစ်ခုပင် ဖြစ်သည်။

သက်ရှိလောကတည်မြဲဖို့ သဘာဝတွေထိန်းသိမ်းစို့ဟု ဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွက် အဓိကအရေးကြီးသည့် ဇီဝမျိုးစုံမျိုးကွဲ တည်ရှိရာနယ်မြေများကို ဦးစားပေးအလိုက် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း လူဦးရေအနည်းငယ်သာရှိတော့သည့် မြိတ်ကျွန်းစုနေ ဆလုံလူမျိုးနွယ်စုများ နေထိုင်ရာ နေရာများသည်လည်း မကွယ်ပျောက်စေရေးအတွက် အဓိက ထိန်းသိမ်းသင့်သည့် နေရာများပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ‘ကမ္ဘာကြီးကို ကယ်တင်ဖို့ သစ်ပင်စိုက်ကြပါ’၊ ‘သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ’၊ ‘ဥတုရာသီ တောကိုမှီ’ဟူသော ဆောင်ပုဒ်များအတိုင်း နိုင်ငံတော်က သစ်တောသယံဇာတများ ပြန်လည်ဖွံ့ဖြိုးလာစေရေးအတွက် သစ်တောစိုက်ခင်းများကို စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လာခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များ၊ နှစ်စဉ်တစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်သော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များသည် မိမိတို့နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်သလို တစ်ဖက်တွင် နိုင်ငံတကာတွင် ခေတ်စားလှသည့် အစိမ်းရောင်မြို့တော်များ ဖြစ်တည်စေရေးအတွက်လည်း အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်သည် လူသားတို့အတွက် မှီခို အားထားရာ၊ အကျိုးပြုရာ ဝန်းကျင်ကောင်းတစ်ခုဖြစ်သည်နှင့်အညီ လူသားတို့အတွက် နေရေး၊ ထိုင်ရေး၊ စားရေး သောက်ရေးနှင့် လိုအပ်ချက်ကိစ္စအမျိုးမျိုးတို့ကို ဖြည့်စွမ်းပေးနေသည်မှာ အမှန်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အဓိက စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်ရမည့် ပြဿနာများမှာ ဥပဒေအရ အရေးယူကိုင်တွယ်ရန် လိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ၊ နည်းပညာများကို ပြည်သူများထံ အရောက်ပေးနိုင်ရန် အားနည်းနေသေးခြင်း၊ သစ်တောပညာရှင်များ၊ မိုးလေဝသပညာရှင်များ၊ ဘူမိဗေဒပညာရှင်များနှင့် ပထဝီပညာရှင်များကို နိုင်ငံတော်အနေဖြင့် မွေးထုတ်ပေးနိုင်ရန်လိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် နိုင်ငံတော် ဘတ်ဂျက်နှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ အထောက်အပံ့များ၊ အကူအညီများ လိုအပ်နေခြင်းတို့ပင် ဖြစ်သည်။

လက်ရှိအချိန်သည် ကမ္ဘာကြီးပူနွေးလာ၍ ရေခဲပြင်များ အရည်ပျော်ကာ ပင်လယ်သမုဒ္ဒရာရေပြင် မြင့်တက်လာပြီး ကျွန်းနိုင်ငံငယ်များ၊ ပင်လယ်ကမ်းနေရပ်ဝန်း မြို့ပြများကို ခြိမ်းခြောက်လာသော အချိန်ဖြစ်သည်နှင့်အညီ ကျွန်းနိုင်ငံငယ်လေးများသည် ကမ္ဘာမြေကြီးပေါ်တွင် ရေရှည်တည်တံ့နိုင်စေရေးအတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ထိုကျွန်းနိုင်ငံငယ်လေးများ၏ အချက်အလက်များ၊ ဖြစ်ပေါ်လာနိုင်မည့်ကိစ္စရပ်များနှင့် အရေးပေါ် လိုအပ်လာမည့် ကိစ္စရပ်များအပေါ် အထူးအာရုံစိုက်ကာ ဝိုင်းဝန်းစဉ်းစားပေးကြရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကာ မိမိတို့ သားစဉ်မြေးဆက်များကို လက်ဆင့်ကမ်း အမွေကောင်းများ ပေးနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ဖိုရမ်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ASEAN Australia Development Cooperation Program II ၏ ပံ့ပိုးမှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏အစီအစဉ်ဖြင့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ACIA) ဖိုရမ်နှင့်ဆွေးနွေးပွဲတို့အား ရန်ကုန်မြို့ရှိကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သည်။

ACIA ဖိုရမ်နှင့်ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံရှိ ဩစတြေးလျသံရုံးနှင့် အာဆီယံနိုင်ငံများ၏ သံရုံးများမှကိုယ်စားလှယ်များ၊ ACIA ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ စုစုပေါင်း ကိုယ်စားလှယ် ၁၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

ဖိုရမ်နှင့်ဆွေးနွေးပွဲတို့တွင် ပညာရှင်များက အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ACIA) ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျိုးကျေးဇူးများအား အသီးသီးဆွေးနွေးခဲ့ကြပြီးတက်ရောက်လာသည့်အာဆီယံနိုင်ငံများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကလည်း တက်ကြွစွာပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ACIA)ဖိုရမ်နှင့် ဆွေးနွေးပွဲကို ကျင်းပခြင်းအားဖြင့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များကို ပိုမိုနားလည်သဘောပေါက်စေပြီး ၎င်းစာချုပ်အရ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးထားမှု၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းစာချုပ်အရရရှိနိုင်သည့်အခွင့်အရေးများစသည့် အသိအမြင်များကို ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**လွိုင်လင်ခရိုင်ရုံး၊ မြို့နယ်ရုံး၊ စခန်းရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဇူလိုင် ၁၈ ရက်က လွိုင်လင်မြို့ အထွေထွေကုဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မျိုးဝဏ္ဏနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်** (ခရိုင် ပြန်/ဆက်)

**၂၀၁၆-၁၇** နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ စပိန်ကလပ်တွေက အနည်းငယ် ငြိမ်ချက်သားကောင်းနေတယ်။ ရီးရဲဆိုရင် မိုရာတာလို ကစားသမားဟောင်းကို ပြန်လည်ခေါ်ယူခဲ့တာကလွဲလို့ အခြားခေါ်ယူမှုမရှိသေးဘူး။ ဘာစီလိုနာကလည်း ထိပ်တန်းကစားသမားတွေ ခေါ်ယူမှုမရှိသေးဘဲ ကစားသမားဟောင်း ဒင်းနစ်ဆွာရက်ဇ်ကို ဗီလာရီးရဲကနေ ပြန်ခေါ်တာနဲ့ ပီအက်စ်ဂျီခံစစ်မှူး လူးကပ်စ်ဒစ်ဂ်နီ၊ လိုင်ယွန်ခံစစ်မှူး အမ်တီတီတို့ကို ခေါ်ယူထားတာလောက်ပဲ အင်အားဖြည့်တင်းမှုပြုလုပ်ထားသလို အက်သလက်တီကိုကလည်း ဒီနွေဈေးကွက်မှာ ဘင်ဖီကာကွင်းလယ်ကစားသမား ဂိုင်တန်တစ်ဦးလောက်ကိုပဲ အဓိကထား ခေါ်ယူထားတယ်ဆိုတော့ အဆိုပါအချက်နဲ့ ပတ်သက်ပြီးဘာများပြောစရာရှိ မလဲ ဆိုတာက တွေးစရာဖြစ်လာတယ်။

# စောင့်ကြည့်ရမည့် ဘာစီလိုနာ၏ ခံစစ်ပိုင်းဖြည့်တင်းမှုပုစ္ဆာ

**ဝေမိုးဆက်**







အထူးသဖြင့် အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်က ခေါ်ယူမှုသိပ်မရှိဘူးဆိုပေမယ့်လည်း ကစားသမားထွက်ခွာမှုက လက်ရှိအချိန်အထိမရှိသေးဘူး။ အသင်းရဲ့အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်ဆဲဖြစ်တာကြောင့် သူတို့ရဲ့အင်အားဖြည့်တင်းမှုလျော့နည်းခြင်းက သိပ်မသိသာသော်ငြား ဘာစီလိုနာကတော့ အထွက်ရှိတယ်။ ဝါရင့်ခံစစ်မှူး ဒန်နီအဲလ်ဗက်စ်က ဂျူဗင်တပ်စ်ကို ပြောင်းတယ်။ လူငယ်ခံစစ်မှူးတစ်ဦးဖြစ်တဲ့ ဘာထရာက ဒေါ့မွန်ကိုရောက်သွားတယ်။ လူငယ်တိုက်စစ်မှူး ဆန်ဒရိုရာ မီးရက်စ်က မာလာဂါကိုပြောင်းသွားတယ်ဆိုတော့ ဘာစီလိုနာရဲ့အင်အားက မနှစ်ကထက် လျော့သွားတာက သေချာနေတဲ့အခါ လက်ရှိဖြည့်တင်းထားမှုဟာ ဘာစီလိုနာအတွက် လုံလောက်မှုရှိရဲ့လားဆိုတာ မေးစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဘာစီလိုနာကနေထွက်သွားတဲ့ သုံးဦးအနက်မှာ လူငယ်တိုက်စစ်မှူး ဆန်ဒရိုရာမီရက်စ်ရဲ့ ထွက်ခွာမှုက အသင်းအတွက် ထိခိုက်မှုသိပ်မရှိနိုင်သော်ငြား ဒန်နီအဲလ်ဗက်စ်နဲ့ ဘာထရာတို့ ထွက်ခွာမှုကတော့ အသင်းအတွက် ထိခိုက်မှုရှိနိုင်တယ်လို့ ကျွမ်းကျင်သူတွေက အကောက်အယူလုပ်တယ်။ ပြောမယ်ဆိုရင် ဘာစီလိုနာရဲ့လက်ရှိခံစစ်မှာက ပြောစရာဆိုစရာက အတော်လေးရှိတယ်။ အထူးသဖြင့် ဘာစီလိုနာခံစစ်မှာ အခုမှခေါ်ယူလိုက်တဲ့ ကစားသမားတွေကို ဖယ်ထုတ်လိုက်ရင် အဓိကခံစစ်မှူးတွေအနက် အသက် ၃၀ အောက်ကစားသမားဆိုလို့ ပီကေး၊ အဲလက်စ်ဗီဒဲလ်၊ ဂျော်ဒီအဲဘာတို့ သုံးဦးပဲရှိပြီး အဲဒီအထဲမှာတောင် ပီကေးက ၂၉ နှစ်ရှိပြီ။ ပြီးတော့ ကျန်ခံစစ်မှူးတွေအထဲမှာ မာရှေးယားနိုက ၃၂ နှစ်၊ မက်သရူးကလည်း ၃၂ နှစ်၊ ဗာမာလန်က ၃၀၊ အက်ဒရီယာနိုက ၃၁ နှစ်ဆိုတော့ ဘာစီလိုနာရဲ့ခံစစ်ပိုင်းက အိုစပြုပြီဆိုတာ ထင်သာမြင်သာရှိလွန်းတယ်လို့ အများစုက ထောက်ပြကြတယ်။

ဒီတော့ အဆိုပါခံစစ်အနေအထားကနေ ဒန်နီအဲဗက်စ်နဲ့ ဘာထရာတို့ထွက်ခွာမှုက ဘာစီလိုနာခံစစ်အတွက် ထိုးနှက်ချက်ပိုဖြစ်စေတယ်ဆိုတော့ အဆိုပါအနေအထားအတွက် လူးကပ်စ်ဒစ်ဂ်နီနဲ့ အမ်တီတီတို့ကို ပြန်လည်ခေါ်ယူမှုဟာ လုံလောက်မှုရှိရဲ့လားဆိုတာက မေးစရာပိုဖြစ်လာရတယ်။ အထူးသဖြင့် ဒီတစ်ကြိမ်ခေါ်ယူခဲ့တဲ့ အမ်တီတီနဲ့ လူးကပ်စ်ဒစ်ဂ်နီတို့ဆိုတာက ထင်ရှားမှုရှိသူတွေမဟုတ်ဘူး။ လူငယ်ကစားသမားတွေ။ ဒီလိုမထင်မရှားကစားသမားတွေကို ခေါ်ယူမှုမျိုးဆိုတာကလည်း ဘာစီလိုနာရဲ့ပင်ကိုယ်ဟန်မဟုတ်ဘူး။ အရှင်းဆုံးပြောရရင် ခံစစ်မှာလိုအပ်ချက်ကြီးကြီးမားမားဖြစ်နေတဲ့အချိန်မှာ ဘာစီလိုနာဟာ သူတို့ရဲ့မူဟန်အတိုင်း ထိပ်တန်းခံစစ်မှူးတွေကို ကြေးကြီးပေးခေါ်ယူမှုမရှိဘဲ မထင်မရှားလူငယ်ခံစစ်မှူး နှစ်ဦးကိုသာ ယူရိုသန်း ၄၀ ကျော်သာသုံးပြီး ခေါ်ယူထားခဲ့တာဆိုတော့ အဆိုပါအားဖြည့်မှုဟာ ဘာစီလိုနာအတွက် ထိရောက်တဲ့အားဖြည့်မှုဖြစ်ရဲ့လားဆိုတာ မေးစရာဖြစ်လာတယ်။

တချို့ကတော့ ဘာစီလိုနာရဲ့ အင်အားဖြည့်တင်းမှုဟာ လက်သင့်ခံနိုင်တဲ့ ဖြည့်တင်းမှုရယ်လို့ ခေါင်းစဉ်တပ်ကြတယ်။ ပြောရရင် ဘာစီလိုနာရဲ့ခံစစ်မှူး အများစုဟာ အသက်အပိုင်းအခြားအရ ၃၀ ကျော်ပြီဆိုသော်ငြား ထိန်းသုံးနိုင်ခြေရှိသေးတယ်။ မာရှေးယားနိုက အသက် ၃၂ နှစ်ဆိုပေမယ့် မနှစ်ကအထိ ခြေစွမ်းကောင်းမွန်ဆဲဖြစ်တာကြောင့် ဗဟိုခံစစ်မှာ ပီကေးနဲ့တွဲသုံးနိုင်သေးသလို အရန်အင်အားစုအတွက်လည်း ဗာမာလန်နဲ့ မက်သရူးတို့ ရှိသေးတယ်။ ညာတောင်ပံခံစစ်မှာလည်း ဒန်နီအဲဗက်စ်ထွက်သွားပေမယ့် အဲလက်စ်ဗီဒဲလ်ရှိနေသလို ဘယ်တောင်ပံခံစစ်အတွက်လည်း ဂျော်ဒီအယ်ဘာရှိတဲ့အပြင် အရန်အင်အားစုအတွက် အဆိုပါနှစ်နေရာစလုံးမှာ ကစားနိုင်တဲ့ အက်ဒရီယာနိုကလည်းရှိသေးတယ်ဆိုတော့။ အဆိုပါအခြေအနေအရ အမ်တီတီနဲ့ လူးကပ်စ်ဒစ်ဂ်နီတို့ နှစ်ဦးကိုသာ ထပ်မံခေါ်ယူမှုက လုံလောက်မှုရှိစေတယ်လို့ သုံးသပ်ကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ လိုင်ယွန်ကနေ ယူရို ၂၅သန်းနဲ့ခေါ်ယူခဲ့တဲ့ ဗဟိုခံစစ်မှူး အမ်တီတီဟာ ဗာမာလန်၊ မက်သရူးတို့ သက်ကြီးကစားသမားတွေသာရှိတဲ့ ဗဟိုခံစစ်အရန်အင်အားအတွက် အကောင်းဆုံးထပ်မံဖြည့်တင်းမှုဖြစ်သလို ပီအက်စ်ဂျီရဲ့ဘယ်တောင်ပံခံစစ်မှူး လူးကပ်စ်ဒစ်ဂ်နီကို ယူရို ၁၆ ဒသမ ၄ သန်းနဲ့ ခေါ်ယူခဲ့ခြင်းကလည်း ဂျော်ဒီအယ်ဘာကိုသာ အားပြုရမယ့် ဘယ်တောင်ပံခံစစ်အတွက် အရန်အင်အားကို အကောင်းဆုံး ဖြည့်တင်းနိုင်မှုဖြစ်သလို လူးကပ်စ်ဒစ်ဂ်နီ ရောက်ရှိလာခဲ့တဲ့အတွက်လည်း အက်ဒရီယာနိုကို အဲလက်စ်ဗီဒဲလ်ရဲ့နောက်မှာ အရန်အင်အားအဖြစ် သတ်သတ် မှတ်မှတ်သုံးနိုင်မယ့်အခါ ဒန်နီအဲလ်ဗက်စ်ထွက်သွားတဲ့ ညာတောင်ပံခံစစ်အတွက်ပါ ဖြေရှင်းပြီးသားဖြစ်သွားတယ်လို့ သုံးသပ်ကြတယ်။

အထူးသဖြင့်ပေါ့။ အဆိုပါအမ်တီတီနဲ့ လူးကပ်စ်ဒစ်ဂ်နီတို့ဆိုတာကလည်း လူငယ်ကစားသမားတွေသာ ဖြစ်ကြပေမယ့် အလားအလာရှိသူတွေဖြစ်သလို ခြေစွမ်းပိုင်းကောင်းမွန်သူတွေလည်း ဖြစ်တယ်။ လူးကပ်စ်ဒစ်ဂ်နီဆိုရင် အလားအလာရှိတဲ့ ခံစစ်မှူးတစ်ဦးလို့ အများစုက လက်ခံထားကြသူဖြစ်တယ်။ လေလီ လူငယ်အသင်းသားဖြစ်တဲ့ ဒစ်ဂ်နီဟာ ၂၀၁၁ ခုနှစ်မှာ လေလီအသင်းကြီးအတွက် စတင်ပွဲထွက်ခွင့်ရကတည်းက ခြေစွမ်းပြနိုင်ခဲ့ပြီး ပထမဆုံးရာသီမှာတင် ၁၈ ပွဲကစားခွင့်ရခဲ့ကာ ဒုတိယရာသီမှာ ၄၁ ပွဲအထိ ပါဝင်ခွင့်ရခဲ့တာကိုကြည့်ရုံနဲ့တင် ဒစ်ဂ်နီရဲ့ ခြေစွမ်းခြေစကိုမြင်နိုင်သလို အဲဒါကြောင့်လည်း ပီအက်စ်ဂျီက ခေါ်ယူခဲ့တာဖြစ်ပြီး မနှစ်ကရိုမာမှာ အငှားသွားကစားခဲ့တုန်းကလည်း ၄၂ ပွဲတိတိ ပွဲထွက်ခွင့်ရခဲ့တာဆိုတော့ ဒစ်ဂ်နီဟာ အသက်ငယ်သော်ငြား ပွဲထွက်ကစားသမားနေရာကို အရယူနိုင်တဲ့အထိ ခြေစွမ်းပိုင်း ကောင်းမွန်သူဖြစ်တယ်ဆိုတာ မြင်သာလွန်းတယ်။ ဒါကြောင့်လည်း ဒစ်ဂ်နီဟာ ပြင်သစ်လက်ရွေးစင်ကစားသမားအဖြစ်ကို အသက်ငယ်ငယ်နဲ့ ရယူနိုင်ခဲ့တာဖြစ်ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲနဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပွဲတွေမှာ ပြင်သစ်လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရတာပဲ ဖြစ်တယ်။

အရှင်းဆုံးပြောရရင် လူးကပ်စ်ဒစ်ဂ်နီဟာ အခုမှ အသက် ၂၂ နှစ်သာရှိသေးပေမယ့် ကစားခဲ့သမျှအသင်းတွေမှာ စုစုပေါင်း ၁၄၄ ပွဲအထိ ကစားခွင့်ရခဲ့တာကိုကြည့်ရုံနဲ့တင် လူးကပ်စ်ဒစ်ဂ်နီဟာ အရည်အသွေးပြည့်ဝသူဆိုတာမြင်သာသလို လိုင်ယွန်ခံစစ်မှူး အမ်တီတီဆိုရင်လည်း ယူရို ၂၀၁၆ မှာ ပြင်သစ်နဲ့အတူ ပွဲထွက်ခွင့်တောင်ရခဲ့သလို အသက် ၂၂ နှစ်သာရှိသေးပေမယ့် လိုင်ယွန်အတွက် ပွဲပေါင်း ၁၇၀ အထိ ကစားခွင့်ရရှိခဲ့သူဖြစ်တော့ အမ်တီတီရဲ့ ပွဲတိုးနိုင်မှုကပါ မြင်သာလွန်းတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာ ဘာစီလိုနာဟာသူတို့ ရဲမူဟန်နဲ့ သွေဖည်ကာ လိုအပ်ချက်ပြင်းထန်လာတဲ့ ခံစစ်ပိုင်းအတွက် ထိပ်တန်းနာမည်ကြီးကစားသမားတွေကို ကြေးကြီးမခေါ်ခဲ့ဘဲ အမ်တီတီနဲ့ လူးကပ်စ်ဒစ်ဂ်နီတို့လို လူငယ်ကစားသမားတွေကိုသာ ခေါ်ယူခဲ့သော်ငြား။ အဆိုပါခေါ်ယူမှုဟာ လတ်တလောအခက်အခဲကိုလည်း အထိုက်အလျောက် ဖြေရှင်းပေးနိုင်ရာရောက်သလို အနာဂတ်အတွက်လည်း ကြိုတင်အုတ်မြစ်ချလိုက်နိုင်ခြင်းရယ်လို့ ကျွမ်းကျင်သူတွေက ကောက်ချက်ဆွဲထောက်ပြကြတယ်လို့ပဲ ဆိုချင်မိတယ်။

■

## ကန်တိုနာ၏ပြောစကားကို မန်ယူတိုက်စစ်မှူးသစ် အီဘရာဟီမိုဗစ် တုံ့ပြန်ပြောဆို






မန်ယူအသင်းတိုက်စစ်မှူးသစ် အီဘရာဟီမိုဗစ်က မိမိသည် မန်ယူအသင်း၌ နတ်ဘုရားတစ်ပါးဖြစ်လာလိမ့်မည်ဟု ပြောဆိုခြင်းဖြင့် မန်ယူကစားသမားဟောင်း အဲရစ်ကန်တိုနာ၏ပြောဆိုမှုကို ပြန်လည်တုံ့ပြန်လိုက်သည်။

ပြီးခဲ့သည့် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်တွင် ပီအက်စ်ဂျီနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သူ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်(၃၄ နှစ်)သည် ပြီးခဲ့သည့် ဇူလိုင် ၁ ရက်တွင် မန်ယူနှင့် တစ်နှစ်သက်တမ်းရှိစာချုပ် ချုပ်ဆိုခဲ့သူဖြစ်သည်။

ပြင်သစ်ကစားသမားဟောင်း ကန်တိုနာက ပြီးခဲ့သည့်သီတင်းပတ်အတွင်းတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်အားကြိုဆိုကြောင်း ဗီဒီယိုမက်ဆေ့ရ်ပေးပို့ရာတွင် ကန်တိုနာက “မန်ယူကိုကစားဖို့ဆုံးဖြတ်ခဲ့တာဟာ ခင်ဗျားရဲ့ဆုံးဖြတ်ချက်တွေအားလုံးထဲမှာ အကောင်းဆုံး ဆုံးဖြတ်ချက်ပါပဲ။ တစ်ခုပြောချင်တာက မန်ယူမှာ ဘုရင်တစ်ပါးပဲရှိပြီး အဲဒီဘုရင်က ကျွန်တော်ပါ။ တကယ်လို့ ခင်ဗျားဆန္ဒရှိမယ်ဆိုရင်တော့ မန်ယူရဲ့ မင်းသားတစ်ပါးဖြစ်နိုင်ပါတယ်”ဟု ထည့်သွင်းပြောဆိုခဲ့သည်။

အဆိုပါပြောဆိုမှုနှင့် ပတ်သက်၍ တိုက်စစ်မှူး အီဘရာဟီမိုဗစ်က “ကန်တိုနာရဲ့ ပြောဆိုမှုကို ကျွန်တော်ကြားသိရပါတယ်။ သူ့အတွက်လည်း ကျွန်တော်ဂုဏ်ယူမိတယ်။ ဘာကြောင့်လည်းဆိုတော့ ကန်တိုနာဟာ ကျွန်တော်လေးစားရသူတစ်ဦးဖြစ်တာကြောင့်ပါ။ ဒါပေမယ့် ကန်တိုနာသိသင့်တာက ကျွန်တော်ဟာ မန်ယူရဲ့ဘုရင်တစ်ပါးဖြစ်လာမှာ မဟုတ်ဘဲ မန်ယူရဲ့နတ်ဘုရားတစ်ပါးဖြစ်လာမယ်ဆိုတာပါပဲ”ဟု တုံ့ပြန်ပြောဆိုခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့သူ ကန်တိုနာအား မန်ယူအသင်းပရိသတ်များက King Eric ဟု အမည်ပြောင်ပေးခဲ့ကြသည်။




# အနာဂတ်ကို လူငယ်တွေနဲ့ ခရီးဆက်မယ့် ဘုန်းမောက်

**ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာတော့ အောက်တန်းအသင်းဖြစ်တဲ့ လက်စတာဟာ ပရီမီယာလိဂ်ချန်ပီယံဖြစ်သွားပြီး ကမ္ဘာ့ဘောလုံးသမိုင်းစာမျက်နှာမှာတော့ အတောက်ပဆုံးဖြစ်ခဲ့ပါတယ်။ ဒါကြောင့် လက်စတာအသင်းနဲ့ယှဉ်ရင်တော့ ဘုန်းမောက်အသင်းရဲ့ အောင်မြင်မှုကတော့ ထင်သလောက်မတောက်ပခဲ့သလို ပရီမီယာလိဂ်မှာ တန်းတင်ကျန်ဖို့ကို အပြင်းအထန်ကြိုးစားခဲ့ရပါတယ်။**

### ရုန်းကန်ခဲ့ရတဲ့ရာသီ

ဘုန်းမောက်အသင်းရဲ့ မန်နေဂျာ ဟိုဝီဟာအသင်းကို အရိုးရှင်းဆုံးနဲ့ အကောင်းဆုံးကိုင်တွယ်ပြီး ဘုန်းမောက်အသင်းကို ပရီမီယာလိဂ်ကို ပထမဦးဆုံးတန်း တက်ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့သူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက အသင်းဟာ ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရပေမယ့် စိတ်ရှည်သည်းခံစွာနဲ့ အသင်းကို အကာင်းဆုံးကိုင်တွယ်ပြီး တန်းဆင်းဇုန်ကနေလွတ်အောင် ကြိုးစားနိုင်ခဲ့တာကြောင့် မန်နေဂျာဟိုဝီရဲ့ အရည်အချင်းကတော့ ချီးကျူးစရာဖြစ်ခဲ့ပါတယ်။

ဘုန်းမောက်အသင်းဟာ ပြီးခဲ့တဲ့နှစ်ရာသီ မစခင်ကတည်းက အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ အစ်ဝုစ်ချ်အသင်းကနေ ခံစစ်မှူး ဒီနွန်မင်း ခေါ်ယူခဲ့သလို စိန့်အေတီယန်တိုက်စစ်မှူး ဂရာဒဲလ်တို့ကို ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီကစားသမားနှစ်ဦးစလုံးဟာ အသင်းရဲ့ပွဲကျပ်ကာလတွေမှာတော့ ဒဏ်ရာပြဿနာတွေကြောင့် အနားယူနေခဲ့ရပါတယ်။ ဘုန်းမောက်အသင်းရဲ့ ကံဆိုးမှုတွေဟာ အဲ့ဒီမှာတင် မရပ်တန့် နိုင်ခဲ့ပါဘူး။ စက်တင်ဘာလအကုန်မှာလည်း ဘုန်းမောက်အသင်းရဲ့ထိပ်တန်း ဂိုးသွင်းရှင်တစ်ဦးဖြစ်တဲ့ ဝီလ်ဆန်ဟာ ဒဏ်ရာရသွားခဲ့ပါတယ်။ ဒါတွေကြောင့်လည်း ဘုန်းမောက်အသင်းရဲ့ ပြီးခဲ့တဲ့ရာသီဟာ ပိုမိုခက်ခဲမှုတွေကြုံတွေ့ခဲ့ရတဲ့ရာသီအဖြစ် ရှိနေခဲ့ပါတယ်။

### နွေရာသီဈေးကွက်

ဒီနှစ်နွေရာသီဟာ ဘုန်းမောက်အသင်းတွက်တော့ အလုပ်အများဆုံးရာသီလို့တောင် ဆိုရမှာဖြစ်ပါတယ်။ ကစားသမားဟောင်းတွေက အသင်းကနေထွက်ခွာပြီး ကစားသမားသစ်တွေကတော့ အသင်းကိုထပ်မံရောက်ရှိလို့ နေပါတယ်။ အသင်းရဲ့ ခေါင်းဆောင်အီလီပစ်ဟာ ဗီလာအသင်းကို ပြောင်းရွှေ့သွားခဲ့သလို စလာဗိန်းအစွတင်ကလည်း အသင်းနဲ့စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်တာကြောင့် အသင်းကနေထွက်ခွာသွားခဲ့ပါပြီ။ ဂလင်းမာရေးနဲ့ တွမ်လင်တို့လည်း အသင်းကနေထွက်ခွာသွားခဲ့ပါတယ်။ အဲ့ဒီလို ထွက်ခွာမှုတွေထဲမှာမှ အသင်းအတွက် အရေးကြီးဆုံးနဲ့ပရိသတ်တွေ စိတ်မကောင်းအဖြစ်ဆုံးကစားသမားကတော့ မက်ရစ်ချီဖြစ်ပါတယ်။ ရစ်ချီဟာ ဘုန်းမောက်အသင်းနဲ့ လိဂ်ဝမ်းကတည်းက လက်တွဲလာခဲ့သူဖြစ်ပြီး အသင်းမှာ ၁၂၆ ပွဲကစားပြီး ၃၁ ဂိုး သွင်းယူပေးထားသူဖြစ်ပါတယ်။

### လူငယ်တွေနဲ့တည်ဆောက်မှု

ဒါပေမယ့် ဘုန်းမောက်အသင်းရဲ့ မန်နေဂျာဟိုဝီကတော့ အသင်းရဲ့လိုအပ်ချက်အရပ်ရပ်ကိုသုံးသပ်ပြီး လူငယ်ကစားသမားတွေနဲ့ ပရီမီယာလိဂ်ရာသီသစ်ကို စွန့်စားခန်းဖွင့်ဖို့ ကြိုးစားနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဘုန်းမောက်အသင်းဟာ ကစားသမားငါးဦး ခေါ်ယူထားပြီး အသက်ကြီးဆုံး ကစားသမား နာသန်အေကီတောင် ၂၁ နှစ်သာ ရှိပါသေးတယ်။ အေကီဟာ ပြီးခဲ့တဲ့ရာသီ ဝက်ဖို့ဒ်အသင်းမှာ အငှားဖြင့်သွားရောက်ကစားခဲ့ပြီး ခြေစွမ်းပြကစားနိုင်မှုတွေကြောင့် ဘုန်းမောက်အသင်းကို တစ်ရာသီအငှားနဲ့ ရောက်ရှိလာတာလည်းဖြစ်ပါတယ်။ သူဟာ ဘက်စုံရ နောက်တန်းကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ဘုန်းမောက်အသင်းဟာ အသင်းကနေထွက်ခွာသွားတဲ့ ရစ်ချီရဲ့နေရာမှာတော့ လီဗာပူးအသင်းကနေ ပေါင် ၁၅ သန်းနဲ့ ခေါ်ယူထားခဲ့တဲ့ ဂျော်ဒန်အိုက်ကိုတော့ အစားထိုးဖို့ရှိပါတယ်။ ဒါ့အပြင် အသက် ၁၉ နှစ်အရွယ် ရှိလီဝီကွတ်ကိုလည်း လိဒ်စ်အသင်းကနေ ခေါ်ယူထားခဲ့ပါတယ်။ အသက် ၁၉ နှစ်အရွယ် လီဝီကွတ်ဟာ ပြီးခဲ့တဲ့ရာသီက လိဂ်ချန်ပီယံရှစ်ရဲ့ အကောင်းဆုံး လူငယ်ကစားသမားဆုရရှိထားခဲ့သူဖြစ်တာကြောင့် ဂါရတ်ဘေးလ်၊ ဒါလီအလီတို့ရဲ့ခြေရာကို နင်းနိုင်မယ့်ကစားသမားတစ်ဦးအဖြစ် မျှော်လင့်နေကြတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ လီဟာဗေးအသင်းကနေ ခေါ်ယူထားခဲ့တဲ့ တိုက်စစ်မှူး မိုဆက်နဲ့ ဖူလ်ဟမ်အသင်းကနေခေါ်ယူထားတဲ့ ကွင်းလယ်ကစားသမား ဟိုင်မန်တို့ရဲ့ အသက်တွေဟာ ၂၀ လောက်သာရှိပါသေးတယ်။

ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက အဓိကကစားသမားတွေ ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်ခဲ့ရတဲ့ဘုန်းမောက်ဟာ ဒီနှစ်ရာသီမှာတော့ အသင်းကို အင်အားဖြည့်တင်းမှုတွေလုပ်ဆောင်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိဖြည့်တင်းမှုတွေမှာတော့ လူငယ်ကစားသမားတွေကိုသာ အဓိကထားခေါ်ယူနေတာဖြစ်တာကြောင့် အနာဂတ်ကို လူငယ်တွေနဲ့တည်ဆောက်နေတဲ့ ဘုန်းမောက်အနေနဲ့ လာမည့်ရာသီသစ်မှာ ဘယ်လောက်အထိ အောင်မြင်မှုတွေရရှိလာမလဲဆိုတာကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**အောင်က**

## နွေရာသီဈေးကွက်အတွင်း မန်ယူသည် ဥရောပကလပ်များအနက် ကစားသမားသစ်ခေါ်ယူမှုအတွက် ငွေသုံးအများဆုံးအသင်းဖြစ်နေ

ယခုနွေရာသီဈေးကွက်ကာလအတွင်း ဥရောပကလပ်များ၏ ကစားသမားခေါ်ယူမှုအတွက် ငွေကြေးသုံးစွဲမှုတွင် မန်ယူအသင်းက အများဆုံးဖြစ်နေကြောင်း ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်တွင် ထွက်ပေါ်ခဲ့သည့် သတင်းတစ်ပုဒ်၌ ရေးသားဖော်ပြထားသည်။

ဥရောပထိပ်တန်းအသင်း ၁၀ သင်း၏ ယခုနွေရာသီအတွင်း ကစားသမားသစ်ခေါ်ယူမှုအတွက် စုစုပေါင်း အသုံးပြုငွေမှာ ယူရိုသန်း ၅၅၀ ရှိပြီဖြစ်သည်ဟု ဆိုသည်။

မန်နေဂျာသစ် မော်ရင်ညိုတာဝန်ယူမည့် မန်ယူအသင်းသည် ဗီလာရီးရဲခံစစ်မှူး ဘိုင်လေ၊ ဒေါ့မွန်တောင်ပံကစားသမား မီခီတာရန်တို့အား ခေါ်ယူမှုအတွက် ယူရို သန်း ၈၀ အသုံးပြုထားပြီး မာဆေးအသင်း တိုက်စစ်မှူး ဘက်ရှုရီ၊ လက်စတာအသင်းကွင်းလယ်ကစားသမား ကန်တီတို့အား ခေါ်ယူထားသည့် ချယ်လ်ဆီးအသင်းသည် ကစားသမားသစ်ခေါ်ယူရေးအတွက် ယူရို ၇၈ သန်း သုံးစွဲထားပြီးဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ရေးသားထားသည်။





လက်ရှိအချိန်တွင် အင်္ဂလန်ပရီမီယာလိဂ်ကလပ်များဖြစ်သည့် မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့၏ ကစားသမားသစ်ခေါ်ယူမှုအတွက် စုစုပေါင်း အသုံးပြုငွေမှာ ယူရို ၂၀၅ သန်းရှိသည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်း မန်နေဂျာသစ် ကွန်တီအနေဖြင့် ကစားသမားသစ်ခေါ်ယူရေးကို အဆုံးသတ်ဖွယ်မရှိသေးသကဲ့သို့ မန်ယူနှင့် မန်စီးတီးအသင်းတို့သည်လည်း ပေါလ်ပေါ့ဂ်ဘာ၊ ဘိုနူချီ စသည့်ကစားသမားများအား ပြောင်းရွှေ့ကြေးအများအပြားဖြင့် ခေါ်ယူဖွယ်ရှိနေခြင်းကြောင့် အင်္ဂလန်ထိပ်တန်းကလပ်အသင်းများ၏ ယခုနွေရာသီအတွင်း ကစားသမားသစ်ခေါ်ယူရေးအတွက် အသုံးပြုငွေမှာ ပိုမိုမြင့်တက်လာဖွယ်ရှိနေသည်။

အခြား ဥရောပထိပ်တန်းကလပ် တစ်သင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းသည်လည်း ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်ဇ်၊ ဒေါ့မွန်ခံစစ်မှူး ဟမ်မဲလ်တို့အား ခေါ်ယူရေးအတွက် ယူရို ၇၃ သန်း အသုံးပြုထားပြီးဖြစ်သည်။

■




## မိုနာကိုခံစစ်မှူး ဖာဘင်ဟိုအား မန်ယူအသင်း ပစ်မှတ်ထားနေ

မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုသည် မိုနာကိုအသင်း ညာတောင်ပံခံစစ်မှူး ဖာဘင်ဟိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် ဘရာဇီးခံစစ်မှူး ဖာဘင်ဟို(၂၂နှစ်)အား ခေါ်ယူရန် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းကလည်း စိတ်ဝင်စားမှုရှိခဲ့သည်။ မိုနာကိုအသင်းတာဝန်ရှိသူများက ယခုနွေရာသီအတွင်းတွင် ဖာဘင်ဟိုအနေဖြင့် အသင်းမှထွက်ခွာခွင့်ရှိသည်ဟု ကြေညာခဲ့ပြီးနောက် မန်ယူအသင်းက ဖာဘင်ဟိုကိုခေါ်ယူရန် ပြန်လည်စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ဘရာဇီးလက်ရွေးစင်အသင်းအတွက် လေးပွဲပါဝင်ကစားထားသူ ခံစစ်မှူး ဖာဘင်ဟိုအား နာပိုလီနှင့် မန်စီးတီးအသင်းတို့ကလည်း စိတ်ဝင်စားမှုရှိနေသည်။ ယခုလအစောပိုင်းတွင် နာပိုလီအသင်းက ခံစစ်မှူး ဖာဘင်ဟိုအား ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းကို မိုနာကိုအသင်းက ပယ်ချခဲ့ပြီး ဖာဘင်ဟို၏ ပြောင်းရွှေ့ကြေးတန်ဖိုးမှာ ပေါင် ၂၅ သန်းဖြစ်ကြောင်း ကြေညာထားသည်။

ခံစစ်မှူး ဖာဘင်ဟို၏ အေးဂျင့်သည် မန်ယူမန်နေဂျာ မော်ရင်ညို၏အေးဂျင့်အဖြစ် တာဝန်ယူနေသူ ဂျော့ဘ် မန်ဒက်စ်ပင်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ပေါ်တူဂီကလပ် ရီယိုအေ့ဗ်အသင်းကစားသမားဟောင်း ဖာဘင်ဟိုသည် ၂၀၁၂-၁၃ ခုနှစ် ဘောလုံးရာသီတွင် မော်ရင်ညိုတာဝန်ယူနေသည့် ရီးရဲမက်ဒရစ်အသင်းသို့ အငှားဖြင့်ပြောင်းရွှေ့ခဲ့ဖူးသူဖြစ်ပြီး ရီးရဲပထမအသင်းအတွက် တစ်ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ကာ ရီးရဲမက်ဒရစ်(B)အသင်းနှင့်အတူ ပွဲ ၃၀ ပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

ခံစစ်မှူး ဖာဘင်ဟိုသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် မိုနာကိုအသင်းအတွက် စုစုပေါင်း ၄၇ ပွဲ ပါဝင်ကစားခဲ့ကာ ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်




# သောကြာနေ့တိုင်းမှာ

ငွေဖြည့်ပြီး

# အပိုဆု

ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

- E-Topup ဖြင့်ငွေဖြည့်လျှင် အပိုဆုနှစ်မျိုး ရယူနိုင်ပါပြီ။
- ဇူလိုင်လ (၁၅)ရက်နေ့မှ စတင်၍ MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
  (Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)
- အပိုဆုငွေများဖြင့် MPT မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 call free 24 hours everyday




**August** လအတွက် ပျော်စရာခရီးစဉ်လေးတွေလာပါပြီရှင်

| | | | |
|---|---|---|---|
| သီရိလင်္ကာ အဖွဲ့လိုက်ခရီးစဉ် (ဗုဒ္ဓဘုရားဖူးလည်ပတ်) (၅ည/၆ရက်) 8 Aug - 13 Aug | တစ်ဦးလျှင် $1345 | အင်ဒိုနီးရှား အဖွဲ့လိုက်ခရီးစဉ် (၂ည/၃ရက်) 19 Aug - 21 Aug | တစ်ဦးလျှင် $350 |
| ဗီယက်နမ် အဖွဲ့လိုက်ခရီးစဉ် (ဟိုချီမင်း-မူးနေ-မိုင်သို) (၃ည/၄ရက်) 19 Aug - 22 Aug | တစ်ဦးလျှင် $423 | ချင်းမိုင် အဖွဲ့လိုက်ခရီးစဉ် (၂ည/၃ရက်) 19 Aug - 21 Aug | တစ်ဦးလျှင် $456 |
| ဘန်ကောက် - ကမ္ဘောဒီးယား အဖွဲ့လိုက်ခရီးစဉ် (၄ည/၅ရက်) 26 Aug - 30 Aug | တစ်ဦးလျှင် $880 | စင်ကာပူ အဖွဲ့လိုက်ခရီးစဉ် (၃ည/၄ရက်) 26 Aug - 29 Aug | တစ်ဦးလျှင် $720 |

ဖော်ပြပါဈေးနှုန်းများသည် စာရင်းပိတ်ပြီး ဈေးနှုန်းများဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိသောကြောင့်
**5 August** နောက်ဆုံးထားပြီး စာရင်းပေးကြပါရှင်

၀၁ ၂၄၆၃၃၇၊ ၂၄၆၃၃၈၊ ၂၅၄၁၇၈၊ ၃၉၂၈၇၀ ODYSSEY

**ပေါင်းကြွေပျောက်ဆုံးခြင်း**
ယာဉ်အမှတ် 4E-2925 ၏ ပေါင်းကြွေနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ပေါင်းကြွေနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညနရုံး(ရန်ကုန်တောင်ပိုင်း)

**EVER TOP** ဘာသာစကားသင်တန်းကျောင်း Ph:09254903604, 098770096, 0973040610
အမှတ်(၆၆/၆၈)၊ ၅လွှာ၊ အင်းစိန်လမ်း (စံရိပ်မြိုင်မှတ်တိုင်ရှေ့တည့်တည့်)

| ဂျပန် | အင်္ဂလိပ် | တရုတ် |
|---|---|---|
| ဦးအောင်ဆွေဦး၊ ဦးအေးသိန်း ဆရာမခင်ဝေလွင်၊ ဆရာမသက်ထား ဂျပန်စကားပြော (ပုံမှန်/အမြန်) 4-Skills (အခြေခံ/အဆင့်မြင့်) အလုပ်ဝင်အင်တာဗျူးအမြန် N5,N4,N3,N2,N1 စာမေးပွဲ လေ့ကျင့်မှုစာအုပ်များစေရောင်းသည်။ | ဦးပိုးမြင့်မောင် (Top English) (a) Saya William ဆရာအောင်စေအောင် 4-Skills(General) (၈၀၀၀) Phonetics Grammar+Writing နိုင်ငံခြားသွားအမြန်သီးသန့် စကားပြော ၃လမြတ်(၁၅၀၀၀) | ဆရာစိုင်းဆိုင်ခမ်းဝ် တရုတ်စကားပြော (၁၀၀၀၀) (နိုင်ငံထကကာသုံးအထိထွက်) **ကိုရီးယား** ဒေါ်ခင်ယုယုစမ်း EPS TOPIK / 4-Skills (မေးခွန်းထင်ရှားလက်စာအုပ်ရောင်းသည်) |

**ချာချီးယား ဒင်္ဂုမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## National Management Degree College (NMDC)

### FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
### အမှတ်စဉ် (၁၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် နှင့် STI Myanmar University Co., Ltd.တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ Certificate သင်တန်းအမှတ်စဉ်(၁၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (**CFS**)
(ခ) Certificate in Business Management (**CBM**)

၁။ တက္ကသိုလ်ဝင်တန်း **အောင်မြင်** ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ သင်တန်းကာလ(၆)လကြာမြင့်ပြီး ၂၀၁၆ခုနှစ် ဩဂုတ်လ (၁၃)ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် **Diploma, Advanced Diploma** သင်တန်းများမှတစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော **Bachelor of Business Administration (Finance & Banking / Management) BBA** ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ **BBA**ဘွဲ့ရရှိရန် သင်တန်းကာလစုစုပေါင်း (၃)နှစ်(၆)လကြာမြင့်ပါမည်။

၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ) နှစ်စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ် (၄၀၀)မှတ်နှင့်အထက် ရရှိသူများအတွက် **BBA** ဘွဲ့အထိ ပညာသင်ဆု လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ STI Myanmar University Co., Ltd. ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၀၉၄၂၀၁၃၁၇၃၀၊ ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၅၀၇၁၅၁/၅၂၊ ၀၉၄၂၀၂၅၄၈၇၂




ဒေါက်တာခင်မောင်လွင် (FAME) ရေးသားပြုစုသည့် ဂင်ဂိုပင် (*Ginkgo biloba* L.) ၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတအကြောင်းအရာများကို စုံလင်စွာဖော်ပြထားသော...

**ဆေးဖက်ဝင်ကမ္ဘာဦးပင်**

အမြို့မြို့အနယ်နယ်ရှိ City Mart နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ...

Ks 5,000

အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ရန်ကုန်၊ Ph: 01-682199, 685083, 685609
Fax: 95-1-680122, E-mail: marketing@famepharma.com, FAME Pharmaceuticals

အရည်အသွေးဆိုင်ရာတိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု(ဂျီနီဗာ – ၂၀၁၀)နှင့် Certificate ရ
**ဖျံ-၅-ကောင်** တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော
ဖျံ-၅-ကောင်အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေး၊ ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးတိုးကျဆေး၊ ရှားစောင်းလက်ပပ်ချက်ဆေး၊ နလုံးဆေး၊ အသည်းဆေး၊ နလုံးအားတိုးဆေး၊ အမြုံဆင်းရောဂါသောက်ဆေးနှင့် ပြည်လုံးကျွန်းမာ မီးယပ်သွေးပုပ်ချဆေးများကို ရန်ကုန်မြို့ နှင့် မန္တလေးမြို့ ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် – တဆခက(စာနယ်ဇင်း) ၀၇၅/၀၈၀၃
ပိုင်ရှင် – ဒေါက်တာစိုးမြင့်အောင် (ဓါးခယောမ) Ph.D (Alternative Medicines)
အမှတ် – ၁၃၁ (မြေညီထပ်) ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ☎ ဖုန်း - ၃၈၀၁၇၅ / ၃၉၂၅၉၄

**iStock®** ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

**Contact Us ...**
YGN 09-254151516, 09-43029798, 09-43064181
MDY 09-440067577, 09-978030881
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

SAMSUNG

Galaxy J6

ပိုမိုကောင်းမွန်သော ဘဝအတွက် Galaxy J5 | J7 2016







SAMSUNG Galaxy J7 6

SAMSUNG Galaxy J5 6

ဒေတာသုံးစွဲမှု ကုန်ကျစရိတ် ကိုသက်သာစေမည့် Ultra-Data Saving mode*

မြန်မာနိုင်ငံတွင် လိုင်းဆွဲအားအကောင်းဆုံး Best Signal

မယ်ထ္တာလက်ဆောင် 16GB Micro SD Card

(*ဒေတာလျှော့ချမှုတွင် Youtube နှင့် Web Browser သုံးစွဲခြင်း အတွက်သာလျှော့ချပေးသည်။ Facebook နှင့် COC သုံးစွဲခြင်း မပါဝင်ပါ။)

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

SAMSUNG

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
Ph: 09254009334, 09254009335, 09254009336

ရှားရှားပါးပါး
စော်ဘွားကြီးကုန်းဈေးကွက် ၂ ထပ် ၂ ခန်းတွဲ ဆိုင်ခန်း
(ဘဏ်၊ Showroom ကြီးများအတွက် သင့်တော်)

မျက်နှာဖွင့် ၅၆ ပေ။ ၂ ထပ်ခွဲ (အပေါ်ထပ် ကွန်ကရစ်ဆလပ်အပြည့်လောင်းပြီး)။
မြေညီ အမြင့် ၁၄'ခန့်၊ 'ပထပ်' အမြင့် ၁၂'၊ 'ဒုထပ်' အမြင့် ၁၀' (ထပ်ခိုးတဝက်)၊ မီတာ ၂ လုံး။Showroom အတွက်
မီး ၈၀% ဆင်ပြီး။ နောက်မြေပို ၈ပေ။Showroom ရှေ့သီးသန့် ကားရပ်ရန်အဆင်ပြေ။
စော်ဘွားကြီးကုန်းအတွင်း အထူးသီးသန့်နေရာ၊ ဘဏ်များဝင်းအတွင်း။



မျက်နှာဖွင့် ၂၈ ပေ (Total area - 2304 Sqft ခန့်) - သိန်း ၆၉၀၀
(1 sqft 2.9 သိန်းခန့်)
မျက်နှာဖွင့် ၅၆ ပေ (Total area - 4208 Sqft ခန့်) - သိန်း ၁၃၈၀၀
ရုံးချိန်အတွင်း - 09-799 666 072, 09-3022 5694, 09-731 77557

21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ဆူးလေဘုရားလမ်း/ကမ္ဘာအေးဘုရားလမ်း/ပန်းဆိုးတန်းဂုံးတံတား/ဗိုလ်ချုပ်လမ်းSAKURAရှေ့/ပြည်လမ်းစော်ဘွားကြီးကုန်း)
ပုသိမ် (မဟာဗန္ဓုလလမ်းမ တက္ကသိုလ်ရှေ့)
ပြည် (ရန်ကုန်ပြည်လမ်းမပေါ်သဘော်ဆိပ်လမ်းထောင့်/နဝဒေးလမ်းဆုံ)
မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်/ပြည်ထောင်စုလမ်းနှင့် အောင်မင်္ဂလာ ၂လမ်းထောင့်)
မော်လမြိုင် (အထက်လမ်းမကြီးနှင့်အရာတော်လမ်းထောင့်)
တောင်ငူ (ရန်ကုန်မန္တလေးလမ်းမပေါ် ထီးနီးကုန်းကျောင်းရှေ့)
မိတ္ထီလာ (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမပေါ် သိဒ္ဓိအောင်လမ်းထောင့်)
ရန်ကုန် - မန္တလေးအမြန်လမ်း (လှည်းကူး TOLL-GATE/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်REST CAMP/နေပြည်တော်အဝင်စီလမ်းဆုံ)

KING MAKER

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

" မြန်မာနိုင်ငံတွင် (၁)နှစ်၊ စင်ကာပူ (၁)နှစ်၊ ဩစတြေးလျနိုင်ငံတွင် (၁)နှစ်ခွဲ ဖြင့် ကုန်ကျစရိတ်သက်သာစွာ ဩစတြေးလျဘွဲ့ ရယူနိုင်မည့် အခွင့်အရေးများအကြောင်းဆွေးနွေးပွဲ "

CROWN EDUCATION
Award Winning Company

23 Jul (Sat), 2016
10:00 am - 12:00 noon
CROWN Education Center

JCU SINGAPORE

ဩစတြေးလျဘွဲ့အတွက် မြန်မာနိုင်ငံတွင် ပြင်ဆင်ပြီး စင်ကာပူနှင့် ဩစတြေးလျတွင် သင်ယူနိုင်မည့် အစီအစဉ်

ဩစတြေးလျဘွဲ့ယူမယ်ဆို စီးပွားရေးနဲ့အိုင်တီ ဘာသာရပ်များအတွက် သိထားသင့်သည့်အကြောင်းများ

သင်ယူနိုင်မည့်ဘာသာရပ်များ
- Business Management
- Business Intelligence & Information System
- MIT
- Business & Environemntal Science
- Tourism & Hospitality
- MBA
- Information Technology
- Psychology
- Accounting

ဩစတြေးလျ အလုပ်အကိုင်အခွင့်အရေးနှင့် ပတ်သက်ပြီး မြန်မာကျောင်းသားများ သိထားရ ရွေးချယ်သင့်သည့် ဘာသာရပ်များအကြောင်းနှင့် Skilled Occupation List အကြောင်း



CALL US : 01 527 838, 09 450 200 040, 09 450 200 090

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၂)၊ မြေကွက်အမှတ် ၉၃၈၊ မြေကွက်တည်နေရာအမှတ် ၉၃၈၊ ဦးလင်းလမ်း၊ (၄၂)ရပ်ကွက်၊ဒဂုံမြောက်၊ ဦးထွန်းမြိုင် (AB-၀၃၈၁၅၃) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြိုင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးငွေ ၁၂/ကမရ(နိုင်)၀၂၂၆၉မှ တစ်ဦးတည်း သောတရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ မိသားစုသန်းခေါင်စာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ထူးချွန်အောင်မြင် ဂုဏ်ထူးပန်းဆင်နိုင်ရန် လေ့လာ၊ လေ့ကျင့် ကျက်မှတ်ဖို့ တိကျပြည့်စုံသော မှတ်စုရှိရမည်။

ကျောင်းသားအများဆောင် ရွှေလက်ဆောင်

တက္ကသိုလ်ဝင်စာမေးပွဲ ၂၀၀၂ မှ ၂၀၁၆ ထိ

ဘာသာစုံ မေးခွန်းဟောင်းများနှင့် စံပြအဖြေများ

အကောင်းဆုံး လမ်းညွှန်မှတ်စု

တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

ထွက်နေပြီ

မေးခွန်းပုံစံများနှင့် ဖြေဆိုပုံဖြေဆိုနည်းလမ်းညွှန်

၂၀၁၅–၂၀၁၆ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် မေးခဲ့သော

အဋ္ဌမတန်း

ကျောင်းသားအများဆောင် ရွှေလက်ဆောင်

ဘာသာစုံ မေးခွန်း (၃၄) စုံ

တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

ပညာရေးအတွက်ဆိုရင် စေတနာနှင့်ပညာပြည့်ဝသော ရွှေလက်ဆောင် ကိုသာ ရွေးချယ်လိုက်ပါ။

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။



ဒသမတန်း သင်ရိုးနှင့်မေးခွန်းပုံစံ မပြောင်းလဲပါ။

သို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်လိုသူ ကျောင်းသား/သူများသည် မေးခွန်းဟောင်းအပြည့်အစုံကိုသိထားရမည်။ လေ့လာလေ့ကျင့်ထားရမည်။

လက်ဆောင်သစ်
Reg. 3616/2010

၂၀၀၂ မှ ၂၀၁၆ ထိ

တက္ကသိုလ်ဝင် စာမေးပွဲ

မေးခွန်းဟောင်းများစုစည်းချက်

ဘာသာစုံ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

ထွက်နေပြီ

ပညာရေးအတွက်ဆိုရင်
စေတနာနှင့်ပညာပြည့်ဝသော ရွှေလက်ဆောင် ကိုသာ ရွေးချယ်ပါ။

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန

# လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၁/၂၀၁၆**
**၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁၄ရက်**
**၂၀၁၆ခုနှစ် ဇူလိုင် ၁၈ရက်**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ကျွမ်းကျင်သူ(အဆင့်-၄)လစာနှုန်း(ကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တောအုပ်ကြီး(၇၆)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သိပ္ပံ(သစ်တော)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) ၁၈-၇-၂၀၁၆ရက်တွင် အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက်သစ်တောဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်သို့ ၁၈-၈-၂၀၁၆ရက် အရောက်ပေးပို့လျှောက်ထားရမည်။

(က) ဘွဲ့လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြနိုင်ရမည်။)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့်ပြစ်မှု/မှုခင်းကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်အသား ဖော်ပြရန်)

(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ၂၀၁၆ခုနှစ်အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်ရက်နှင့်အချိန်၊ နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များဖြေဆိုရပါမည်။

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်)မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက် ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက် သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၅၁၀၈၊ ၀၆၇-၄၀၅၀၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာများကို www.fdmoecaf.gov.mm.websiteတွင် downloadရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၃၇၄၅၅ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၈/မဘန(နိုင်)၀၈၈၅၄၇က (ကမ-၃) ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်နိုင်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8166 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

ဇန်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (C)မှ မမရန်ခေါန်ထွယ်၏ ဖခင်အမည်မှန်မှာ ဦးမရန်ရော်ဘင်း ၁/ဗမန(နိုင်)၀၁၆၁၀၀ဖြစ်ပါကြောင်း။

**ဦးမရန်ရော်ဘင်း**

### အမည်မှန်

ကျိုက်ပျော်မြို့နယ်၊ ကွင်းဘောကျေးရွာနေ ၁၄/ကပန(နိုင်)၀၉၁၃၉၃ ဦးစိန်ဂေါင်း၏ အမည်မှန်မှာ ဦးစိန်မြဝင်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ တက်ဝန်မြောက်ရွာ အထက၊ နဝမတန်း(A)မှ မခိုင်ဇာဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးမြတ်ကျော် ၈/နမန(နိုင်) ၁၄၅၄၅၃ဖြစ်ပါကြောင်း။

**ဦးမြတ်ကျော်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8166 MAZDA CX S/W (4x2)L ယာဉ်လက်ဝယ်ရှိသူ AUTO MOBILE ALLIANGE Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### အမည်မှန်

တောင်ငူမြို့ လေးမိုင်မူလတန်းကျောင်း ဒုတိယတန်းမှ ကျောင်းဝင်အမှတ် (၃၈/၁၆)ဦးမြင့်ဇော်၏ သမီး မစံသီ၏ အမည်မှန်မှာ မစန်းသီတာဖြစ်ကြောင်း။ **မစန်းသီတာ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1125 Mitsubishi Canter LT(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်စန်း ၁၂/ဒလန(နိုင်)၀၀၅၂၂၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၆) ပဉ္စမတန်း (E)မှ မောင်ခါးလီ၏ ဖခင်အမည်မှန်မှာ ဦးလရှီးနော် ၁၃/တယန (နိုင်) ၀၁၁၉၇၈ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရှမ်းပြည်နယ်၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ဦးပိုင်အမှတ် (၆၄)၊ မြေဧရိယာ ၀ဒသမ၁၄၅၈ကေနှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကျန်ရှောက်ဂူ ၁၃/ကလတ(နိုင်)၀၂၂၉၄၉က ဂရန် အမည်ပေါက် တရားဝင်ပိုင်ဆိုင်သူတစ်ဦးဖြစ်ရာ အထက်ပါအမည်ပေါက် ဂရန်မူရင်းမှာ ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိတို့ကို တင်ပြ၍ ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**လားရှိုးမြို့**

### အမည်ပြောင်း

မူဆယ်မြို့၊ အထက (၁)၊ စတုတ္ထတန်း(က)မှ မဆင်းယုံ ဦးရှင်ချမ်း- ဒေါ်ဟော်ဆိုင်တွမ်တို့၏ သမီးအား မဆင်းဆုံဟု ပြောင်းလဲခေါ်ပါရန်။

**ဦးရှင်ချမ်း၁၃/မညန(နိုင်)၀၇၁၁၅၃**

### အမည်မှန်

မူဆယ်မြို့၊ အထက (၁)၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် နဝမတန်း(ခ)တွင် ပညာသင်ကြားခဲ့သော စိုင်းအိုက်ဆိုင်လှိုင်း၏ အမည်မှန်မှာ စိုင်းအိုက်လျှန်းဖြစ်ပါကြောင်း။

**စိုင်းအိုက်လျှန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၃၂၇၈၊ Jialing JL 90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာ ၉/မခန(နိုင်)၀၁၆၅၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/8219၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# မလေးရှားနိုင်ငံ၌ လေယာဉ်စရိတ်အခက်အခဲကြောင့် မပြန်နိုင်သည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

မလေးရှားနိုင်ငံရှိ Pekan Nenas၊ Bukit Jalil၊ Melaka နှင့် Belantik ထိန်းသိမ်းရေးစခန်းလေးခုတွင် ဥပဒေအရ ပြစ်ဒဏ်များကျခံပြီးသော်လည်း လေယာဉ်စရိတ်အခက်အခဲကြောင့် မြန်မာနိုင်ငံသို့မပြန်နိုင်သည့် ရွှေ့ပြောင်းအလုပ်သမားများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ပူးပေါင်းစီစဉ်မှု၊ စေတနာရှင်များ၏ပါဝင်ကူညီမှုဖြင့် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသား အတည်ပြုနိုင်သည့် ရွှေ့ပြောင်းအလုပ်သမား ၅၆၀ အား MAI လေယာဉ်တစ်ခေါက်လျှင် လူဦးရေ ၁၄၀ စီဖြင့် လေယာဉ်လေးခေါက် စေလွှတ်ခေါ်ယူသွားရန်စီစဉ်ထားကြောင်း သိရသည်။

စီစဉ်လှူဒါန်းသူစေတနာရှင်များမှ မြန်မာနိုင်ငံသို့ရောက်ရှိပါက တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီထောက်ပံ့၍

*စာမျက်နှာ ၇ ကော်လံ ၁* ❍



မြန်မာအသင်းနှင့် ထိုင်းအသင်း ပြိုင်ပွဲမတိုင်မီက မန္တလာသီရိကွင်း၌ ခြေစမ်းကစားခဲ့စဉ်

# မြို့ကြီး ၂၄ မြို့၌ မယ်စကြာဝဠာရွေးပွဲများ ပြုလုပ်မည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၇ ခုနှစ် မယ်စကြာဝဠာ (Miss Universe) ပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်တစ်ဦးအား ရွေးချယ်ပေးရန် မန္တလေးမြို့အပါအဝင် မြို့ကြီး ၂၄ မြို့တွင် အလှမယ်ရွေးချယ်ပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း မယ်စကြာဝဠာ မန္တလေး ၂၀၁၆ မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မယ်စကြာဝဠာ မန္တလေး ၂၀၁၆ ပြိုင်ပွဲအနေနဲ့ ဇူလိုင် ၁၅ ရက်က ဟိုတယ်မန္တလေးမှာ နောက်ဆုံးဆန်ခါတင် ၂၀ ရွေးချယ်ခဲ့ပါတယ်။ လျှောက်ထားသူ ၅၀ ရှိတဲ့အနက် ဆန်ခါတင် ၂၀ ကို ကျွမ်းကျင်ဒိုင်အဖွဲ့နဲ့ ရွေးချယ်ခဲ့တာပါ။ နောက်ဆုံး တစ်ဦးကိုတော့ ဩဂုတ် ၇ ရက်မှာ မန္တလေး မြို့တော်ခန်းမမှာ ရွေးချယ်ပေးသွားမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ဒုတိယအကြိမ် မယ်စကြာဝဠာ မန္တလေး ၂၀၁၆ ပြိုင်ပွဲ နောက်ဆုံးဆန်ခါတင် ၂၀ အား ဗိုလ်တထောင်ဆိပ်ကမ်း ရေပေါ်ဟိုတယ်၌ ကိုယ်ဟန်ပြကွက်ကို တွေ့ရစဉ်

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဇူလိုင် ၂၆ ရက်မှစ၍ မန္တလေး၌ ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**မန္တလေး ဇူလိုင် ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှစ၍ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအမျိုးသမီးအသင်းသည် အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဩစတြေးလျ ယူ-၂၀၊ မလေးရှား၊ တီမော အသင်းတို့နှင့်အတူပါဝင်နေပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်အထိ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို ဩဂုတ် ၂ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်တွင် ကျင်းပမည် ဖြစ်သည်။ အိမ်ရှင်မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖

## ချင်းတွင်းမြစ်ရေ မင်းကင်းမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မင်းကင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အယူခံဝင်ရောက်မှုအောင်မြင်သဖြင့် BBC သတင်းထောက် ထောင်မှလွတ်

**မန္တလေး ဇူလိုင် ၂၁**

ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှဟန့်တားရန် မိမိအလိုအလျောက်နာကျင်စေမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၃၂) ဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးမှ BBC သတင်းထောက် ကိုနေမျိုးလင်းအား ဇွန် ၆ ရက်က အလုပ်နှင့်ထောင်ဒဏ် သုံးလအမိန့်ချမှတ်ခဲ့သည့်အပေါ် အယူခံဝင်ခဲ့ရာ မန္တလေးခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ဦးဖြိုးဖြိုးက ဇူလိုင် ၂၁ ရက်တွင် ကိုနေမျိုးလင်း၏ ထောင်ဒဏ်သုံးလအစား တစ်လခွဲသို့ ပြစ်ဒဏ် လျှော့ပေါ့ပေးခဲ့သောကြောင့် လွတ်မြောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

BBC သတင်းထောက် ကိုနေမျိုးလင်းအား အလုပ်နှင့် ထောင်ဒဏ်သုံးလ ချမှတ်မှုနှင့်ပတ်သက်၍ ဇွန် ၁၅ ရက်က ခရိုင်တရားရုံးတွင် အယူခံဝင် လျှောက်ထားခဲ့ပြီး

*စာမျက်နှာ ၇ ကော်လံ ၁* ●



